မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်သင်

ပညာရေးအစီအစဉ်

တတိယနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU3116

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ – အနုပညာ (ပန်းချီနှင့်ဂီတ)

မူလတန်းအထူးပြု

ဆရာလမ်းညွှန်

# နိဒါန်း

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အစီအစဉ်အတွက် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဆရာအတတ်သင် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦး အနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန်လေ့လာ ကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ဆရာအတတ်သင် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ သင်ရိုးကို အပိုင်း (၂) ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ်နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ်နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ဆရာအတတ်သင် ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency–based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင် အစီအစဉ်ပါ သင်ရိုးကို သင်ယူပြီးချိန်တွင်လည်း ဆရာအတတ်သင် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ – အသုံးချ – ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn–apply–reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ကို ဖင်လန်အစိုးရက ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ........ က
မာတိကာ ........ ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ........ ၁
အခန်း ၃။ ပန်းချီအနုပညာ (၂) ........ ၆၃
၃.၁။ ပုံရေးဆွဲခြင်း ........ ၆၄
၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားပုံ နည်းလမ်းများ ........ ၆၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ ........ ၇၄
အခန်းငယ်အနှစ်ချုပ် ........ ၇၆
အဓိကအချက်များ ........ ၇၆
အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၇၆
ဆက်လက်ဖတ်မှတ်စရာများ ........ ၇၆
၃.၂။ လက်မှုပညာ ........ ၇၈
၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများ အသုံးပြု၍ အနုပညာပုံတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှုနည်းလမ်းများ ........ ၈၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ ........ ၈၉
အခန်းငယ်အနှစ်ချုပ် ........ ၉၁
အဓိကအချက်များ ........ ၉၁
အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၉၁
ဆက်လက်ဖတ်မှတ်စရာများ ........ ၉၂
၃.၃။ ရုပ်သံစား တန်ဖိုးထားခြင်း ........ ၉၃
၃.၃.၁။ ဇာတ်ကြောင်းများ အသုံးပြု၍ ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားသည့် နည်းလမ်းများ ........ ၉၅

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ..................................၁၀၂
အခန်းငယ်အနှစ်ချုပ်..........................................................................၁၀၅
အဓိကအချက်များ ..........................................................................၁၀၅
အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း ..................................................၁၀၅
ဆက်လက်ဖတ်မှတ်စရာများ..................................................................၁၀၆
၃.၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း ..................................................၁၀၇
၃.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း.....................၁၀၈
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ................................ ၁၁၆
အခန်းငယ်အနှစ်ချုပ်..........................................................................၁၁၈
အဓိကအချက်များ ..........................................................................၁၁၈
အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း ..................................................၁၁၈
အခန်း ၄။ ဂီတအနုပညာ (၂)......................................................................၁၁၉
၄.၁။ အကပညာ.......................................................................................၁၂၀
၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှုနည်းလမ်းများ....၁၂၁
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ..................................၁၂၈
အခန်းငယ်အနှစ်ချုပ်..........................................................................၁၂၉
အဓိကအချက်များ ..........................................................................၁၂၉
အခန်းငယ်ပြန်လည်သုံးသပ်စဉ်စားခြင်း..................................................၁၂၉
ဆက်လက်ဖတ်မှတ်စရာများ..................................................................၁၂၉
၄.၂။ အဆိုပညာ ......................................................................................၁၃၁
၄.၂.၁။ သင်ကြားရေးသီချင်းများ ရေးစပ်ခြင်း...............................................၁၃၂
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ..................................၁၄၂

အခန်းငယ်အနှစ်ချုပ်............................................................................ ၁၄၄
အဓိကအချက်များ ............................................................................ ၁၄၄
အခန်းငယ်ပြန်လည်သုံးသပ်စဉ်စားခြင်း................................................... ၁၄၄
ဆက်လက်ဖတ်မှတ်စရာများ.................................................................. ၁၄၄
၄.၃။ ဂီတတူရိယာများတီးမှုတ်ခြင်း ................................................................ ၁၄၅
၄.၃.၁။ ဂီတတူရိယာအမျိုးအစားများ ....................................................... ၁၄၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ................................. ၁၅၄
အခန်းငယ်အနှစ်ချုပ်.............................................................................. ၁၅၇
အဓိကအချက်များ ............................................................................ ၁၅၇
အခန်းငယ်ပြန်လည်သုံးသပ်စဉ်စားခြင်း.................................................... ၁၅၇
ဆက်လက်ဖတ်မှတ်စရာများ.................................................................. ၁၅၇
၄.၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း ..................................................... ၁၅၈
၄.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း ..................... ၁၅၉
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ................................. ၁၆၅
အခန်းငယ်အနှစ်ချုပ်.............................................................................. ၁၆၇
အဓိကအချက်များ ............................................................................ ၁၆၇
အခန်းငယ်ပြန်လည်သုံးသပ်စဉ်စားခြင်း.................................................... ၁၆၇
ခက်ဆစ်အဘိဓာန် ...................................................................................... ၁၆၈
ကျမ်းကိုးစာရင်း ........................................................................................ ၁၇၁
နောက်ဆက်တွဲများ .................................................................................... ၁၇၄
လက်ကမ်းစာစောင် (၁)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု
အနုပညာ (ပန်းချီ) သင်ပြမှုပုံစံရေးဆွဲခြင်း ................. ၁၇၄
လက်ကမ်းစာစောင် (၂)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု
အနုပညာ (ပန်းချီ) သင်ပြမှုပုံစံလွှာ............................ ၁၇၆
လက်ကမ်းစာစောင် (၃)။ အနုပညာ (ပန်းချီ) သင်ခန်းစာလေ့လာခြင်း အချင်းချင်း
စူးစမ်းမှုပုံစံလွှာ ........................................................ ၁၈၀

လက်ကမ်းစာစောင် (၄)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံရေးဆွဲခြင်း.................... ၁၈၃
လက်ကမ်းစာစောင် (၅)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံလွှာ ................................ ၁၈၅
လက်ကမ်းစာစောင် (၆)။ အနုပညာ (ဂီတ) သင်ခန်းစာလေ့လာခြင်း အချင်းချင်း စူးစမ်းမှုပုံစံလွှာ........................................................ ၁၈၉

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## အနုပညာဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ[၁]အား တတိယနှစ် အနုပညာ ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင်ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ အနုပညာဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့် တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## အနုပညာဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်သင်ကြားရေးအစီအစဉ်တွင် တတိယနှစ် အနုပညာ ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၂ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၈ ချိန်) စုစုပေါင်း စာသင်ချိန် (၂၀) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## တတိယနှစ် အနုပညာဘာသာရပ် ဆရာလမ်းညွှန်တွင် မည်သည့်အရာများပါဝင်သနည်း။

ဤ အနုပညာဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် အနုပညာဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

---

၁ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။


၂ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

တတိယနှစ် အနုပညာဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- ပန်းချီအနုပညာ (၁)
- ဂီတအနုပညာ (၁)
- ပန်းချီအနုပညာ (၂)
- ဂီတအနုပညာ (၂)

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ရရှိသွားမည့်တတ်ကျွမ်းမှုများ** ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာ တစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် –



**ရရှိသွားမည့် တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။



**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။



**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်း ဖြစ်သည်။




**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။** သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။




**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာဗဟုသုတရင်းမြစ်များအတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွှယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် ရည်ညွှန်းချက်များ ပါဝင်ပါသည်။



**လိုအပ်သော ရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့ လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။



**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင် သင်ကြားသင့်သည်။ သင်ယူမှု လုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။



**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာသင်ယူနိုင်ရေးအတွက် အလေးထား ရမည့် အချက်များရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက်ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။



**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်း အပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်းပြသခြင်း

(သို့မဟုတ်) အနှစ်ချုပ်၍ ပြန်လည်ပြောဆိုရှင်းပြခြင်းဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည် ဟူသော ညွှန်ကြားချက်များသည် **စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ** (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ အပေါ် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေ များကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအားခြုံငုံခြင်း ဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင်ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်း ဖြစ်သည်။ ဆရာတတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာပါ အကြောင်းအရာများတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ် ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာ အချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်မည့် အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း များသည် ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၏ အကျိုးကျေးဇူးများကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန်အတွင်း မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာ အချို့တွင် ကျောင်းသားများ၏ ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှု ပုံစံများအတွက် အလေးထားဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။


ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင် ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏ အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံးအနှစ်ချုပ်တွင် အောက်ပါတို့ပါဝင်သည် –



**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။



**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့ သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံ ဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။



**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများ အလိုက် ဖတ်စရာ ထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားတစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်

အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏ စာသင်ခန်း အတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှု လိုအပ်ချက်များ ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင် ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာအဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန် တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်တွင် ထည့်သွင်းရေးဆွဲထားပြီး ၎င်းသည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှု ဆိုသည်မှာ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝ အခြေအနေတွင် ပြန်လည်၍ အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင် ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။၃

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)** ။ သင်ယူမှုဆိုင်ရာအကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေ ပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။
- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)** ။ ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာ နှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင်လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာနားလည်သဘောပေါက်လာကြမည်ဖြစ်သည်။
- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း**။ ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ – တူညီသော အလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခို ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း – စသည်တို့ ဖြစ်သည်။၄

၃ Adapted from the Glossary of curriculum terminology. (UNESCO–International Bureau of Education, 2013).

၄ Lejenue's Collaborative Learning for Educational Achievement. (1999).

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်း တို့ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤအတန်းသည် ကျောင်းသားများကို အခြေခံပညာအဆင့်တွင် မြန်မာ့ရိုးရာကို အခြေခံပြီး ဂီတအနုပညာ (အဆို၊အက) နှင့် ပန်းချီအနုပညာ (ပန်းချီဆွဲခြင်းနှင့် ဆေးခြယ်ခြင်း) များကို သင်ကြားနိုင်ရန်အတွက် ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤအတန်း၏ ရည်ရွယ်ချက်မှာ ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းနှင့် လျော်ညီစွာ အနုပညာများဖန်တီးရာတွင် ကြင်နာသော စိတ်နေသဘောထားများနှင့် ကျွမ်းကျင်မှုများဖြင့် ကောင်းမွန်သောဆရာများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ဆရာများသည် အခြေခံပညာကျောင်းသားများ မိမိ၏ ရိုးရာ အနုပညာ၊ ဂီတနှင့် ယဉ်ကျေးမှုတို့အတွက် အလေးပေးမှုများရရှိစေရန် လုပ်ဆောင်မည် ဖြစ်သည်။ ဤအတန်းတွင်အဆို၊ အက၊ အတီး၊ ပန်းချီဆွဲခြင်းနှင့် လက်မှုပညာများ ပါဝင် ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကျောင်းသားများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ယူသော အပြုအမူများကို မြှင့်တင်ပေးခြင်းနှင့် အနုပညာကို သိမြင်ခံစားခြင်း စသည် တို့ကို လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများသည် ကျောင်းတွင် ပျော်ရွှင်မှုများရရှိစေရန် အကူညီထောက်ပံ့ပေးမည် ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အား ကိုးကားပြီး ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသားများသည် အနုပညာ၏ အခြေခံအသိပညာများနှင့် အနုပညာသင်ကြားခြင်း၏ သင်နည်းဗေဒဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင် အနုပညာဘာသာရပ် အသိပညာကို ပိုမိုနက်နက်နဲနဲ နားလည်သဘောပေါက်ရန် ထပ်မံသင်ယူရမည်ဖြစ်ပြီး မူလတန်း အနုပညာသင်ရိုးညွှန်းတမ်း၊ ညွှန်ကြားချက်နှင့် စစ်ဆေးအကဲဖြတ်မှုများကို ပိုမိုပြီး စနစ်တကျ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။

## အခြေခံပညာရေး ရည်မှန်းချက်များ

ဤ အနုပညာဘာသာရပ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာတွင် သတ်မှတ်ထားသော အနုပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ မူလတန်း ကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့်ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် သူငယ်တန်း၊ မူလတန်းအဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်သည် (ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၉)။

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန် နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှုအရည်အသွေး မြင့်မားရန်

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံ ကောင်းများရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံ အသိများနှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သူများဖြစ်ရန်

## မူလတန်းဆင့် အနုပညာ (ပန်းချီ) ဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

- အရောင်များနှင့် ပုံသဏ္ဍာန်များ အသုံးချမှုနှင့် ဖန်တီးမှုတို့မှတစ်ဆင့် အခြေခံပုံဆွဲ ပညာကိုမြှင့်တင်ပေးရန်။
- နေ့စဉ်ဘဝတွင် တွေ့မြင်ခံစား၊ စဉ်းစားမိသည်တို့ကိုအခြေခံ၍ အတွေးအခေါ်နှင့် ပုံဖော်ဖန်တီးနိုင်သော အရည်အသွေးတိုးတက်လာစေရန်။
- မိမိဒေသရှိ လက်ရှိအနုပညာများကို ခံစား၊ တန်ဖိုးထားတတ်စေရန်။

## မူလတန်းဆင့် အနုပညာ (ဂီတ) ဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

- ကလေးများ ကျောင်းနေပျော်၍ သင်ယူလိုစိတ် ပိုမိုထက်သန်လာစေရန်။
- ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။
- အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ခံစားချက်များ ဖြစ်တည် လာစေရန်။
- ဂီတနှင့် အကပညာအပေါ် ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှုနှင့် သရုပ်ဖော်နိုင်မှု စသည့် ခံစားချက်များ ဖြစ်တည်လာစေရန်။

## မူလတန်းဆင့် အနုပညာ (ပန်းချီနှင့် ဂီတ) ဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ အနုပညာဘာသာရပ်နှင့် ဆက်နွယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့်အရာများကို သိရှိထားသင့်ပြီး၊ ပညာရေးဒီဂရီကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့် အရာများ ရရှိတတ်ကျွမ်းသွားမည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ ၎င်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် အနုပညာသင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများအတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှု ရှိပါသည်။

**ဇယား (က)။ တတိယနှစ် အနုပညာဘာသာရပ်၊ မူလတန်းအထူးပြု ဆရာများအတွက် အဓိက တတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။** | (က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများ အရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေး အတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံ အကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(က–၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။** | (က) (၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆို ဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။ |
| **(က–၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိသည်။** | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူ ကွဲပြားခြားနားမှုများကို လေးစား တန်ဖိုးထားကြောင်းပြသသည်။ | (က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက် မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူ ပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။ |
| **(က–၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။** | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထား သော သင်ယူမှု ရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိ သညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသောဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။<br><br>(က) (၅.၁.၃) အတန်းအဆင့်အလိုက် သင်ကြားရမည့် စာတတ်မြောက်မှု၊ အခြေခံ သင်္ချာတတ်မြောက်မှု၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ၏ အဓိကနယ်ပယ်များတွင် သင်ယူမှုတိုးတက်မြင့်မားစေရန် အသုံးပြုထားသော၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။<br><br>(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိက ဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ–၁) သင်ကြားမှုနည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရေးစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။<br><br>(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။<br><br>(ခ) (၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေးအခေါ်များကို သတိပြုမိရန် အားပေးသည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၂) ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများသင်ယူမှုကို အထောက်အကူ ပြုစေမည့် အရေးအဖတ်နှင့် အခြေခံ အတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာများ၊ သင်ကြားနည်း နည်းဗျူဟာများဆိုင်ရာ အသိပညာများကို အသုံးပြုသည်။<br><br>(ခ) (၁.၂.၃) ကျောင်းသားများ အတွက် လက်တွေ့လုပ်ငန်းများ မှတစ်ဆင့် ဘာသာရပ် ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုး ပေးသည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ် များကို ပေါက်မြောက်အောင်မြင်ရန် အထောက်အကူပေးရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေး အကဲဖြတ်နည်းများကို သုံးသည်။<br><br>(ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိလာသော သတင်း အချက်အလက်များကို အသုံးပြုသည်။ |
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန် ထမ်းဆောင်သည်။** | (ဂ) (၁.၄) ပညာရေးဆိုင်ရာရင်းမြစ် များကို သုံးစွဲရာတွင် တာဝန်ရှိ ကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။ | (ဂ) (၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာ အသုံးပြုသည်။ |
| **(ဂ-၂) ရပ်ရွာအရေး ဦးဆောင် ပါဝင်ဆောင်ရွက်သည်။** | (ဂ) (၂.၁) ကျောင်းနှင့် ရပ်ရွာ ကိစ္စများ၌ ဆရာ့အတတ်ပညာ အသိုင်းအဝိုင်းဝင် ဆရာတစ်ဦး အနေဖြင့် တာဝန်ခံ ဆောင်ရွက် နိုင်ကြောင်းပြသသည်။ | (ဂ) (၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။<br><br>(ဂ) (၂.၁.၂) ကျောင်းနှင့် ရပ်ရွာတွင် တာဝန်ခံ ဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြ ပြောဆိုနေထိုင်သည်။ |
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာရေး တန်းတူညီမျှမှုရရှိနိုင်ရန် တိုးမြှင့် ဆောင်ရွက်သည်။** | (ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုး ကူညီကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြား ခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံ အကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုနားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။ | (ဂ) (၃.၃.၁) ရေရှည် တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေး များ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆ များကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်း များတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှု အပေါ် ယင်းတို့၏ အကျိုး သက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မား စေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်း အချက်အလက်များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး အတွက် နယ်ပယ်များ ဖော်ထုတ် နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှု များကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

| တတ်ကျွမ်းမှုစံ သတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ–၂) သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများ တိုးတက် မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက် စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက် များနှင့် လက်တွေ့သင်ကြားမှု များကို ဆွေးနွေးသည်။ အပြုသဘောဆောင် သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒ ထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။ |
| **(ဃ–၃) သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများ တိုးတက် မြင့်မားရေး အတွက် ဆရာ့လုပ်ငန်းအတတ်ပညာ ဆိုင်ရာ သင်ယူလေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။** | (ဃ) (၃.၁) လက်တွေ့သင်ကြားရေး လုပ်ငန်းများ တိုးတက်မြင့်မားစေ ရန် စူးစမ်းလေ့လာသင်ယူမှုနှင့် သုတေသန အခြေပြုသင်ယူမှု များ၏ အရေးပါမှုကို နားလည် သဘောပေါက်ကြောင်း ပြသည်။ | (ဃ) (၃.၁.၂) အကြောင်းအရာဆိုင်ရာ ဗဟုသုတ အချက်အလက်များနှင့် မိမိ၏ လက်တွေ့ သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် မူလတန်းပညာရေးနှင့် သင်ကြားရမည့် သီးသန့် ဘာသာရပ်များအတွက် လက်ရှိ ရေးရှုရာလမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် online သို့မဟုတ် offline သတင်းအချက်အလက်များကို ရှာဖွေရယူ၊ ခွဲခြမ်းစိတ်ဖြာသည်။ |

*ရင်းမြစ်* – မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန် ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၇၉ – ၁၁၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်းရ သောအခါ နှင့်

- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင်ပြုလုပ်စေသောအခါတို့တွင် ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ ‘အလေ့အကျင့်ကောင်းများ’ ကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ်အသက်မွေးမှု လုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ် ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခု မည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိ လာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန် လိုသည်။ သင်ယူမှုအပေါ် နားလည် သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန်

ကျောင်းသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသော အရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှု နောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှုဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ တန်းတူ အခွင့်အရေးများအား နှစ်ခြိုက်စွာ ခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူ ဖြစ်သည်။ ပညာရေးတွင် လူတိုင်း အကျုံးဝင်ပါဝင်မှု ဆိုသည်မှာ ၁၉၉၀ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေးတစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့် ရရှိနိုင်ရေး ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE) ၏ မျှော်မှန်းချက်မှာ ကုလသမဂ္ဂ သဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်

တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG) အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေးဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင်ဆိုသည်မှာ *SDG ပန်းတိုင် (၄) – လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သောအခွင့်အလမ်း ရရှိရေး* ဖြစ်သည်။

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင် (၄) သို့ ရောက်ရှိအောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် သာတူညီမျှရှိသော စာသင်ခန်းအလေ့အထများကို ၎င်းတို့၏ ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ဆံခြင်းအား ဆန့်ကျင်သည့် မူဝါဒ အပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊ မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်၏ သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီရယူနိုင်သည့် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့် တာဝန်ဝတ္တရား ဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည် သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင် သင်ကြားမှု အလေ့အကျင့်များနှင့် ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့် တာဝန်ဝတ္တရား ဖြစ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာ ရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး

ဖန်တီးခြင်းနှင့် စပ်လျဉ်းသော စာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထားများသည် ကျောင်းသားများ၏ အနာဂတ် စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျ နည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အား ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်း စဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင် ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွား အခြေအနေတို့ကြောင့် တွေ့ကြုံ ကောင်း တွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။
- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏ လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။
- ကျား၊မအားလုံး ပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ကျား၊မရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိ အောင် သတိပြုပါ။
- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေး အုပ်စုအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထားဆင်ခြင်ပါ။
- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့် ကျောင်းတွင် ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသား အားလုံး ရင်းနှီးမည့် အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိက စာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။

- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံ အသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြုရန် ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲရှိ သူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။
- လုပ်ငန်းများနှင့် ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများ အတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင် လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသော ဒေသဆိုင်ရာ ဥပမာများနှင့် ရရှိရန် လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူပစ္စည်း များကို အသုံးပြုပါ။
- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာ များကို ပြောင်းလဲပြုပြင်ပေးပါ။
- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြား အာရုံ အချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံ အချက်ပြမှုများမှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ် ရန်အလို့ငှာ ကွဲပြားခြားနားသော ကျောင်းသားများအတွက် အမျိုးမျိုးသော လုပ်ငန်း များကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင် တင်ဆက်ပါ။
- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှု ရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေး ဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင် လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန် ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေ မှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်း ဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများအတွင်း

ကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသား ကိုယ်စားပြုမှုနှင့် အမျိုးသမီးကိုယ်စားပြုမှုတို့သည် ညီတူညီမျှ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့်တရားသေမှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်း မရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီ အားပေးပါ။ ကျား၊မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် အသားပေး ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန် ပြောဆိုဆွေးနွေးရာတွင် ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှ ပြောဆိုဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှ အမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ဥပမာ – မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကား ပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသားအမည် များကို မှတ်မိအောင် ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ခွဲခြင်း၊ ထိုင်ခုံနေရာ စီစဉ်ခြင်း၊ အတန်းကို အလှဆင် ခြင်းများ ပြုလုပ်ရာတွင် ကျား၊မ ရေးရာကို အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်လမ်းညွှန်ချက်များ

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ | ၎င်းတို့၏ ဘဝနှင့် ခေါင်းစဉ်အကြား သက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများ ပါဝင်ပါစေ။ |
| လုပ်ငန်းများတွင် စိတ်အားတက်ကြွမှုမရှိသော ကျောင်းသားများ ပါဝင်ခြင်း | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။ |
| စာသင်ခန်းတွင် ပါဝင်ရန် ကျောင်းသားများ တွန့်ဆုတ်နေခြင်း | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း/အုပ်စုငယ်များအကြား ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအား ပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |
| လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ကြာမြင့်တတ်သော ကျောင်းသားများ | လိုအပ်ပါက အလုပ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | အရာဝတ္ထုများ/ရုပ်ပုံများ၊ ရုပ်ပုံစုစည်းမှုများ ပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှု အခြေပြု သင်ယူခြင်း၊ အတန်းဖော်အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက် ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကို အသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| သင်ယူရာတွင် (သို့မဟုတ်) အာရုံစူးစိုက်ရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ | အချက်အလက် အပိုင်းအစငယ်များ၊ မကြာခဏ ထပ်ကျော့လုပ်ဆောင်မှုများ၊ ဥပမာအမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့ သရုပ်ပြ သင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |
| ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏ ရွှေ့လျားခြင်း၊ စီမံကိန်းအခြေပြုသင်ယူခြင်းတို့ကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ယဉ်ကျေးမှုကွဲပြားစုံလင်သော ကျောင်းသားများ | ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်း နည်းလမ်းများကို အသုံးပြုပါ။ |
| မသန်စွမ်းကျောင်းသားများ | အခက်အခဲ တွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီ ပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |
| အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ | စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | နှုတ်ခြည့်ဖတ်ခြင်း (lip-reading) ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏ နှုတ်ခမ်းများကို သေချာစွာ မြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့် ရေးသားပံ့ပိုးပေးပါ။ |
| အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံ ထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |
| ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | နေ့စဉ်မှတ်တမ်း (ဂျာနယ်)၊ ကွက်လပ်ဖြည့် လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| နှုတ်ဖြင့် ဖော်ပြလိုသော ကျောင်းသားများ (စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | စာသင်ခန်းတွင်း ဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို 'ပြန်လည်အစီရင်ခံခြင်း' တို့ကို အသုံးပြုပါ။ |
| ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံး ဆက်သွယ်နိုင်သော ကျောင်းသားများ (စကားပြောဆိုရာတွင် (သို့မဟုတ်) စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |
| သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်းတို့မှ တစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သော ကျောင်းသားများ | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်း မှတစ်ဆင့် သင်ကြားပါ။ |
| ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်) | သင်နှင့်/သို့မဟုတ် အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်း မပြုမီ အဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကို အချိန်ပေးပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ | ရွေ့လျားမှုပြုလုပ်ရန် လိုအပ်ပါက ၎င်းတို့၏ အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဗီးချဲလ်ရွေ့လျားမှုကို အသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကို ခွင့်ပြုသော အပြောင်းအလဲများ ပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ | စာရေးသားခြင်းကို ပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| သင်ယူမှု/ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝါကျအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှု တိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန်သာမက ၎င်းတို့ တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန်ကိုလည်း ခွင့်ပြုပေးသည်။

- သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏ အသုံးပြုပါ။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့် ညွှန်ကြားချက်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။
- ကျောင်းသားအားလုံး လက်လှမ်းမီပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။

- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီး နားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများ ဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန် (သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)
- သင်ယူမှုပန်းတိုင်သို့ ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) “အထောက်အထား မရှိသေး”၊ “စတင်နေဆဲ”၊ “တိုးတက်ဆဲ” နှင့် “အမှီအခိုကင်း” စသည်တို့ကို အဆင့်သတ်မှတ်ချက် စကေးများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ အလေးပေး ရွေးချယ်မှုများ ပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထားမှတ်တမ်းများနှင့် တိုးတက်ရန် လိုအပ်သည့် နယ်ပယ်များ ပါဝင်သည်။
- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မက ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း အမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကို ပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

## စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများ အတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| တင်ပြခြင်းကို လုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက် ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစား ကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန်အတွက် အသံကို ချဲ့ထားပေးခြင်း (အကြားအာရုံအထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက် ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |
| မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | မေးခွန်းများ ဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ – ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |
| နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကို ချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက် အလိုက် အလင်းရောင်ကို တိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။ ဥပမာ – headphones, ear plugs, earphones |
| အချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏ ပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ – စိုးရိမ်ပူပန်မှုကို လျှော့ချရန်အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင် သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင် ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီ သင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏ သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန် ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ ပြန်လည်သုံးသပ်ခြင်း အတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ –

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားထားပါသလား။
- သင်ကြားမှု နည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။
- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပါသလား။
- သင်ပြမှုပုံစံသည် ရရှိလိုသော သင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုး ပေးပါသလား။
- မည်သူ့အတွက် မည်သည့်အရာက အဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေပါ သနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်း ရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက် အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သိရှိပြီး အသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့် ပံ့ပိုးရန်နှင့် လိုအပ်ချက် အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏ သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

## ၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆိုပါသလား။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါသလား။
- သင်ခန်းစာ သင်နေစဉ်အတွင်း ၎င်းတို့လည်း ပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

## ၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်သည်။

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက် တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါသလား။
- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသော သင်ယူမှုကို တိုက်တွန်းအားပေးပါသလား။
- ကျွန်ုပ်သည် သင်ခန်းစာကို ရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့ သင်ယူပုံအတွက် ရွေးချယ်စရာ အခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

## ၄။ အခြားသူများ၏ သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအား တိုက်တွန်းအားပေးသည်။

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။
- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။
- သင်ခန်းစာ၏ ပန်းတိုင်များကို အောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့်တစ်ဦး ကူညီကြပါသလား။

## ၅။ ကျောင်းသားများ အခက်အခဲနှင့် တွေ့ကြုံရသောအခါ အထောက်အပံ့များကို ပံ့ပိုးပေးသည်။

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်က သတိထား စောင့်ကြည့်နေပါသလား။
- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

## ၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။

- အလှည့်ကျ ပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။
- ၎င်းတို့၏ အသံများကို ညီတူညီမျှ ကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှ ပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။
- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေ မှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ်ထားပါသလား။

## ၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက် ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။
- ကျွန်ုပ်နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။
- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ် ဖန်တီးထားပါသလား။

## ၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်းပေးသည်။

- သင်ယူမှုကို အားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ် အသုံးပြုပါသလား။

- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီး လက်လှမ်းမီနိုင်ပါသလား။
- ကျောင်းသားများ သင်ယူရမည်ဟု ယူဆထားသော အရာများကို ၎င်းတို့ အမှန်တကယ် သင်ယူနေပါသလား။
- ကျောင်းသားများ၏ လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။
- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ် ကူညီလျက် ရှိပါသလား။
- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို လိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools (သို့မဟုတ်) အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ – ဖတ်ထားသော စာများအပေါ် မေးသော မေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်း တာဝန်များသည် ကျောင်းသားများအား ယခင်ကသင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန် အတွက် အားပေးကူညီပေးသည်။ လုပ်ငန်း တာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ – သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသား များအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက် များကို ဓာတ်လမ်းများ၊ ဓာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသား များသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများ အားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေ များကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ – လက်တွေ့တန်းပြ လေ့ကျင့် နေချိန်အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော

လုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများ ဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှသင်ယူခဲ့သည် များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း (သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။


သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသရန် အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။




## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။

- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/Concept Map)**
  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ **(concepts)**၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စတင်ပြီး အတွေးအခေါ် အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများ) ကို ဆက်သွယ်သည်။ အောက်တွင်ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။



- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**
  မတူသော အကြောင်းအရာ (သို့မဟုတ်) စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn diagram ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က) နှင့် (ခ) တို့၏တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**
  ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသောအချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို မသင်မီ ကျောင်းသားများအား ပထမ ကော်လံ နှစ်ခုတွင် မိမိတို့သိပြီးသည့်အကြောင်းအရာနှင့် သိလိုသော အကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို သင်ပြီးချိန်တွင် ၎င်းတို့သင်ယူတတ်မြောက်သွားသောအကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီး အချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**
  တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ – ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် (၁) | ခေါင်းစဉ် (၂) |
|---|---|
| | |

**အုပ်စုလုပ်ငန်း (Group work)**

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ – အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်

ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ – မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများ ဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်)

ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့်လည်းကောင်း ပါဝင်ပတ်သက်မှုရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro–teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသားအုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူ တတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသောကျောင်းများတွင် လက်တွေ့သင်ကြားရေးများ အတွက်ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ – အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များ ပေးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက သဘောတရား အသစ် (သို့မဟုတ်) ချဉ်းကပ်နည်းအသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်က ပြောပြသည်ထက် လက်တွေ့ သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ်ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ်မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား အနာဂတ်တွင်

၎င်းတို့ သင်ကြားပို့ချမည့် အခြေခံပညာကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြု နိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြား ပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို နားလည် သဘောပေါက်စေရန် အတွက် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာ တစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့် သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြု ပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင် လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ – သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများ ဦးဆောင်သော (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ (ဥပမာ – ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့် ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့ လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများ အနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ် ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## QR Codes

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) သတ်မှတ် သတင်း အချက်အလက်၏ ချိတ်ဆက်လင့်ခ်များအား စစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကို နှိပ်ခြင်းထက် စတုရန်းပုံ အကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသော အရာလေးကို စကင်န်ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Play တို့မှ QR code scanner/reader ကို စမတ်ဖုန်းများ အသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ်ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသားများသည် ၎င်းတို့၏ ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့် ချိန်ကာ QR code ကို စကင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊သင်ယူမှု ဖြစ်စဉ်နည်းလမ်း အတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုး ဖြစ်နိုင်ပြီး ချိတ်ဆက်လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်းလုပ်ငန်းများ၊ စစ်ဆေး အကဲဖြတ်ခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့် သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတိထားပါ။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာအုပ် တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့ မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍အထောက်အပံ့ပေးသော ပတ်ဝန်းကျင်တစ်ခု အတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူ တစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီ ကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့်

အားဖြည့်ပေးရန် အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ် နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေး အထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်း ပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ်အချေအတင်ဆွေးနွေး ကြပြီး ပိုင်းခြား စိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင် ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင် ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကို ဦးဆောင် နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာစဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး–တွဲ–မျှဝေသင်ယူခြင်း (Think–Pair–Share)

တွေး–တွဲ–မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာ တစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး–တွဲ–မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ** ။ ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်း တစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။
၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာ နှင့်ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း (Virtual Learning Environment–VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေးနည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန် အထောက်အကူပြုသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း (သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများမှာ –

## သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ – ကျောင်းသားများအား ကနည်းတစ်ခုကို

ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် (သို့မဟုတ်) ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ်ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

### အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်း အချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့်လုပ်ငန်းများကို အိမ်စာအဖြစ်ပေး၍ စစ်ဆေး ခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များ ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

### နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာ တစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူ နေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ (သို့မဟုတ်) တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ (Checklist) (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသောစာရင်း/ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း (Peer– Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန် အချက်များပါသောစာရင်း (Checklist) (သို့မဟုတ်) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည် လည်း အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများ ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်း မှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ပရောဂျက် တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများမေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကို မေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာ ဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်း တစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self–assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

### ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျနည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် သင်လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန် ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါမှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့ သင်ကြားပို့ချပေးမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာ လုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မှူဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့်ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့ လေ့ကျင့်ထားခြင်းသည် လုပ်ငန်း

မစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို ပြုလုပ်ရမည်ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အား တောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့ လုပ်ဆောင်မှုသည် ကျောင်းသားများအား ၎င်းတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါက များစွာ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။

- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင် ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

- ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
- ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
- ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များအားလုံး ရှိနေကြောင်း သေချာပါစေ။
- ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ/မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း တွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန် ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ **"ဆရာ့မှတ်စု"** ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာသင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ်ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦး အနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

## ဇယား (ခ)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် အနုပညာဘာသာရပ်၊ မူလတန်းအထူးပြု မာတိကာ အကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနှစ်ချုပ်ဆိုးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၃။ ပန်းချီအနုပညာ (၂) | ၃.၁။ ပုံရေးဆွဲခြင်း | ၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်ခြင်းနည်းစနစ်များအားသင်ကြားပုံနည်းလမ်းများ | • ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင် ဆေးရေးခြယ်ခြင်း နည်းစနစ်များ သင်ကြားခြင်း၏ အဓိက သင်ကြားပုံ နည်းစနစ်လေးမျိုးကို ခွဲခြားဖော်ပြတတ်မည်။<br>• မူလတန်းကျောင်းသားများကို ခေတ်ပြိုင် ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားရခြင်း၏ အကျိုးကျေးဇူးတို့ကို ဖော်ပြတတ်မည်။<br>• အမျိုးမျိုးသော ခေတ်မီပန်းချီ ရေးခြယ်ခြင်း နည်းစနစ်များကို ဖော်ပြနိုင်ပြီး သရုပ်ပြ လုပ်ဆောင်တတ်မည်။<br>• မူလတန်း ကျောင်းသားများအတွက် ပန်းချီ ပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍလေးရပ်ကို ဖော်ပြတတ်မည်။ | (က) (၂.၁)<br>(က) (၃.၂)<br>(က) (၄.၁)<br><br>(က) (၅.၁)<br>(က) (၅.၂) | (က) (၂.၁.၁)<br>(က) (၃.၂.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၃)<br>(က) (၅.၁.၁)<br>(က) (၅.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ဤနည်းစနစ်များကို ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးရှိနေပြီဖြစ်သည့် မူလတန်း ကျောင်းသားများအတွက် လိုက်လျောညီထွေမှု ရှိအောင် မည်သို့ပြုပြင် အသုံးချနိုင်သည်ကို ဖော်ပြတတ်မည်။ | | | |
| | ၃.၂။ လက်မှုပညာ | ၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင် ထားသော ကုန်ကြမ်းပစ္စည်းများ အသုံးပြု၍ အနုပညာပုံတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှု နည်းလမ်းများ | • ပထမတန်းနှင့် ဒုတိယတန်းရှိ ပန်းချီအနုပညာ သင်ခန်းစာအတွက် ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည် ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။<br><br>• မူလတန်း ကျောင်းသားများနှင့် အတူ ပူးပေါင်းပြောဆို လုပ်ဆောင်ခြင်းဖြင့် ပူးပေါင်းဖန်တီးခြင်း၏ တန်ဖိုးကို ဖော်ပြတတ်မည်။<br><br>• ပူးပေါင်းလုပ်ငန်းများတွင် ပါဝင်သည့် လက်မှုပညာ ကျွမ်းကျင်မှုများကို ဖော်ပြတတ်မည်။ | (က) (၂.၁)<br>(က) (၃.၂)<br>(က) (၄.၁)<br><br>(က) (၅.၁)<br>(က) (၅.၂) | (က) (၂.၁.၁)<br>(က) (၃.၂.၁)<br>(က) (၄.၁.၁)<br>(က) (၄.၁.၃)<br>(က) (၅.၁.၁)<br>(က) (၅.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ဤပုံးပေါင်းဖန်တီးသည့် လက်မှုပညာ နည်းစနစ်များအား မူလတန်းကျောင်းသားများအတွက် လိုက်လျောညီထွေမှု ရှိစေရန် မည်သို့ပြင်ဆင်အသုံးပြုနိုင်မည်ကို ဖော်ပြတတ်မည်။ | | | |
| | ၃.၃။ ရသခံစား တန်ဖိုးထားခြင်း | ၃.၃.၁။ ဇာတ်ကြောင်းများကို အသုံးပြု၍ ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားသည့် နည်းလမ်းများ | • လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာသင်ယူမှုများအတွက် ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။<br><br>• ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားရန် ဇာတ်ကြောင်းပြောဆိုခြင်းကို အသုံးပြုရာတွင် ပါဝင်သည့် နည်းလမ်းများကို ဖော်ပြတတ်မည်။<br><br>• ရသခံစား တန်ဖိုးထားခြင်းအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း ကျွမ်းကျင်မှုအား သင်ကြားရာတွင် မေးမြန်းရန် အဓိကမေးခွန်းသုံးခုကို ဖော်ပြတတ်မည်။ | (က) (၂.၁)<br>(က) (၃.၂)<br>(က) (၄.၁)<br>(က) (၅.၁)<br>(က) (၅.၂) | (က) (၂.၁.၁)<br>(က) (၃.၂.၁)<br>(က) (၄.၁.၁)<br>(က) (၅.၁.၁)<br>(က) (၅.၂.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • အနုပညာလက်ရာတစ်ခု၏ အယူအဆတစ်ခုကို အသစ်အသစ်သော၊ တစ်မူထူးခြားသော ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကားအဖြစ် မည်သို့ ချဲ့ထွင်ရမည်ကို နားလည်မှုအား သရုပ်ဖော်ပြသတတ်မည်။<br>• ရသခံစား တန်ဖိုးထားခြင်းအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို ဖော်ပြတတ်မည်။ | | | |
| | ၃.၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း | ၃.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း | • မူလတန်း ပန်းချီအနုပညာ အတန်းများတွင် လက်မှုပညာ၊ ပန်းချီရေးဆွဲခြင်းနှင့် ရသခံစား တန်ဖိုးထားခြင်းတို့အား သင်ကြားသင်ယူမှု နည်းလမ်းများကို စစ်ဆေးခွဲခြားတတ်မည်။<br>• သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။<br>• သင်ခန်းစာ တစ်ခုကို ပို့ချတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁)<br>(ခ) (၁.၃) | (က) (၄.၁.၁)<br>(က) (၅.၁.၂)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၄။ ဂီတ အနုပညာ (၂) | ၄.၁။ အကပညာ | ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှုနည်းလမ်းများ | • ဒုတိယတန်း အနုပညာ (ဂီတ) တွင် ပြဋ္ဌာန်းထားသော အကများကို စည်းဝါးဖြင့် စနစ်တကျ တွဲဖက်ကပြတတ်မည်။<br>• *ကဗျာလွတ်* အကများ၏ သိသာထင်ရှားသော အချက်များနှင့် အခြားရိုးရာအကများနှင့် မည်သို့ဆက်စပ်ကြောင်း ဖော်ပြတတ်မည်။<br>• အခြေခံ*ကဗျာလွတ်* ကကွက်များကို စည်းဝါးကျစွာ လှုပ်ရှား၍ မျက်နှာအမူအရာတို့ဖြင့် ကပြတတ်မည်။<br>• မူလတန်းကျောင်းသားများအား အကသင်ပေးရန် အတွက် သင့်လျော်သော သင်ကြားမှုနည်းလမ်းများကို နားလည်ပြီး ဖော်ပြတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁)<br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၄.၁.၁)<br>(က) (၅.၁.၁)<br>(ဃ) (၁.၁.၁)<br>(ဃ) (၂.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၄.၂။ အဆိုပညာ | ၄.၂.၁။ သင်ကြားရေးသီချင်းများရေးစပ်ခြင်း | • သင်ကြားရေးသီချင်းတစ်ပုဒ် ဖန်တီးရန်လိုအပ်သည့်အဆင့်များကိုသရုပ်ပြတတ်မည်။<br>• သီချင်းတစ်ပုဒ်အားမည်သို့ တည်ဆောက်ထားသည်နှင့် သီချင်းအသစ်တစ်ပုဒ်ရေးစပ်ရာတွင်တေးရေးဆရာတစ်ယောက်တွင်ရှိသောရွေးချယ်စရာများကိုနားလည်လာမည်။<br>• ရှိပြီးသားတေးကဗျာတစ်ပုဒ်မှစိတ်ကူးစိတ်သန်းရယူနည်းကိုဖော်ပြတတ်မည်။ ထို့နောက်အသစ်တစ်ခုကိုဖန်တီးရန်ပြင်ဆင်မွမ်းမံတတ်မည်။<br>• အတန်းဖော်များနှင့်ပူးပေါင်းဖန်တီးထားသော မူရင်းသင်ကြားရေးသီချင်းကို သီဆိုတင်ဆက်တတ်မည်။ | (က) (၂.၁)<br>(က) (၃.၂)<br>(ခ) (၁.၂)<br>(ဃ) (၁.၁)<br>(ဃ) (၂.၁) | (က) (၂.၁.၁)<br>(က) (၃.၂.၁)<br>(ခ) (၁.၂.၁)<br>(ဃ) (၁.၁.၂)<br>(ဃ) (၂.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၄.၃။ ဂီတတူရိယာများ တီးမှုတ်ခြင်း | ၄.၃.၁။ ဂီတတူရိယာ အမျိုးအစားများ | • ရိုးရာနှင့် အနောက်တိုင်း တူရိယာ နှစ်ရပ်လုံးမှ ကွဲပြားသော ဂီတ တူရိယာ အမျိုးအစားများကို ဖော်ပြတတ်မည်။<br>• မတူညီသော ဂီတတူရိယာများအပေါ် နားလည် သဘောပေါက်မှုကို ဖော်ပြတတ်မည်။<br>• မြန်မာ့ရိုးရာဂီတ တူရိယာများနှင့် အနောက်တိုင်း တူရိယာများ၏ တူညီမှုနှင့် ကွဲပြား ခြားနားမှုများကို သိရှိလာမည်။ | (က) (၁.၁)<br>(က) (၂.၁)<br>(က) (၅.၁)<br>(က) (၅.၂) | (က) (၁.၁.၂)<br>(က) (၂.၁.၁)<br>(က) (၅.၁.၁)<br>(က) (၅.၂.၁) | ၁ |
| | ၄.၄။ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားခြင်း | ၄.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားခြင်း | • မူလတန်း အနုပညာ (ဂီတ) အတန်းများတွင် သီဆိုခြင်း၊ ကခုန်ခြင်း နှင့် ဂီတတူရိယာများ တီးမှုတ်ခြင်းအတွက် သင်ကြား၊ သင်ယူမှု နည်းလမ်းများကို ဆန်းစစ်တတ်မည်။<br>• သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။<br>• သင်ခန်းစာတစ်ခုကို ပို့ချတတ်မည်။ | (က) (၄.၁)<br>(က) (၅.၁)<br>(ခ) (၁.၃) | (က) (၄.၁.၁)<br>(က) (၅.၁.၁)<br>(ခ) (၁.၃.၁)<br>(ခ) (၁.၃.၂) | |
| စုစုပေါင်း စာသင်ချိန် | | | | | | ၈ |

အခန်း
၃

# ပန်းချီအနုပညာ (၂)

ဤအခန်းတွင် ကျောင်းသားများသည် ပုံရေးဆွဲပုံ၊ လက်မှုပညာ၊ ရသခံစား တန်ဖိုးထားမှုတို့အား သင်ကြားမှုနည်းလမ်းများကို လေ့လာသင်ယူကြရမည်ဖြစ်ပါသည်။ ဤသင်ခန်းစာတွင် သင်ကြားမှုနည်းလမ်းများအပြင် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများနှင့် သိမှတ်ဖွယ်ရာ အချက်များ ပါဝင်ပါသည်။

# ၃.၁။ ပုံရေးဆွဲခြင်း

ဤအခန်းငယ်တွင် ကျောင်းသားများသည် ပန်းချီပညာသင်ကြားရန်အတွက် ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များကို လေ့လာသင်ယူကြရပါမည်။ သင်ကြားမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ရာတွင် သိမှတ်ဖွယ်ရာအချက်များ ပါဝင်ပါသည်။ ဤအခန်းငယ်တွင် (အခြေခံပညာသင်ရိုးညွှန်းတမ်း) ပထမတန်း၊ ဒုတိယတန်း ပန်းချီဖတ်စာအုပ်များတွင် ပါသည့် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များပါဝင်ပါသည်။ ထို့ပြင် သင်ကြားမှု လုပ်ငန်းများအား ချဲ့ထွင်နိုင်ရန်နှင့် စာသင်ခန်းအတွင်း အမျိုးမျိုးသောလုပ်ငန်းများစွာကို လုပ်ဆောင်နိုင်ရန် ထပ်တိုးလုပ်ငန်းများလည်း ပါဝင်ပါသည်။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များ သင်ကြားခြင်း၏ အဓိကသင်ကြားပုံ နည်းစနစ်လေးမျိုးကို ခွဲခြားဖော်ပြတတ်မည်။
- မူလတန်းကျောင်းသားများကို ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားရခြင်း၏ အကျိုးကျေးဇူးတို့ကို ဖော်ပြတတ်မည်။
- အမျိုးမျိုးသော ခေတ်မီပန်းချီ ရေးခြယ်ခြင်း နည်းစနစ်များကို ဖော်ပြနိုင်ပြီး သရုပ်ပြ လုပ်ဆောင်တတ်မည်။
- မူလတန်းကျောင်းသားများအတွက် ပန်းချီပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍလေးရပ်ကို ဖော်ပြတတ်မည်။
- ဤနည်းစနစ်များကို ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးရှိနေပြီဖြစ်သည့် မူလတန်း ကျောင်းသားများအတွက် လိုက်လျောညီထွေမှုရှိအောင် မည်သို့ပြုပြင် အသုံးချနိုင်သည်ကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာ ဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

# ၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားပုံနည်းလမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များ သင်ကြားခြင်း၏ အဓိကသင်ကြားပုံ နည်းစနစ်လေးမျိုးကို ခွဲခြားဖော်ပြတတ်မည်။
- မူလတန်းကျောင်းသားများကို ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားရခြင်း၏ အကျိုးကျေးဇူးတို့ကို ဖော်ပြတတ်မည်။
- အမျိုးမျိုးသော ခေတ်မီပန်းချီ ရေးခြယ်ခြင်း နည်းစနစ်များကို ဖော်ပြနိုင်ပြီး သရုပ်ပြ လုပ်ဆောင်တတ်မည်။
- မူလတန်းကျောင်းသားများအတွက် ပန်းချီပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍလေးရပ်ကို ဖော်ပြတတ်မည်။
- ဤနည်းစနစ်များကို ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးရှိနေပြီဖြစ်သည့် မူလတန်း ကျောင်းသားများအတွက် လိုက်လျောညီထွေမှုရှိအောင် မည်သို့ပြုပြင် အသုံးချနိုင်သည်ကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏အဓိကအသိပညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူများကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိပညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေများနှင့် ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်း စဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။



**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။



**သင်ယူမှုနည်းလမ်းများ** – ကြိုတင်လေ့လာ ပြင်ဆင်စေသော သင်ယူမှု၊ လက်တွေ့လုပ်ငန်း၊ ဆွေးနွေးပွဲနှင့် ပြန်လည်သုံးသပ်ခြင်း။



**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်း စံသတ်မှတ်ချက်ဇယား။



**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – ကျောင်းသားများကို တတိယနှစ် ပထမ စာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၁.၁.၁) မျဉ်းကြောင်းများ ရေးဆွဲခြင်းဆိုင်ရာသင်ကြားနည်းများကို ပြန်လည်လေ့လာစေပါ။ စာသင်ခန်းကို ပန်းချီရေးခြယ်ရန် လုပ်ငန်းများ၊ အလှဆင်ရန် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ –** တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်၊ ပထမတန်း ဒုတိယတန်း ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် (အခြေခံပညာသင်ရိုးညွှန်းတမ်း)၊ ပန်းချီ စာရွက်၊ ဆေးရေးစုတ်တံများ (သို့မဟုတ် သွားတိုက်တံများ (သို့မဟုတ်) ဆေးရောင်ကို ဖြန့်ကျဲစေရန်အတွက် ဘီး ကဲ့သို့သော ပစ္စည်းကိရိယာများ)၊ ထမင်းစားသည့် ဝါးတူ၊ ရေထည့်ရန် ခွက်၊ acrylic ရေဆေး၊ တံဆိပ်ခတ်နှိပ်ရန် ပစ္စည်းများ။

## နိဒါန်းပျိုးခြင်း (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် ပန်းချီအနုပညာ ကျောင်းသားကိုင်စာအုပ်ရှိ ဤအခန်းတွင် ပါဝင်သော အကြောင်းအရာများအား ပြန်လည်လေ့လာဆန်းစစ်ပါ။ ထို့နောက် ဆေးရေးခြယ်ခြင်း နည်းစနစ်များနှင့် ပတ်သက်၍ စစ်ဆေးအကဲဖြတ်ခြင်း မေးခွန်းများကို ဖြေဆိုပါ။

### သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ငန်း – ဆေးစက်ချခြင်းနည်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို တစ်ဦးချင်းစီလုပ်ငန်းလုပ်ဆောင်ရန် လမ်းညွှန်ပေးပါ။ ထို့နောက် ဒုတိယတန်း ပန်းချီအနုပညာ ဆရာ့လမ်းညွှန် အခန်း (၂) သင်ခန်းစာ (၄) ကို ပြန်လည်ဆန်းစစ်လေ့လာပါ။

၂။ ပန်းချီပစ္စည်းများကို ဝေမျှပါ။ ထို့နောက် ကျောင်းသားများကို စာရွက် (သို့မဟုတ်) ကတ်ထူစက္ကူတို့ကို ဖြတ်တောက်ရန် (သို့မဟုတ်) ဆုတ်ဖြဲရန် လမ်းညွှန်ပေးပါ။

၃။ ပုံသဏ္ဌာန် သုံးလေးမျိုးခန့် ရရှိပြီးသည့်အခါ ပေါင်းစပ်ပုံတစ်မျိုး (သို့မဟုတ်) နှစ်သက်ရာပေါင်းစပ်ပုံတို့ကို ပန်းချီစာရွက်ပေါ်တွင် စီစဉ်ရန် လမ်းညွှန်ပါ။ ကျောင်းသားများကို စမ်းသပ်လေ့လာရင်း လုပ်ငန်းကို လုပ်ဆောင်သွားရန် တိုက်တွန်းအားပေးပါ။ ထို့ပြင် ကျောင်းသားများလက်ရာအမျိုးမျိုး ဖန်တီးနိုင်ရန် အတွက် စာရွက်များကို လုံလုံလောက်လောက် ပြင်ဆင်ပေးထားပါ။

၄။ ကျောင်းသားများကို သွားတိုက်တံ (သို့မဟုတ်) ဆေးရေးစုတ်တံ (သို့မဟုတ်) ပလတ်စတစ်ဘီးကို အကူကိရိယာအနေဖြင့် အသုံးပြုရန်လမ်းညွှန်ပေးပါ။ ဆေးရောင်အများအပြား မဖြစ်စေရန် အထူးသတိပြု၍ ယင်းကိရိယာတို့ကို ဆေးတွင်တို့ပါ။

၅။ ဝါးတူ (သို့မဟုတ် လက်ချောင်းများ) ကို အသုံးပြု၍ အထက်ပါကိရိယာတို့ကို ဆေးရောင်ဖြင့်တို့၍ စာရွက်ပေါ်တွင်တင်ပါ။ ထို့နောက် ဆေးစက်ချသည့် ရလဒ်မျိုး ထွက်စေရန် ဝါးတူကို စုတ်တံ၏အနားစွန်းများ တစ်လျှောက် ဆွဲယူပါ။ ကျောင်းသား များကို အချပ်ပြားပုံသဏ္ဌာန်များနှင့် အရောင်အမျိုးမျိုးအသုံးပြု၍ ဆေးရောင် ဖြန့်ကျက်နည်း တွဲစပ်ပုံအမျိုးမျိုးတို့ကို စမ်းသပ်လေ့လာကြရန် တိုက်တွန်း အားပေးရပါမည်။

၆။ အားလုံးပြီးစီးသည့်အခါ ကျောင်းသားများကို မိမိတို့၏လက်ရာများအား စာသင်ခန်းအလယ်တွင် (သို့မဟုတ်) စာသင်ခုံများကို စာသင်ခန်းအလယ်သို့ တွန်းပို့၍ စီစဉ်ပြသထားရန် ပြောကြားပါ။ ထို့နောက် ကျောင်းသားများအားလုံး အတွက် "ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း" တစ်ခုကိုစီစဉ်၍ ၎င်းတို့ အတန်းဖော်များ၏ လက်ရာများကို ကြည့်ရှုနိုင်ရန် ပြုလုပ်ပေးပါ။

၇။ ကျောင်းသားများကို လုပ်ငန်းစဉ်အား မေးခွန်းများမေး၍ ပြန်လည်သုံးသပ်စေပါ။ ဥပမာ – "ပန်းချီကားချပ်များနှင့်ပတ်သက်၍ မည်သည့်အရာများကို သတိပြုမိ သနည်း။"၊ "ဤနည်းစနစ်နှင့် မိမိအသုံးပြုဖူးသည့် အခြားသောဆေးရေးခြယ်ခြင်း နည်းစနစ်များအကြား ကွာခြားချက်မှာ အဘယ်နည်း။"၊ "မူလတန်းအဆောပိုင်း ကျောင်းသားများအတွက် ဤအရာက မည်သို့စိတ်အားတက် ပျော်ရွှင်စေနိုင် သနည်း။ မည်သို့အထောက်အကူ ဖြစ်စေနိုင်သနည်း။"

၈။ အဆုံးတွင် ကျောင်းသားများအား ပန်းချီဆေးရေးပစ္စည်းများကို ဘေးသို့ရွှေ့စေ၍ ဆေးရောင်မပါဘဲ ဖယောင်းတောင့်များသာ အသုံးပြုရသည့် နောက်လာမည့် လုပ်ငန်းတစ်ခုအတွက် နေရာလွတ်ပြင်ဆင်ပါ။ လာမည့်လုပ်ငန်းအတွက် စားပွဲခုံ များကို လက်ရှိအခြေအနေအတိုင်း စာသင်ခန်း၏ အလယ်တွင် တစုတည်း ထား၍လည်းကောင်း၊ ဖယ်ရှား၍လည်းကောင်း ပြုလုပ်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ လမ်းညွှန်ချက်များအား လိုက်နာနိုင်စွမ်းနှင့် ဆေးစက်ချနည်းကို သင့်တင့် လျောက်ပတ်စွာ ဖန်တီးထုတ်လုပ်နိုင်စွမ်းကို စစ်ဆေးအကဲဖြတ်ရပါမည်။ မှုကွဲများကို မိမိတို့ဘာသာ စူးစမ်းလေ့လာနိုင်သည့် ကျောင်းသားများ၏ လုပ်နိုင်စွမ်းကိုလည်း စစ်ဆေး အကဲဖြတ်ရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ဆေးစက်ချနည်းအတွက် သင့်တော်မှန်ကန်သော နည်းစနစ်များကို သရုပ်ဖော်ပြသကြပါလိမ့်မည်။ ထို့ပြင် ကျောင်းသားများသည် အမျိုးမျိုးသော ပုံသဏ္ဌာန်များကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ပေါင်းစပ်ခြင်းအား စူးစမ်းလေ့လာရာမှတစ်ဆင့် လက်ရာအမျိုးမျိုးကို ဖန်တီးထုတ်လုပ်ကြပါလိမ့်မည်။ ထို့ပြင် ဆေးရောင်အမျိုးမျိုးကို ပေါင်းစပ်ခြင်းကိုလည်း စမ်းသပ်လေ့လာကြပြီး ဖန်တီးထုတ်လုပ်ကြပါလိမ့်ဦးမည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လုပ်ငန်း – ဖိပွတ်ခြင်းနည်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို တစ်ဦးချင်းစီလုပ်ဆောင်ရန် လမ်းညွှန်ပေးပါ။ ထို့နောက် ပထမတန်းပန်းချီအနုပညာ ဆရာ့လမ်းညွှန် အခန်း (၂) သင်ခန်းစာ (၂) အား ပြန်လည်ဆန်းစစ်လေ့လာပါ။

၂။ စာရွက်များနှင့် ဖယောင်းတောင့်များအား ဝေမျှပါ။

၃။ ကျောင်းသားများအား အတန်းတွင်းတွင်လှည့်လည်၍ သိသာထင်ရှားသည့် ပုံသဏ္ဌာန်များရှိသည့် အရာဝတ္ထုပစ္စည်းများအား လိုက်လံကြည့်ရှုရန် တိုက်တွန်းပါ။ ဥပမာ – ဝါးနှီးဖျာ၊ သစ်သားချောင်း၊ ပလတ်စတစ်ဘူးခွံ၊ ပလတ်စတစ်ခြင်း အစရှိသည်တို့ဖြစ်သည်။ မိမိ၏စိတ်ကူးကို အသုံးချ၍ ထူးခြားသည့် ပုံသဏ္ဌာန်များကို ရှာဖွေကြည့်ပါ။

၄။ ထို့နောက် ကျောင်းသားများကို မိမိတို့၏စာရွက်များကို ရှာတွေ့ထားသော ပုံသဏ္ဌာန်များအပေါ်၌ ချထားရန် လမ်းညွှန်ပါ။ ထို့နောက် ထိုအရာဝတ္ထု၏ ပုံသဏ္ဌာန်ပုံ ပေါ်လာစေရန် ရောင်စုံခဲတံ (သို့မဟုတ်) ဖယောင်းတောင့်ကို အသုံးပြု၍ စာရွက်အပေါ်တွင် ဖိပွတ်စေပါ။ ကျောင်းသားများကို အခြားပုံသဏ္ဌာန်များကို ရှာဖွေစေပြီး မတူညီသောအရောင်များ ထပ်ဖြည့်ကာ ဤနည်းအတိုင်း အကြိမ်အနည်းငယ်ခန့် ထပ်မံ၍ပြုလုပ်စေရပါမည်။ ကျောင်းသားများကို သတ်မှတ်ထားသော အချိန်အတွင်း မတူညီသောပုံသဏ္ဌာန် မည်မျှများများရှာဖွေနိုင်သည်ကို သိစေရန် တိုက်တွန်းအားပေးပါ။

၅။ အားလုံးပြီးစီးသည့်အခါ ကျောင်းသားများကို မိမိတို့၏လက်ရာများအား စာသင်ခန်းအလယ်တွင် (သို့မဟုတ်) စာသင်ခုံများကို စာသင်ခန်းအလယ်သို့ တွန်းပို့၍ စီစဉ်ပြသထားစေပါ။ ထို့နောက် ကျောင်းသားများအားလုံးအတွက် “ပြခန်းလှည့်လည် ကြည့်ရှုလေ့လာခြင်း” တစ်ခုကိုစီစဉ်၍ အချင်းချင်း၏လက်ရာများကို ကြည့်ရှုနိုင်ရန် ပြုလုပ်ပေးပါ။

၆။ ကျောင်းသားများကို မေးခွန်းများမေး၍ ၎င်းတို့၏လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်စေပါ။ ဥပမာ – “ဤဖိပွတ်ခြင်းနည်းနှင့်ပတ်သက်၍ မည်သည့်အရာများကို သတိပြုမိသနည်း။”၊ “မူလတန်းအစောပိုင်း ကျောင်းသားများအတွက် ဤအရာက မည်သို့ စိတ်အားတက် ပျော်ရွှင်စေနိုင်သနည်း။ မည်သို့အထောက်အကူ ဖြစ်စေနိုင်သနည်း။”

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ လမ်းညွှန်ချက်များအား လိုက်နာနိုင်စွမ်းနှင့် ဖိပွတ်ခြင်းနည်းကို သင့်တင့်လျောက်ပတ်စွာ ဖန်တီးထုတ်လုပ်နိုင်စွမ်းကို စစ်ဆေးအကဲဖြတ်ရပါမည်။ မူကွဲများကို ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာနိုင်စွမ်းရှိကြောင်းကိုလည်း စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဆေးရောင်ဖိပွတ်ခြင်းနည်းအတွက် သင့်တော်မှန်ကန်သော နည်းစနစ်များကို သရုပ်ဖော်ပြသကြပါလိမ့်မည်။ ထို့ပြင် ကျောင်းသားတို့သည် အမျိုးမျိုးသော အချပ်ပြားပုံသဏ္ဌာန်များကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ပေါင်းစပ်ခြင်းအား စူးစမ်းလေ့လာရာမှ တစ်ဆင့် လက်ရာအမျိုးမျိုးကို ဖန်တီးထုတ်လုပ်ကြပါလိမ့်မည်။ ထို့ပြင် ဆေးရောင်အမျိုးမျိုးကို ပေါင်းစပ်ခြင်းကိုလည်း စမ်းသပ်လေ့လာကြပြီး ဖန်တီးထုတ်လုပ်ကြပါလိမ့်ဦးမည်။

## သင်ယူမှုလုပ်ငန်း (၃)။ ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား ငါးယောက်ထက် မပိုသော အုပ်စုများဖွဲ့စေပါ။ ထို့နောက် လုပ်ငန်းတစ်ခုစီကို ပြန်လည်သုံးသပ်စေပြီး မည်သည့်အပိုင်းသည် မူလတန်း ကျောင်းသားများအတွက် အခက်အခဲဖြစ်စေသည် (စိန်ခေါ်မှုဖြစ်စေသည်) ကို

စဉ်းစားစေပါ။ ကျောင်းသားများကို သင်ယူမှုလုပ်ငန်းတစ်ခုစီတွင် ၎င်းတို့၏ ကျောင်းသားများအား မည်သို့ကူညီထောက်ပံ့သင့်သည့် အကြံဉာဏ်များအား ဉာဏ်ဖွင့်စဉ်းစားရန် လမ်းညွှန်ပါ။ အောက်ပါမေးခွန်းများကို မေးမြန်းပါ။ "မူလတန်း ကျောင်းသားများအား ဤနည်းစနစ်များ သင်ကြားရခြင်း၏ တန်ဖိုးမှာအဘယ်နည်း။"၊ "မည်သည့်နည်း/နည်းလမ်းများက ကလေးငယ်တို့၏ အသက်အရွယ်နှင့် လိုက်ဖက် သင့်လျော်သနည်း။"၊ "၎င်းနည်းစနစ်တို့ကို ဖန်တီးနိုင်ခွင့် ပိုမိုရရှိစေရန် မည်သို့တိုးချဲ့ (သို့မဟုတ်) ပြုပြင်မွမ်းမံနိုင်သနည်း။"

၂။ ဤနည်းစနစ်များကို ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများ သင်ယူလေ့လာရာတွင် အထောက်အကူဖြစ်စေနိုင်သည့် နည်းလမ်းများအတွက် စာသင်ခန်းတွင်း ဆွေးနွေးပွဲတစ်ခုကို စီစဉ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏အုပ်စုများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးအကဲဖြတ်ပါ။ ထို့နောက် အကြံဉာဏ်များ၊ အဖြေများထွက်လာစေရန် ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤနည်းစနစ်များကို မူလတန်း ကျောင်းသားများအား သင်ကြားရခြင်း၏ တန်ဖိုးမှာ ၎င်းတို့၏ ကြွက်သားဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်းစားတွေးခေါ် သိရှိနားလည်တတ်ရေးတို့ အတွက် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် အသက်အရွယ်နှင့် လိုက်ဖက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအရွယ်ရှိ ကျောင်းသားများသည် ပုံများကို ပြန်လည်ရေးဆွဲရန် လိုအပ်သည့် ကြွက်သားဖွံ့ဖြိုးတိုးတက်မှု မရှိသေးသော်လည်း ခေတ်ပြိုင် နည်းစနစ်များမှာ စူးစမ်းလေ့လာရန် သင့်လျော်ပြီး နားလည်လွယ်သောကြောင့် ဖြစ်ပါသည်။ ကျောင်းသားများကို အသစ်အသစ်သော ပုံသဏ္ဍာန်များ၊ အရောင်များ၊ ပုံသဏ္ဍာန်များအား ဆက်လက်စူးစမ်းလေ့လာသင်ယူကြရန် တိုက်တွန်းအားပေးခြင်းဖြင့် လုပ်ငန်းများကို ချဲ့ထွင် နိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန်ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့ သင်ယူခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားများ မည်မျှသုံးနိုင်ဖွယ်ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု ထင်ပါသနည်း။

## သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း

| ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအားစစ်ဆေးခြင်း | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| ဖန်တီးခြင်း။ ကျောင်းသားသည် အများနှင့်မတူသော ပန်းချီလက်ရာတစ်ခုကို ဖန်တီးနိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားသည် ဖိပွတ်ခြင်းနည်းစနစ်ကို သရုပ်ပြလုပ်ဆောင်နိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားသည် ဆေးစက်ချခြင်းနည်းစနစ်ကို သရုပ်ပြလုပ်ဆောင်နိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် နည်းစနစ်အမျိုးမျိုးကို သိရှိခွဲခြားနိုင်သည်။ | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားသည် မည်သည့်နေရာတွင် ခေတ်ပြိုင်ဆေးရေးခြယ်ခြင်းနည်းများကို မြင်တွေ့ခဲ့ရသည်ကို ခွဲခြားသိရှိသည်။ (ဥပမာ – စာအုပ်များ၊ မဂ္ဂဇင်းများ၊ တီဗီ၊ ရုပ်ရှင်များ၊ ပြတိုက်များ အစရှိသည်ဖြင့်) | | | |

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

မေးခွန်း ၁။ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင်နည်းစနစ်များကို သင်ကြားရသည့် အကျိုးကျေးဇူးမှာ အဘယ်နည်း။ ၎င်းတို့သည် မည်ကဲ့သို့သော ဘဝအတွက် အရေးပါသည့် ကျွမ်းကျင်မှုများ သင်ယူခဲ့ရသနည်း။

အဖြေ။ *စိတ်ဝင်စားစရာကောင်း၍ ရှင်းပြရန် လွယ်ကူသော နည်းစနစ်များကို အသုံးပြု၍ မူလတန်းကျောင်းသားများသည် မိမိတို့၏ စိတ်ကူးစိတ်သန်းတို့အား အသုံးပြု လုပ်ဆောင်ရန် သင်ယူလေ့လာကြပါသည်။ ထို့နောက် မိမိတို့ ကိုယ်ပိုင်၊ အခြားသူများနှင့် မတူသော ပုံရိပ်များကို အခြားသူများ (သို့မဟုတ်) အခြားအရာတို့အား မတုပဘဲ ဖန်တီးကြပါသည်။ အလှအပဆိုသည်မှာ နည်းလမ်း အမျိုးမျိုးဖြင့် တွေ့မြင် ခံစားနိုင်ကြောင်းနှင့် ရှုပ်ထွေးသည့် ကိစ္စအမှုတို့ကို လက်ခံနေထိုင်တတ်စေရန် ဤနည်းစနစ်က ကလေးငယ်တို့အား သင်ကြားပေးပါလိမ့်မည်။*

မေးခွန်း ၂။ ခေတ်ပြိုင် ပန်းချီဆေးရေးခြယ်ခြင်း နည်းစနစ်များ သင်ကြားရာတွင် အဓိက သင်ကြားနည်းစနစ် လေးမျိုးမှာ အဘယ်နည်း။

အဖြေ။ *အဓိက သင်ကြားနည်းစနစ် လေးမျိုးမှာ (၁) ကျောင်းသားတို့၏ လက်တွေ့ဘဝနှင့် အပ်စပ်သည့် အဆင်အပြင်နှင့် အကြံဉာဏ်တို့ကို အသုံးပြုခြင်း (၂) ရွေးချယ်စရာကို များများစားစား ပေးခြင်း (၃) ဆွေးနွေးရန် အချိန် လုံလုံလောက်လောက်ပေးခြင်း (၄) လုပ်ငန်းစဉ် လုပ်ဆောင်ခြင်းကို ရရှိလာသည့် ရလဒ်ထက် ဦးစားပေးခြင်း တို့ပင် ဖြစ်သည်။*

မေးခွန်း ၃။ ပန်းချီပညာကို စစ်ဆေးအကဲဖြတ်ခြင်းအတွက် ကဏ္ဍလေးရပ်မှာ အဘယ်နည်း။

အဖြေ။ *ပန်းချီပညာကို စစ်ဆေးအကဲဖြတ်ခြင်းအတွက် ကဏ္ဍလေးရပ်မှာ (၁) ဖန်တီးခြင်း၊ (၂) လက်တွေ့လုပ်ဆောင်ခြင်း၊ (၃) တုံ့ပြန်ဖြေဆိုခြင်း၊ (၄) ချိတ်ဆက်ခြင်း တို့ ဖြစ်ကြပါသည်။*

မေးခွန်း ၄။ ဤသင်ခန်းစာတွင် ဖော်ပြထားသည့် နည်းစနစ်လေးမျိုးမှာ အဘယ်နည်း။ ကျောင်းသားများ ရင့်ကျက်လာသည့်အခါ ၎င်းတို့ကို မည်သို့ ပြင်ဆင် မွမ်းမံနိုင်သနည်း။

အဖြေ။ *ထည့်သွင်းထားသည့် နည်းစနစ်များမှာ (၁) တံဆိပ် ခတ်နှိပ်ခြင်း၊ (၂) ဖိပွတ်ခြင်းနည်း (၃) ပလတ်စတစ်ပိုက်မှတစ်ဆင့် လေမှုတ်ခြင်း၊ (၄) ဆေးစက်ချခြင်းနည်း တို့ ဖြစ်ပါသည်။ ကျောင်းသားကျောင်းသားများ အတွေ့အကြုံရှိ၍ ရင့်ကျက်လာသည့်အခါ ဤနည်းစနစ်တို့ကို အခြား ခေတ်ပြိုင် နည်းစနစ်များ (သို့မဟုတ်) အစဉ်အလာကျ နည်းစနစ်များ ဖြစ်ကြသည့် အချပ်ပြားပုံသဏ္ဍာန်များရေးဆွဲခြင်း၊ မျဉ်းကြောင်းများ အသုံးပြု၍ အဆင်ပုံစံ ဖန်တီးခြင်း အစရှိသည်တို့နှင့် ရောနှော၍ ပိုမိုခက်ခဲအောင် ပြုလုပ်၍ ပြင်ဆင်မွမ်းမံနိုင်ပါသည်။*

# အခန်းငယ်အနှစ်ချုပ်

### အဓိကအချက်များ

- အဓိကသင်ကြားနည်းစနစ်လေးမျိုးမှာ ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် အပ်စပ်သည့် အဆင်အပြင်နှင့် အကြံဉာဏ်တို့ကိုအသုံးပြုခြင်း၊ အပြောင်းအလဲဖြစ်စေရန် သင်ကြားနည်းရွေးချယ်စရာများ တိုးမြှင့်ခြင်း၊ ရွေးချယ်စရာများတိုးမြှင့်ခြင်း၊ ဆွေးနွေးရန် အချိန် လုံလုံလောက်လောက်ပေးခြင်း၊ လုပ်ငန်းစဉ်လုပ်ဆောင်ခြင်းကို ရရှိလာသည့်ရလဒ်ထက် ဦးစားပေးခြင်းတို့ ဖြစ်ပါသည်။

### အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

မူလတန်းအစောပိုင်း ကျောင်းသားများအား စူးစမ်းလေ့လာခွင့်ရစေရန်နှင့် ၎င်းတို့၏ တီထွင်ဖန်တီးတတ်သည့်စိတ်ဓာတ်၊ စူးစမ်းလေ့လာတတ်သည့် စိတ်ဓာတ်များ နိုးကြားလာစေရန်အတွက် အမျိုးမျိုးသော ပန်းချီကြားခံပစ္စည်းများနှင့် နည်းစနစ်များ ချမှတ်ပေးရန် အရေးကြီးပါသည်။

ခေတ်ပြိုင်ပန်းချီဆေးရေးခြယ်ခြင်း နည်းစနစ်များကို မည်သည့် အဆင့်/ အတန်း မျိုးတွင်မဆို အသုံးပြုနိုင်ပါသည်။ ကျောင်းသားများ ရင့်ကျက်လာသည်နှင့်အမျှ အခက်အခဲအဆင့်ကို တိုးမြှင့်ခြင်းဖြင့် သင့်တော်သလိုပြုပြင်၍ အသုံးပြုနိုင်သည်။

### ဆက်လက်ဖတ်မှတ်စရာများ

**၃.၁.၁။**

Ching, C.L. T. (2015). Teaching contemporary art in primary schools. *Athens Journal of Humanities & Arts*, *2*(2), 95–110.

Klein, J. and Klein, S. (n.d.). *What is contemporary art? A guide for kids.* Museum of Modern Art (MOMA).

Mittler, G. A. (2006). *Art in focus: Innovative student edition.* Glencoe/McGraw Hill.

# ၃.၂။ လက်မှုပညာ

ဤအခန်းငယ်တွင် လက်မှုပညာ အထူးသဖြင့် ရှာဖွေတွေ့ရှိသောပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော အနုပညာပစ္စည်းများသုံး၍ ဖန်တီးထားသော လက်မှုပစ္စည်းများကို သင်ကြားခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ ပါဝင်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ပထမတန်းနှင့် ဒုတိယတန်းရှိ ပန်းချီအနုပညာ သင်ခန်းစာအတွက် ရှာဖွေတွေ့ရှိသောပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။
- မူလတန်း ကျောင်းသားများနှင့်အတူ ပူးပေါင်းပြောဆိုလုပ်ဆောင်ခြင်းဖြင့် ပူးပေါင်းဖန်တီးခြင်း၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ပူးပေါင်းလုပ်ငန်းများတွင်ပါဝင်သည့် လက်မှုပညာကျွမ်းကျင်မှုများကို ဖော်ပြတတ်မည်။
- ဤပူးပေါင်းဖန်တီးသည့် လက်မှုပညာ နည်းစနစ်များအား မူလတန်း ကျောင်းသားများအတွက် လိုက်လျောညီထွေမှုရှိစေရန် မည်သို့ပြင်ဆင် အသုံးပြုနိုင်မည်ကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာ ဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင်သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

# ၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများ အသုံးပြု၍ အနုပညာပုံတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှုနည်းလမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ပထမတန်းနှင့် ဒုတိယတန်းရှိ ပန်းချီအနုပညာ သင်ခန်းစာအတွက် ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။
- မူလတန်းကျောင်းသားများနှင့်အတူ ပူးပေါင်းပြောဆိုလုပ်ဆောင်ခြင်းဖြင့် ပူးပေါင်းဖန်တီးခြင်း၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ပူးပေါင်းလုပ်ငန်းများတွင်ပါဝင်သည့် လက်မှုပညာကျွမ်းကျင်မှုများကို ဖော်ပြတတ်မည်။
- ဤပူးပေါင်းဖန်တီးသည့် လက်မှုပညာ နည်းစနစ်များအား မူလတန်းကျောင်းသားများအတွက် လိုက်လျောညီထွေမှုရှိစေရန် မည်သို့ပြင်ဆင်အသုံးပြုနိုင်မည်ကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကိုပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိပညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူများကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိပညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေများနှင့် ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်း စဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ –** ကြိုတင်လေ့လာ ပြင်ဆင်စေခြင်းဖြင့် သင်ယူနည်း၊ လက်တွေ့လုပ်ငန်း၊ မှတ်တမ်းဂျာနယ် ပြန်လည်သုံးသပ်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ –** ကြည့်ရှုလေ့လာခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းဇယား။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ –** ကျောင်းသားများအား ပထမတန်း ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် အခန်း (၄) သင်ခန်းစာ (၁) နှင့် (အခြေခံပညာ သင်ရိုးညွှန်းတမ်း) ဒုတိယတန်း ပန်းချီအနုပညာ ဆရာ့လမ်းညွှန် အခန်း (၄) သင်ခန်းစာ (၁) ကို ပြန်လည်ဆန်းစစ်စေပါ။ စာသင်ခန်းကို ပလတ်စတစ်ကြိုးများ၊ ကတ်ထူစက္ကူ၊ မြို့ကြီးများဖြင့် အလှဆင်ရန် ကြိုတင်ပြင်ဆင်ပါ။

**လိုအပ်သောရင်းမြစ်များ –** တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်၊ ပထမတန်း ဒုတိယတန်း ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် (အခြေခံပညာသင်ရိုးညွှန်းတမ်း)၊ တိပ်၊ ကော်၊ ကတ်ကြေး၊ ရောင်စုံပလတ်စတစ်ကြိုး၊ ကတ်ထူစက္ကူပုံးများ၊ A4 စာရွက်နှင့် အဖြူရောင် ကတ်ထူစာရွက်၊ ကတ်ထူစက္ကူမြို့ကြီးများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ပြန်လည်ပြုပြင်ထားသော ဖြတ်တောက်၍ရသည့် မည်သည့်ကုန်ကြမ်းပစ္စည်းမဆို။

## နိဒါန်းပျိုးခြင်း (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်ရှိ ဤသင်ခန်းစာတွင်ပါဝင်သည့် အကြောင်းအရာများကို ပြန်လည်လေ့လာပါ။ ထို့နောက် လက်မှုပညာကို စစ်ဆေးခြင်းနှင့်ပတ်သက်သည့် မေးခွန်းများကိုဖြေဆိုပါ။

### သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေသင်ယူခြင်း – လက်မှုပစ္စည်းများ ပြုလုပ်ဖန်တီးရန်အတွက် ကုန်ကြမ်းပစ္စည်းများ ပြင်ဆင်ခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို ၎င်းတို့၏ ဖတ်စာအုပ်ထဲတွင် ဖော်ပြထားသည့် သင်ခန်းစာနှစ်ခုကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါ။ ၎င်းတို့ကိုမေးမြန်းပါ။ “ဤသင်ခန်းစာများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို မည်သို့စီစဉ်မည်နည်း။”၊ “သင်ခန်းစာသင်ကြားစဉ်တွင် မည်သည့်စိန်ခေါ်မှု အခက်အခဲများ ကြုံရနိုင်သနည်း။”၊ “ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် မည်သည့်သင်ကြားနည်းစနစ်များကို လိုအပ်နိုင်သနည်း။”၊ “၎င်းနည်းစနစ်တို့သည် မည်သို့ဆင်တူနိုင်သနည်း။”၊ “၎င်းနည်းစနစ်တို့သည် မည်သို့ကွဲပြားခြားနားနိုင်သနည်း။”

၂။ ဤမေးခွန်းများအား ဆွေးနွေးပြီးစီးသည့်အခါ ကျောင်းသားများ၏ ဆွေးနွေးချက်များကို ၎င်းတို့ကျောင်းသားကိုင်စာအုပ်ထဲရှိ ပေးထားသည့် နေရာလွတ်တွင် အနှစ်ချုပ်ရေးစေရပါမည်။

၃။ ကျောင်းသားများ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အတန်းတွင်းဆွေးနွေးပွဲတစ်ခုကို အကျဉ်းချုံးစီစဉ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ၎င်းတို့၏ မိမိတို့အတန်းဖော်နှင့် ပူးပေါင်းလုပ်ငန်းလုပ်ဆောင်နိုင်စွမ်းကို စစ်ဆေးရပါမည်။ သင်ခန်းစာတစ်ခုကို စီစဉ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏အကြံဉာဏ်များ ထုတ်နိုင်စွမ်းနှင့် မေးခွန်းများဖန်တီးနိုင်စွမ်းကို စစ်ဆေးရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ပေးထားသည့်သင်ခန်းစာကို သင်ကြားခြင်းနှင့်ပတ်သက်၍ မေးခွန်းများ၊ အကြံပြုချက်များ ပေးပါလိမ့်မည်။ ၎င်းတို့သည် စိတ်ရှည်ခြင်း၊ ထပ်ခါတလဲလဲလုပ်ဆောင်ခြင်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသားများအတွက် ကတ်ကြေးအသုံးပြုနိုင်ခြင်းကဲ့သို့ ကြွက်သားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်နိုင်ခြင်းစသဖြင့် အရေးပါပုံတို့ကို သတိထားမိကြပါလိမ့်မည်။ ၎င်းတို့သည် ဒုတိယတန်း ကျောင်းသားများအတွက် ပထမတန်းတွင် လေ့လာသင်ယူခဲ့ရသည့် ကျွမ်းကျင်မှုများ ပိုမိုတိုးတက်စေရန် သင်ခန်းစာများအား အနည်းငယ် ပိုမိုရှုပ်ထွေးခက်ခဲအောင် ပြုလုပ်ခြင်း၏ အရေးပါပုံကိုလည်း သိရှိသတိထားမိကြပါလိမ့်မည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လုပ်ငန်း – အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပုံးများဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း (၂၀ မိနစ်)

၁။ ကတ်ထူမြို့တော်ကြီးတစ်ခု ပြုလုပ်ရန်အတွက် ကတ်ထူပုံးများ၊ ကတ်ကြေးများ၊ တိပ်၊ ကော်၊ A4 စာရွက် နှင့်/သို့မဟုတ် အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော စက္ကူများ၊ ဖြတ်တောက်အသုံးပြု၍ရသည့် ကတ်ထူစက္ကူများ စသည်ဖြင့် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ပြင်ဆင်နေချိန်တွင် ကျောင်းသားများကို ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် အခန်း (၄) သင်ခန်းစာ (၁) ကို ပြန်လည်ကြည့်ရှုလေ့လာရန် ညွှန်ကြားပြသပေးပါ။

၂။ ကျောင်းသားများ၏ အတန်းတွင်းရှိ ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုလေးငါးစုဖွဲ့ရန် စီစဉ်ပါ။ အုပ်စုများလေလေ သင်ခန်းစာအဆုံး၌ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုချိန် ပိုမိုရှည်ကြာလေလေ ဖြစ်ပါလိမ့်မည်။

၃။ ကျောင်းသားများကို ၎င်းတို့အကြံဉာဏ်များအားဝေမျှရန်နှင့် မြို့တစ်မြို့ဖန်တီးမည့် အစီအစဉ်များထုတ်ရန် ညွှန်ကြားပေးပါ။ ၎င်းတို့ကို ဤသို့မေးမြန်းပါ။ "မည်ကဲ့သို့သော အဆောက်အအုံများ ပြုလုပ်မည်နည်း။"၊ "မည်မျှ တည်ဆောက်မည်နည်း။"၊ "မြို့ထဲတွင် အခြားမည်သည့်အရာများ ထားရှိမည်နည်း။ (ဥပမာ – လူများ၊ ကားများ၊ တိရစ္ဆာန်များ စသည်ဖြင့်)" "မြို့အတွက် မည်သူက မည်သည့် ပစ္စည်းများကို ပြုလုပ်ဖန်တီးပေးမည်နည်း။"၊ "မည်သည့် ကုန်ကြမ်းပစ္စည်းများ လိုအပ်သနည်း။"

၄။ မှတ်တမ်းပြုစုရန်၊ မိမိတို့ဝေမျှထားသည့် အကြံအစည်အတိုင်း မြို့ကိုပုံကြမ်းချရေးဆွဲရန်၊ မည်သူက မည်သည့်ပစ္စည်း (သို့မဟုတ်) မြို့၏အစိတ်အပိုင်းတို့အား ပြုလုပ်ရန်တာဝန်ရှိသည်ကို ညွှန်ကြားရန် စသည်ဖြင့်လုပ်ဆောင်ရန် မိမိတို့ထဲမှ တစ်ဦးအား တာဝန်ပေးစေရန် အုပ်စုများအားပြောကြားပါ။ ကျောင်းသားများအား ဤလုပ်ငန်းကို အလျင်အမြန်ပြုလုပ်စေရပါမည်။ သို့မှသာ တာဝန်ခွဲဝေခြင်းနှင့် အချိန်မကုန်ကြမည် ဖြစ်ပါသည်။

၅။ ကျောင်းသားများ၏အစီအစဉ်များနှင့် ပုံကြမ်းများ အဆင်သင့်ဖြစ်ပါက မိမိတို့မြို့အတွက် လိုအပ်သော ပစ္စည်းများကို ပုံဆွဲပစ္စည်းများ၊ စာရွက်များ၊ ကတ်ထူစက္ကူများဖြင့် မိမိတို့အုပ်စုထဲတွင် စီစဉ်ထားသည့်အတိုင်း စတင်၍ဖန်တီးနိုင်ပါသည်။ ကျောင်းသားများသည် မည်သူက မည်သည့်ပစ္စည်းကို ပြုလုပ်မည်ကို တာဝန်ခွဲဝေလိုကြပါလိမ့်မည်။ သို့မဟုတ် တစ်ဦးက အဆောက်အအုံများ၏ အပြင်နံရံ၊ တစ်ဦးက ခေါင်မိုးများ၊ နောက်တစ်ဦးက ပုံရေးဆွဲဖြည့်ခြင်း (သို့မဟုတ်) အလှဆင်ပစ္စည်းများ တပ်ဆင်ခြင်းစသည်ဖြင့် စက်ရုံများမှ လုပ်သားများကဲ့သို့တန်းစီ၍ လုပ်ငန်းလုပ်ဆောင်ရန် ဆုံးဖြတ်ကောင်း ဆုံးဖြတ်ကြပါလိမ့်မည်။

၆။ ကျောင်းသားအုပ်စုများ မိမိတို့မြို့အတွက် ပစ္စည်းများဖန်တီးပြီးစီးကြသည့်အခါ မြို့ကို စတင်တပ်ဆင်ကြရန် လမ်းပြညွှန်ကြားပါ။ ကျောင်းသားများ အစီအစဉ်များကို စနစ်တကျ လုပ်ဆောင်ခဲ့ပြီး မည်သည့်ပစ္စည်းကို မည်သည့်နေရာတွင် ထားရှိမည်ကို ကြိုတင်ဆုံးဖြတ်ချက်ချ စီစဉ်ထားလျှင် ဤအပိုင်းသည် လွယ်ကူပြီး ပျော်ရွှင်စရာကောင်းပါလိမ့်မည်။

၇။ အချိန်ငါးမိနစ်ခန့်သာကျန်သောအခါ ကျောင်းသားများအားလုံး ၎င်းတို့အတန်းဖော်များ၏ လက်ရာများကိုမြင်စေရန် "ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း" ကို ပြုလုပ်ပါ။ ထို့နောက် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ၎င်းတို့အတွေးအမြင်များ

အပြင် ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုးရှိသည့် မူလတန်း ကျောင်းသားများအား သင်ကြားရာတွင် မည်သို့လက်တွေ့ အသုံးချမည်တို့ကို ဝေမျှပါ။

၈။ အကယ်၍ အချိန်ရသေးလျှင် နောက်ဆုံးအဆင့်အနေဖြင့် မြို့များအားလုံးကို တစ်စုတစ်စည်းတည်း စုလိုက်ပြီး ကြီးမားကျယ်ပြန့်သည့် အနုပညာလက်ရာတစ်ခုတွင် အစိတ်အပိုင်းအမျိုးမျိုးကို မည်သို့အလွယ်တကူ ထပ်ဖြည့်နိုင်သည်ကို နမူနာတစ်ခု အနေဖြင့် ပြသရန် ပြည်နယ်တစ်ခု ဖန်တီးနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ၎င်းတို့အုပ်စုနှင့်အတူ အုပ်စု၏ အကျိုးကို သယ်ပိုးတတ်ခြင်း၊ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်တတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်တတ်ခြင်းအစရှိသည့် ကျောင်းသားများ၏ အရည်အချင်းတို့ကို စစ်ဆေးအကဲဖြတ်ပါ။ ကတ်ထူမြို့တော်များကို စနစ်တကျအစီအစဉ်ချပြီး တည်ဆောက်ထားသင့်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် စနစ်တကျ အစီအစဉ်ချမှု၊ အချင်းချင်းပြောဆို ချိတ်ဆက်မှုတို့အောက်တွင် ကြီးမားသည့် အနုပညာလက်ရာတစ်ခုကို တည်ဆောက်ယူရန် မည်မျှလွယ်ကူမြန်ဆန်သည်ကို ကြည့်ရှုလေ့လာကြရပါလိမ့်မည်။ ၎င်းတို့သည် အသုံးပြုရန် ပြန်လည်ပြင်ဆင်ထားသော ကုန်ကြမ်းပစ္စည်းများအား အသုံးပြုခြင်းသည် အကြံအစည်အမျိုးမျိုးကို အကောင်အထည်ဖော်ရာတွင် လုပ်ရဲကိုင်ရဲဖြစ်စေသည့် (ရဲရင့်စေသည့်) အခွင့်အလမ်းများ ပေးစွမ်းနိုင်ကြောင်း လေ့လာကြရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော ကတ်ထူစက္ကူသည် တန်ဖိုးနည်းသော ပန်းချီအသုံးအဆောင်ပစ္စည်းဖြစ်သောကြောင့် အသစ်အသစ်များကို စမ်းသပ်ရာတွင် အရင်းအနှီးနည်းပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ လက်တွေ့လုပ်ငန်း – အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်သော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြင်ဆင်ထားသော ပစ္စည်းများကို အသုံးပြု၍ အလှဆင်ခြင်း (၁၀ မိနစ်)

၁။ အလှဆင်ခြင်းအတွက် လိုအပ်သည့် ရောင်စုံပလတ်စတစ်ကြိုးများ၊ တိပ်များ၊ ကတ်ကြေးများ အစရှိသော ကုန်ကြမ်းပစ္စည်းများ ပြင်ဆင်နေစဉ်တွင် ကျောင်းသားများကို ဒုတိယတန်း ပန်းချီအနုပညာ ဆရာ့လမ်းညွှန် အခန်း (၄) သင်ခန်းစာ (၁) ကို ပြန်လည်လေ့လာရန် ညွှန်ကြားပါ။

၂။ စာသင်ခန်းအတွင်းရှိ ကျောင်းသားအရေအတွက် အပေါ်မူတည်၍ ကျောင်းသားများအား အုပ်စုအသစ် လေးငါးစုခန့်ဖွဲ့ရန် စီစဉ်ပါ။ ကျောင်းသားအုပ်စုပိုများလေလေ သင်ခန်းစာပြီးချိန်တွင် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုရန် ကြာချိန်များလေလေ ဖြစ်ပါသည်။

၃။ အုပ်စုတစ်စုစီကို အတန်း၏ တစ်စိတ်တစ်ပိုင်းစီကို အလှဆင်ရန် တာဝန်ပေးအပ်ပါ။ အချိတ်အဆက်မိသော အရောင်စဉ်များ၊ စတိုင်ကျသော ချဉ်းကပ်မှုများ ထွက်လာစေရန် ကျောင်းသားများအား အတူတကွပူးပေါင်းလုပ်ဆောင်ရန် လမ်းပြညွှန်ကြားပါ။ ဥပမာအားဖြင့် ကျောင်းသားအုပ်စုများသည် ၎င်းတို့ကိုယ်ပိုင် အမှတ်သညာပုံစံများ ရရှိရန် ကြိုးများ၏အစွန်းဖက်ကို လိပ်ကြခြင်း၊ ထောင့်စွန်းများတွင် ကတ်ကြေးဖြင့် ဖြတ်ခြင်း၊ ကြိုးများကို အရှည်အမျိုးမျိုးဖြတ်ခြင်း (သို့မဟုတ်) ကြိုးတစ်ချောင်းစီ၏ အဆုံးတွင် ထုံးကြခြင်း စသည်ဖြင့် လုပ်ဆောင်လိုကြပါလိမ့်မည်။ ကျောင်းသားများအား နမူနာများပေးပြီးနောက် ၎င်းတို့ကိုယ်ပိုင်နည်းစနစ်များ၊ ချဉ်းကပ်ပုံများ ဖန်တီးပြုလုပ်ရန် တိုက်တွန်းအားပေးပါ။ ၎င်းတို့အတွက် ငါးမိနစ်သာ အချိန်ရပါလိမ့်မည်။ ထို့ကြောင့်လုပ်ငန်းကို ထိထိရောက်ရောက်လုပ်ဆောင်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန်ချရပါလိမ့်မည်။

၄။ အချိန် ဆယ်မိနစ်ခန့်သာ ကျန်သောအခါတွင် ကျောင်းသားများအားလုံး မိမိတို့ အတန်းဖော်များ၏ လက်ရာများကို တွေ့မြင်ရရန် “ပြခန်းအတွင်း လှည့်လည်ကြည့်ရှုသင်ယူခြင်း” ကိုပြုလုပ်ရပါမည်။ ထို့နောက် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အတွေးအမြင်များ၊ ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးရှိသော မူလတန်း ကျောင်းသားများအား သင်ကြားရာတွင် မည်သို့အသုံးချနိုင်မည်စသည်ဖြင့် ၎င်းတို့အတွေးအမြင်များကို မျှဝေရပါမည်။

၅။ ကျောင်းသားများကို သင်ခန်းစာမှ ၎င်းတို့၏သုံးသပ်ချက်များအား မှတ်တမ်းဂျာနယ်ထဲတွင် ရေးချရန် နောက်ဆုံးကျန်ရှိသည့် ငါးမိနစ်ကို အသုံးပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ၎င်းတို့၏အုပ်စုနှင့်အတူ အုပ်စု၏အကျိုးကို သယ်ပိုးတတ်ခြင်း၊ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်တတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်တတ်ခြင်းအစရှိသည့် ကျောင်းသားများ၏ အရည်အချင်းတို့ကို စစ်ဆေးအကဲဖြတ်ပါ။ အလှဆင်ထားသည့် စာသင်ခန်းရေိယာသည် ရှင်းလင်းသော အရောင်စဉ်၊ စတိုင်ကျသော ချဉ်းကပ်မှုတို့ဖြင့် သိသာထင်ရှားပြီး တစ်သားတည်း ချိတ်ဆက်မှု ရှိနေရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် စနစ်တကျအစီအစဉ်ချမှု၊ အချင်းချင်းပြောဆို ချိတ်ဆက်မှုတို့အောက်တွင် ကြီးမားသည့် အနုပညာလက်ရာတစ်ခုကို တည်ဆောက်ယူရန် မည်မျှလွယ်ကူမြန်ဆန်သည်ကို ကြည့်ရှုလေ့လာကြရပါလိမ့်မည်။ ၎င်းတို့သည် အသုံးပြုရန် ပြန်လည်ပြင်ဆင်ထားသော ကုန်ကြမ်းပစ္စည်းများအား အသုံးပြုခြင်းသည် အကြံအစည်အစီအစဉ်အမျိုးမျိုးကို အကောင်အထည်ဖော်ရာတွင် လုပ်ရဲကိုင်ရဲဖြစ်စေသည့် (ရဲရင့်စေသည့်) အခွင့်အရေးများ ပေးစွမ်းနိုင်ကြောင်း လေ့လာကြရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော ပလတ်စတစ်ကြိုးသည် တန်ဖိုးနည်းသော ပန်းချီအသုံးအဆောင်ပစ္စည်းဖြစ်သောကြောင့် အသစ်အသစ်များကို စမ်းသပ်ရာတွင် အရင်းအနှီးနည်းစေပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန် ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန်

အားပေးခြင်းတို့ကို ပြုလုပ်ပါ။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့သင်ယူခဲ့ရသနည်း။ ၎င်းတို့ကိုကျောင်းသားများ မည်မျှ အသုံးပြုနိုင်ဖွယ်ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

## သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း

| ရှာဖွေတွေ့ရှိသော (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများဖြင့် အနုပညာလက်ရာများ ဖန်တီးခြင်း | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| ဖန်တီးခြင်း။ ကျောင်းသားသည် အများနှင့်မတူသော အနုပညာလက်ရာတစ်ခုကို ဖန်တီးနိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားသည် နိုင်လွန်ကြိုး (သို့မဟုတ်) ပလတ်စတစ်ကြိုးဖြင့် သရုပ်ပြ လုပ်ဆောင်နိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားသည် မြို့တည်ဆောက်ပုံကို ပြန်လည်ပြုပြင်ထားသော ကတ်ထူစက္ကူပုံးများဖြင့် သရုပ်ပြလုပ်ဆောင်နိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် ကတ်ထူမြို့တွင်းရှိ အမြင့်အမျိုးမျိုး ခွဲခြားသတ်မှတ်နိုင်သည်။ | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားသည် အနုပညာပစ္စည်း ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် နိုင်လွန်ကြိုး၊ ကတ်ထူစက္ကူနှင့် အခြားသော ပြန်လည်ပြုပြင်ထားသည့် ကုန်ကြမ်းပစ္စည်းများ၏ နေ့စဉ်ဘဝတွင် အသုံးပြုပုံကို သိရှိခွဲခြားနိုင်သည်။ | | | |

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

မေးခွန်း ၁။ မူလတန်းအစောပိုင်း ကျောင်းသားများအတွက် ရှာဖွေတွေ့နိုင်သော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

အဖြေ။ *အနုပညာ ပစ္စည်းများ ပြုလုပ်သောအခါ အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများ အသုံးပြုခြင်းသည် တီထွင်ဖန်တီးတတ်သည့် ကျွမ်းကျင်မှုကို ထိတွေ့ အကျိုးသက်ရောက်စေရုံသာမက မိမိတို့ ပတ်ဝန်းကျင်အား ဂရုစိုက်ရန် အရေးပါပုံကိုလည်း သင်ကြားပေးပါသည်။ ထို့ပြင် ပြုလုပ်ရာတွင် ဆေးရောင်များ (သို့မဟုတ်) အခြားသော ကြားခံအကူပစ္စည်းများ အသုံးပြုခြင်းထက် ကုန်ကျစရိတ်ကို သက်သာစေပါသည်။*

မေးခွန်း ၂။ ပူးပေါင်းဖန်တီးခြင်း၊ အချင်းချင်း ပူးပေါင်းလုပ်ဆောင်ခြင်းတို့သည် ပထမတန်း၊ ဒုတိယတန်း ကျောင်းသားများအတွက် မည်သို့အရေးပါသည့် ကျွမ်းကျင်မှုများ ဖြစ်ကြသနည်း။ ဤသဘောတရားကို သင်၏ သင်ကြားပုံက မည်သို့ ထောက်ပံ့အားပေး သနည်း။

အဖြေ။ *ပူးပေါင်းဖန်တီးခြင်းနှင့် အချင်းချင်း ပူးပေါင်းလုပ်ဆောင်ခြင်းတို့သည် စိတ်ရှည် တတ်မှု၊ အားပေးတတ်မှု၊ အဖန်တလဲလဲ လုပ်ဆောင်တတ်မှုတို့ကို တိုးတက်စေပါသည်။ ယင်းတို့သည် ပထမတန်း၊ ဒုတိယတန်း ကျောင်းသားများ၏ တွေးတော သိရှိနားလည် နိုင်စွမ်းနှင့် အနုပညာ ပစ္စည်းများနှင့် ကြားခံ အကူပစ္စည်းများအား ထိန်းချုပ်ရန်အတွက် ကြွက်သားဖွံ့ဖြိုးမှုတို့ကို အထောက်အကူဖြစ်စေပါသည်။*

မေးခွန်း ၃။ လက်မှုပညာသည် ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မည်သို့ အထောက်အကူ ဖြစ်စေသနည်း။

အဖြေ။ *ဆရာများသည် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရာတွင် ဖြည်းဖြည်း မှန်မှန်ဖြင့် ကျောင်းသားများအတွက် အခြားကျွမ်းကျင်မှုတစ်ခုကို မသင်ယူမီ တစ်ခုကို ပိုင်နိုင်စေရန် လုံလောက်သော အချိန်ပေးရပါမည်။*

မေးခွန်း ၄။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ နှင့်/သို့မဟုတ် အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများကို အသုံးပြု၍ ပန်းချီအနုပညာကို ဖန်တီးပုံအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များမှာ အဘယ်နည်း။

အဖြေ။ *ပန်းချီအနုပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍ လေးရပ်မှာ (၁) ဖန်တီးခြင်း၊ (၂) လက်တွေ့လုပ်ဆောင်ခြင်း၊ (၃) တုံ့ပြန်ဖြေဆိုခြင်း၊ (၄) ချိတ်ဆက်ခြင်း စသည်တို့ ဖြစ်ပါသည်။*

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- လက်မှုပညာသင်ကြားမှုနည်းလမ်းများတွင် ကျောင်းသားများအား ကုန်ကြမ်းပစ္စည်းများ၊ ရေးဆွဲနည်းစနစ်များ စမ်းသပ်လေ့လာနိုင်ရန် ဒီဇိုင်းဖန်တီးခြင်း အခွင့်အလမ်းများ ပေးခြင်း၊ ဝေဖန်ပိုင်းခြားတတ်သည့်ဉာဏ်နှင့် ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုတို့ကို မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။
- ရှာဖွေတွေ့ရှိသော ပစ္စည်းများ နှင့်/သို့မဟုတ် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများ အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိစိတ်ဓာတ်နှင့် ကျောင်းသားများ ၎င်းတို့၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အသိစိတ်ဓာတ်တို့ကို ဖွံ့ဖြိုးစေပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

အုပ်စုပရောဂျက်များသည် ပူးပေါင်းဖန်တီးတတ်ရန်၊ ပူးပေါင်းဆောင်ရွက်တတ်ရန် သင်ကြားပေးသည့်အပြင် ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအတွက် တစ်ဦးချင်းစီ လုပ်ဆောင်ရန်ခက်ခဲသော ပရောဂျက်ကြီးများအား လုပ်ကိုင်တွေ့ကြုံခံစားရရန် အခွင့်အလမ်းများ ပေးသည်။

ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအသုံးပြုခြင်းသည် အကြံဉာဏ်အမျိုးမျိုးတို့ကို စူးစမ်းလေ့လာရန် လုပ်ကိုင်ရဲသည့် အခွင့်အလမ်းများ ပေးစွမ်းသည်။

## ဆက်လက်ဖတ်မှတ်စရာများ

၃.၂.၁။

Ofsted. (2012, March). *Report: Making a mark: Art, craft and design education (2008–2011).* https://www.gov.uk/government/publications/art-craft-and-design-education-making-a-mark

Pöllänen, S. (2011). Beyond craft and art: A pedagogical model for craft as self-expression. *International Journal of Education through Art, 7(*2), 111–125.

# ၃.၃။ ရသခံစား တန်ဖိုးထားခြင်း

ဤအခန်းငယ်တွင် မူလတန်းအစောပိုင်းနှစ် ကျောင်းသားများအတွက် အနုပညာ (ပန်းချီ) အား ရသခံစားတန်ဖိုးထားတတ်သည့်စိတ် မွေးမြူတတ်ရန် သင်ကြားပေးခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ ပါဝင်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာသင်ယူမှုများအတွက် ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရန် ဇာတ်ကြောင်းပြောဆိုခြင်းကို အသုံးပြုရာတွင် ပါဝင်သည့်နည်းလမ်းများကို ဖော်ပြတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း ကျွမ်းကျင်မှုအား သင်ကြားရာတွင် မေးမြန်းရန် အဓိကမေးခွန်းသုံးခုကို ဖော်ပြတတ်မည်။
- အနုပညာလက်ရာတစ်ခု၏ အယူအဆတစ်ခုကို အသစ်အသစ်သော၊ တစ်မူထူးခြားသော ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကားအဖြစ် မည်သို့ချဲ့ထွင်ရမည်ကို နားလည်မှုအား သရုပ်ဖော်ပြသတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

# ၃.၃.၁။ ဇာတ်ကြောင်းများ အသုံးပြု၍ ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားသည့် နည်းလမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာသင်ယူမှုများအတွက် ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရန် ဇာတ်ကြောင်းပြောဆိုခြင်းကို အသုံးပြုရာတွင် ပါဝင်သည့်နည်းလမ်းများကို ဖော်ပြတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း ကျွမ်းကျင်မှုအား သင်ကြားရာတွင် မေးမြန်းရန် အဓိကမေးခွန်းသုံးခုကို ဖော်ပြတတ်မည်။
- အနုပညာလက်ရာတစ်ခု၏ အယူအဆတစ်ခုကို အသစ်အသစ်သော၊ တစ်မူထူးခြားသော ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကားအဖြစ် မည်သို့ချဲ့ထွင်ရမည်ကို နားလည်မှုအား သရုပ်ဖော်ပြသတတ်မည်။
- ရသခံစားတန်ဖိုးထားခြင်းအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၃.၂.၁) စာသင်ခန်းအတွင်းလုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့်ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိ သညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်း ဆောင်ရွက်ထားကြောင်း ရှင်းပြသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – ကြိုတင်လေ့လာ ပြင်ဆင်စေသောသင်ယူမှု၊ လက်တွေ့လုပ်ငန်း၊ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – စောင့်ကြည့်လေ့လာခြင်း၊ သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း ဇယား။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၃.၁) ကို ပြန်လည်လေ့လာပါ။ ပန်းချီလက်ရာ ဓာတ်ပုံတစ်ပုံ နှစ်ပုံခန့်ကို ပုံပြင် အဖြစ် ပြောပြရန် ပြင်ဆင်ပါ။ ကွန်ပျူတာမှတစ်ဆင့် ပြသ၍သော်လည်းကောင်း စာရွက် (ပရင့်) ထုတ်၍သော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။

**လိုအပ်သောရင်းမြစ်များ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင်အဖြစ်ဖြစ်စေ ထုတ်လွှင့်ပြသရန်ဖြစ်စေ (ဤအတွက် လက်တော့ပ်နှင့် ပရော်ဂျက်တာ လိုအပ် ပါမည်။) ပြင်ဆင်ထားသော ပန်းချီလက်ရာ ဓာတ်ပုံများ၊ A4 စာရွက်များ၊



ဖယောင်းတောင့်များ၊ မာကာဘောပင်များ၊ ဆေးရောင်များ၊ စုတ်တံများ အစရှိသည့် အနုပညာပန်းချီပစ္စည်းများ။

## နိဒါန်းပျိုးခြင်း (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင် စာအုပ်ရှိ ဤသင်ခန်းစာတွင် ပါဝင်သော အကြောင်းအရာများကို ပြန်လည်လေ့လာပါ။ ထို့နောက် ရသခံစားတန်ဖိုးထားခြင်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် သက်ဆိုင်သော မေးခွန်းများကို ဖြေဆိုပါ။

## သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ငန်း – အနုပညာလက်ရာတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်း (၁၅ မိနစ်)

၁။ ပန်းချီလက်ရာတစ်ခု၏ ဓာတ်ပုံအား နံရံပေါ်တွင်ဝေမျှပေးစဉ် (သို့မဟုတ်) ထုတ်လွှင့်ပြသနေစဉ် ကျောင်းသားများကို တစ်ဦးချင်းစီလုပ်ဆောင်ရန် လမ်းပြညွှန်ကြားပါ။ ရွေးချယ်ထားသော ပန်းချီလက်ရာတွင် ရှုပ်ထွေးမှုအနည်းငယ် ရှိသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်၏ကျောင်းသားများထံမှ ယင်းပန်းချီလက်ရာအတွင်းတွင် ဖြစ်ပျက်နေသည်များနှင့် ပတ်သက်၍ အမြင်အမျိုးမျိုး၊ ဓာတ်လမ်းအမျိုးမျိုး ထွက်ပေါ်လာစေရန် ဖြစ်ပါသည်။ ကျောင်းသားများအား ပန်းချီလက်ရာနှင့် ပတ်သက်၍ မည်သည့်အချက်အလက်ကိုမျှ မပေးပါနှင့်။ ၎င်းတို့အား ကိုယ်ပိုင်ထင်မြင်ယူဆချက်များကို တွေးယူရန် တိုက်တွန်း အားပေးပါ။ ပန်းချီလက်ရာများသည် နေရာတိုင်း၊ ကြားခံဧရိယာ နယ်ပယ်တိုင်းတွင် ဖြစ်ပေါ်နေနိုင်ပါသည်။ သို့သော် သိသာထင်ရှားသည့် ပုံပန်းသဏ္ဌာန်များ ပါဝင်နေရပါမည်။ ဆိုလိုသည်မှာ စိတ်နှင့်သာ သက်ဆိုင်ပါသည်။ ပါဝင်သည့် အနုပညာလက်ရာ နမူနာများမှာ –

၂။ ကျောင်းသားများကို ပန်းချီကားအားကြည့်ရှုရန် ညွှန်ကြားပါ။ ထို့နောက် ဤသို့ မေးမြန်းပါ။ "ဤပုံကားချပ်ထဲတွင် မည်သည့်အရာများ ဖြစ်ပျက်နေသနည်း။"၊ "မည်သည့်အရာက သင့်ကိုထိုသို့ တွေးမိစေသနည်း။"၊ "နောက်ထပ် မည်သည့် အရာများကို ရှာဖွေတွေ့ရှိနိုင်သနည်း။" ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ အဖြေများကို ပေးထားသည့် နေရာလွတ်တွင် ချရေးရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား လေးယောက်ထက်မပိုသော အုပ်စုများဖွဲ့ရန် စီစဉ်ပါ။ ၎င်းတို့၏ အမြင်များကို သက်ဆိုင်ရာ အုပ်စုအတွင်း ဝေမျှစေပြီး ကွဲပြားနေသည့် ထင်မြင်ယူဆချက်အမျိုးမျိုးကို ဆွေးနွေးစေပါ။ မိမိတို့ ထင်မြင်ယူဆချက်များနှင့် ပတ်သက်၍ အဖြေမှန်သည် မှားသည်ဟူ၍မရှိကြောင်း အသိပေးပါ။ ထိုသို့အသိပေး ရသည့် အဓိကအချက်မှာ မိမိတို့မြင်သည့်အတိုင်း အခြားသူများကိုမြင်ရန် မတိုက်တွန်းမိစေရေး ဖြစ်ပါသည်။

၄။ ဤသည်တို့သည် စာသင်ခန်းပြင်ပ ၎င်းတို့၏လက်တွေ့ဘဝနှင့် မည်သို့ဆက်နွှယ် နေကြောင်း ဆွေးနွေးရန်နှင့် အယူအဆကွဲလွဲနေသော အခြေအနေများ၊ ကိစ္စများ နှင့်ပတ်သက်သည့် ဥပမာနမူနာများအားမျှဝေရန် ကျောင်းသားများကို ညွှန်ကြားပါ။ ၎င်းတို့အတန်းဖော်အချင်းချင်းအကြား ပေါင်းသင်းဆက်ဆံရေး ပိုမိုကောင်းစေရန် ပန်းချီ အနုပညာအပေါ် တွေးခေါ်ယူဆပုံများထံမှ မည်သည့်အရာများကို လေ့လာ သိရှိခဲ့ရသနည်း။

၅။ ကျောင်းသားများအား ၎င်းတို့၏ အုပ်စုတွင်းဆွေးနွေးချက်ကို ပေးထားသည့် နေရာလွတ်တွင် အနှစ်ချုပ် ရေးသားစေပါ။

၆။ အချိန်ငါးမိနစ်ခန့် ကျန်သောအခါ ကျောင်းသားတို့၏အဖြေများနှင့်ပတ်သက်၍ အတန်းတွင်း ဆွေးနွေးမှုတစ်ခု ပြုလုပ်ရန် စီစဉ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ရုပ်ပုံတစ်ပုံ၏ အဓိပ္ပာယ်အမျိုးမျိုးကို မြင်တွေ့ရရန်နှင့် မတူညီသော လူတို့သည် တူညီသော ပန်းချီလက်ရာ ပစ္စည်းများအပေါ်တွင် မတူညီသော အရာများကို မြင်တတ်ကြောင်း သဘောပေါက် နားလည်စေရန်အတွက် ကျောင်းသားများ၏ အပြည့်အဝ ပါဝင်လုပ်ဆောင်တတ်သည့် အရည်အချင်းကို စောင့်ကြပ်ကြည့်ရှုပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် မိမိတို့၏အမြင်များကို ပြောဆိုနိုင်ပါလိမ့်မည်။ ပန်းချီလက်ရာထဲတွင် မိမိတို့မြင်ရသော ဆန်းသစ်သည့်ဇာတ်ကြောင်းများ အမြင်များကို ဝေမျှကြပါလိမ့်မည်။ အချို့သော ကျောင်းသားများက ပုံရိပ်အမျိုးမျိုးကို မြင်နိုင်ကြပြီး အမြင်အမျိုးမျိုး၊ ဖြေရှင်းချက်အမျိုးမျိုးကို ပေးကြမည်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လုပ်ငန်း – ဇာတ်လမ်းကို ချဲ့ထွင်ခြင်းနှင့် အနုပညာလက်ရာတစ်ခု ဖန်တီးတည်ဆောက်ခြင်း (၂၅ မိနစ်)

၁။ ပန်းချီပစ္စည်းများ ပြင်ဆင်ထားပြီး လုပ်ငန်း၏ နောက်ဆုံးအဆင့်အထိ အသုံးပြု၍ရအောင် ကျန်ရှိနေစေရေး အထူးဂရုပြုပါ။

၂။ ကျောင်းသားများကို တစ်ဦးချင်းစီလုပ်ဆောင်ရန် ညွှန်ကြားပါ။ ထို့နောက် ဤသင်ယူမှုလုပ်ငန်းအတွက် ပြသထားသည့် ပန်းချီလက်ရာနှင့်ပတ်သက်သည့် အယူအဆတစ်ခုကို ရွေးချယ်ပါ။ ကျောင်းသားများကို ၎င်းတို့၏ ဇာတ်ကြောင်းနှင့် ပတ်သက်သည့် အယူအဆမတိုင်မီ မည်သည့်အခြင်းအရာများ ဖြစ်ပျက်ခဲ့နိုင်သည်ကို စဉ်းစားကြည့်ရန် ပြောပါ။ ဤသို့မေးမြန်းပါ။ “မည်သည့်အဖြစ်အပျက်များ

(သို့မဟုတ်) အခြေအနေများက ဤဖြစ်ရပ်ကို ဦးတည်စေခဲ့သနည်း။”၊ “ဤအချိန်ကာလမတိုင်မီ မည်သည့်အဖြစ်အပျက်များ ဖြစ်နိုင်ခဲ့သနည်း။”

၃။ ကျောင်းသားများအား ၎င်းတို့၏ အတွေးအမြင်တို့ကို အောက်တွင်ပေးထားသည့် နေရာလွတ်တွင်ရေးသားရန် လမ်းပြညွှန်ကြားပါ။

၄။ အနုပညာလက်ရာထဲမှ မြင်ကွင်းနောက်ပိုင်း ဇာတ်ကြောင်းထဲတွင် နောက်ထပ် မည်သည့်အခြင်းအရာများ ဖြစ်ပျက်နိုင်သည်ကို ကျောင်းသားများအား စဉ်းစားစေပါ။ မည်သည့်အရာများ ဖြစ်ပျက်နေသည်၊ မည်သို့ဖြစ်ပျက်ခဲ့သည်စသဖြင့် ကျောင်းသားများ ပြောဆိုဖန်တီးထားသည့် ဇာတ်ကြောင်းများအပေါ်မူတည်၍ အောက်ပါအတိုင်းမေးမြန်းပါ – “မည်သည့်အရာများ ဆက်လက်ဖြစ်ပျက်မည်နည်း”၊ “မည်သည့်အရာများသည် ပြောင်းလဲသွားမည်နည်း။ အဘယ့်ကြောင့်နည်း။”

၅။ ကျောင်းသားများအား ၎င်းတို့၏အမြင်များကို ပေးထားသည့်နေရာလွတ်တွင် ချရေးရန် ညွှန်ကြားပါ။

၆။ ကျောင်းသားများကို ဖြစ်ပျက်နေသည့် (သို့မဟုတ်) ဖြစ်ပျက်ခဲ့ပြီးသည့် ဇာတ်ကြောင်းများထဲမှ တစ်ခုကို ရွေးချယ်ရန် ပြောပါ။ ကျောင်းသားများအား ၎င်းတို့၏ အယူအဆ အထင်အမြင်ကို ထင်ဟပ်သည့် ပန်းချီလက်ရာတစ်ခု ရေးဆွဲရန် (သို့မဟုတ်) ရေးခြယ်ရန် ညွှန်ကြားပါ။

၇။ ကျောင်းသားများကို ပေးထားသည့် ပစ္စည်းများကို အသုံးပြု၍ မူလပန်းချီကားမှ မြင်ကွင်းပြီးနောက် မည်သို့ဖြစ်ခဲ့သည်၊ မည်သို့ဖြစ်လာမည်တို့ကို တွေးယူ၍ ၎င်းတို့ ဖန်တီးထားသော ဇာတ်ကြောင်းအသစ်၏ မြင်ကွင်းတစ်ခုကို ရေးဆွဲရန် (သို့မဟုတ်) ရေးခြယ်ရန် ညွှန်ကြားပါ။

၈။ အချိန်ငါးမိနစ်ခန့်သာ ကျန်သောအခါ ကျောင်းသားများ၏ ပန်းချီလက်ရာများကို မြင်ရရန် “ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း” ကို ဦးဆောင်ပြုလုပ်ပါ။ ထို့နောက် အတန်းဖော်များ၏ ပန်းချီလက်ရာများကို လေ့လာခြင်းမှ ကျောင်းသားတို့ မြင်တွေ့ သင်ယူခဲ့ရသည့် အရာများနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ခု ပြုလုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ဖန်တီးနိုင်စွမ်း နှင့်/သို့မဟုတ် မူရင်းပန်းချီကားချပ်မှ ဇာတ်ကြောင်းကို ချဲ့ထွင်နိုင်စွမ်းကို ကြည့်ရှုလေ့လာပါ။ ကျောင်းသားများသည် ပန်းချီကားအတွင်းတွင် အခန်းကဏ္ဍအသစ်များ တီထွင်ဖန်တီးနိုင်သင့်ပါသည်။ ထို့နောက် ၎င်းတို့၏ ဇာတ်ကြောင်းကို မြင်တွေ့နိုင်အောင် ချပြတတ်ရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဇာတ်ကြောင်း၏ လက်ရာအသစ်ကို ချပြပြောဆိုနိုင်ပါလိမ့်မည်။ ထို့နောက် ၎င်းတို့ဖော်ညွှန်းလိုသည့် ရှုခင်းမြင်ကွင်းကို တိတိကျကျ ထင်ဟပ်နိုင်သည့် ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကားကို ဖန်တီးထုတ်လုပ်နိုင်ပါလိမ့်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင် ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့သင်ယူခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားများ မည်မျှသုံးနိုင်ဖွယ်ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

| ဇာတ်ကြောင်းများ အသုံးပြု၍ ရသခံစား တန်ဖိုးထားခြင်း | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားသည် အနုပညာလက်ရာ တစ်ခုအပေါ် မိမိ၏ယူဆချက်အတိုင်း အခြေခံ၍ အများနှင့်မတူသော ကိုယ်ပိုင်ဇာတ်လမ်းတစ်ခုကို ဖန်တီးနိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် ပုံကားချပ် (သို့မဟုတ်) ပန်းချီကားချပ်အတွင်းတွင် ဖြစ်ပျက်နေသည်များအပေါ် ကိုယ်ပိုင်အမြင် အယူအဆများ ဖန်တီးနိုင်သည်။ | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားသည် မိမိတို့လက်တွေ့ဘဝ (သို့မဟုတ်) အခြားသူတစ်ယောက်၏ ဘဝနှင့် ဆင်တူသော ဇာတ်လမ်းတစ်ခုကို ခွဲခြားသိရှိသည်။ | | | |

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရာတွင် လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာသင်ယူခြင်းတို့၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသားများသည် မိမိတို့ခံစားချက်များကို ချပြရန်၊ ယဉ်ကျေးမှုဆိုင်ရာ သိရှိနားလည်မှုကို ဖွံ့ဖြိုးစေရန်၊ နားလည်ခြင်းအပြင် တီထွင်ဖန်တီးနိုင်စွမ်းတို့ကို လေ့လာသင်ယူကြပါသည်။ အခြားသူများ၏ အယူအဆနှင့်ခံယူချက်တို့ကို နားထောင်ခြင်းအားဖြင့် ကျောင်းသားများသည် တူညီသော အရာဝတ္ထုတစ်ခုတည်းကို ကြည့်မြင်နိုင်သည့် နည်းလမ်းပေါင်း မြောက်မြားစွာရှိသည်ကို လေ့လာသင်ယူကြပါသည်။*

မေးခွန်း ၂။ ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရာတွင် မည်သို့သော ဇာတ်ကြောင်းပြောဆိုခြင်း နည်းလမ်းများကို အသုံးပြုထားသနည်း။ ကျောင်းသားများအား အဓိက မေးမြန်းသင့်သည့် မေးခွန်းသုံးခုမှာ အဘယ်နည်း။

အဖြေ။ *ကြည့်ရှုလေ့လာခြင်းနှင့် သုံးသပ်လေ့လာခြင်းနည်းလမ်းတို့ကို အသုံးပြုထားပါသည်။ မေးခွန်းသုံးခုမှာ "ဤပုံကားချပ်ထဲတွင် မည်သည့်အရာများ ဖြစ်ပျက်နေသနည်း။" "မည်သည်က သင့်ကို ထိုသို့ တွေးမိစေသနည်း။" "မည်သည့်အရာတို့ကို ထပ်မံတွေ့ရှိနိုင်သနည်း။"*

မေးခွန်း ၃။ ပန်းချီလက်ရာတစ်ခုနှင့်ပတ်သက်သည့် အယူအဆတစ်ခုကို မည်သို့ချဲ့ထွင်နိုင်သနည်း။ ထို့နောက်အသစ်အသစ်သော အခြားအရာများနှင့်မတူသည့် လက်ရာတစ်ခုဖြစ်အောင် မည်သို့ပြောင်းလဲပစ်နိုင်သနည်း။ ဤနည်းဖြင့် မည်သို့သော မှုကွဲများကို ပြုလုပ်နိုင်သနည်း။

အဖြေ။ *ကျောင်းသားများသည် ပုံကားချပ်မတိုင်မီ မည်သည့်အခြင်းအရာများ ဖြစ်ပျက်ခဲ့နိုင်သည်၊ ထို့နောက်တွင် မည်သည့်အရာများ ထပ်ဖြစ်နိုင်သည်စသည်ဖြင့် စဉ်းစားပုံဖော်နိုင်ရန် အချက်များကို ပေးထားပါသည်။ ဤသို့သော အဖြေများမှစ၍ ဇာတ်ကြောင်းကို ချဲ့ထွင်နိုင်သည့် အသစ်အသစ်သော ပန်းချီလက်ရာကို ဖန်တီးနိုင်ပါသည်။ ထို့ပြင် ကျောင်းသားများအား ကိုယ်ပိုင်မူရင်းလက်ရာတစ်ခုကို ဖန်တီးနိုင်သည့် အခွင့်အရေးတစ်ခုကိုလည်း ပေးစွမ်းပါသည်။*

မေးခွန်း ၄။ ရသခံစားတန်ဖိုးထားခြင်းကို စစ်ဆေးရန် စံသတ်မှတ်ချက်များမှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသားများသည် မိမိတို့အယူအဆအပေါ်မူတည်၍ ကိုယ်ပိုင်ဇာတ်ကြောင်းတစ်ခုကို ဖန်တီးနိုင်သည်။ ကျောင်းသားများသည် ပုံထဲတွင် (သို့မဟုတ်) ပန်းချီကားထဲတွင် မည်သည့်အရာများ ဖြစ်ပျက်နေသည်နှင့်ပတ်သက်သည့် ကိုယ်ပိုင်အယူအဆတို့ကို ဖော်ထုတ်နိုင်သည်။ ထို့နောက် မိမိတို့လက်တွေ့ဘဝတွင် တွေ့ရသည့်ပုံစံတူဇာတ်ကြောင်းကိုလည်း ခွဲခြားသိရှိနိုင်ကြသည်။ ယင်းဇာတ်ကြောင်းသည် ကျောင်းသားများလက်တွေ့ဘဝအပေါ်လည်း အခြေခံနိုင်သည်၊ အခြားသူတစ်ယောက်၏ ဘဝအပေါ်တွင်လည်း အခြေခံနိုင်ပါသည်။*

## အိမ်စာအလုပ်ပေးခြင်း

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းကို ပြင်ဆင်သည့်အနေဖြင့် အောက်ပါအိမ်စာလုပ်ငန်းများကို ကျောင်းသားများအား တာဝန်ပေးအပ်ပါ။

၁။ တတိယနှစ် ပန်းချီအနုပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းအား ပြန်လည်ဆန်းစစ်စေပါ။

၂။ လက်ကမ်းစာစောင် (၁)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ပြမှုပုံစံရေးဆွဲခြင်းဇယားကို လက်ကမ်းစာစောင်အတွင်းတွင် ပေးထားသော လမ်းညွှန်ချက်များအတိုင်း လိုက်၍ ဖြည့်စွက်ပါ။

ဤအခန်းမှ သင်ခန်းစာတစ်ခုကိုရွေးချယ်ပြီး တာဝန်ပေးအပ်ပါ။ ထို့နောက် လက်ကမ်းစာစောင် (၂)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ပြမှုပုံစံလွှာကို ပေးပါ။ ထို့နောက် တာဝန်ပေးအပ်ထားသော သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသားများကို ဖြည့်စွက်ရန် ညွှန်ကြားပါ။ သင်တာဝန်ပေးအပ်မည့် သင်ခန်းစာကို ရွေးချယ်ပုံမှာ ၎င်းနှစ်ဝက်မှ ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များအပေါ် ထင်ဟပ်သင့်ပါသည်။ အချို့သော နှစ်ဝက်ကျောင်းသားများသည် အကသင်ကြားခြင်းအတွက် လေ့ကျင့်ရန်လည်းကောင်း၊ အချို့နှစ်ဝက်ကျောင်းသားများမှာ ဂီတတူရိယာများသင်ကြားခြင်းကို လေ့ကျင့်ရန်လည်းကောင်း လိုအပ်နိုင်ပါသည်။ ဤသည်က ဆရာတစ်ဦးအနေဖြင့် သင့်ကိုလည်း ပြောင်းလွယ်ပြင်လွယ် လိုက်လျောညီထွေရှိစေပြီး အပြောင်းအလဲအမျိုးမျိုး ပြုလုပ်ခွင့်လည်း ပေးပါသည်။

အုပ်စုဖွဲ့လုပ်ငန်းများ၊ သရုပ်ဖော်လုပ်ဆောင်မှုများ၊ ဖျော်ဖြေရေးများပါဝင်သည့် လုပ်ငန်းတစ်ခုကို ရွေးချယ်ပါ။ တွေး–တွဲ–မျှဝေ သင်ယူခြင်းလုပ်ငန်းများနှင့် ပြန်လည်သုံးသပ်ခြင်းတို့မှာ ကျောင်းသားများအတွက် သင့်တော်သည့် သင်ယူမှုအတွေ့အကြုံများ ပေးစွမ်းနိုင်ခြင်းမရှိပါ။ ဤအခန်းတွင် ပါဝင်သည့် သင်လျော်သည့် လုပ်ငန်းများမှာ –

- ၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားပုံနည်းလမ်းများ
- ၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများ အသုံးပြု၍ အနုပညာတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှုနည်းလမ်းများ
- ၃.၃.၁။ ဇာတ်ကြောင်းများ အသုံးပြု၍ ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားသည့် နည်းလမ်းများ

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- မူလတန်းအစောပိုင်း ကျောင်းသားများသည် အခြားသူများ၏ ထင်မြင်ယူဆချက်များကို နားထောင်ခြင်းအားဖြင့် မိမိတို့၏ခံစားချက်များကို ဖော်ထုတ်ချပြနိုင်သည့် စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာအသိများ၊ နားလည်မှုများအပြင် တီထွင်ဖန်တီးနိုင်စွမ်းများပါ တိုးတက်လာပါလိမ့်မည်။
- ရသခံစားတန်ဖိုးထားခြင်းသည် ကျောင်းသားများကို စူးစမ်းလေ့လာတတ်သော ပိုင်းခြားဝေဖန်တတ်သော ကျွမ်းကျင်မှုများ တိုးတက်လာစေပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

ပန်းချီအနုပညာသည် တွေးခေါ်လေ့လာခြင်းနှင့် ကြွက်သားဖွံ့ဖြိုးတိုးတက်ခြင်း၊ တွေးတောယူဆခြင်း၊ ဇာတ်ကြောင်းဖန်တီးပြောဆိုခြင်း၊ စူးစမ်းလေ့လာခြင်း အစရှိသည့် ဘဝအတွက် အရေးပါသော ကျွမ်းကျင်မှုများ သင်ကြားပေးပါသည်။

“အဘယ်ကြောင့်ဟူသနည်း မေးမြန်းခြင်း နည်းငါးမျိုး (“5 Whys” technique)”ကို အသုံးပြုခြင်း – “အဘယ့်ကြောင့်” ဟူသော မေးခွန်းကို ငါးကြိမ်မေးခြင်းအားဖြင့် ပြဿနာတစ်ခုနှင့်ပတ်သက်၍ ပိုမိုနက်ရှိုင်းစွာ တွေးတောစေပြီး ကျွန်ုပ်တို့၏ ယူဆချက်များကို မေးခွန်းထုတ်စေပါသည်။

# ဆက်လက်ဖတ်မှတ်စရာများ

## ၃.၃.၁။

Ingram, C. (2015). *Exploring narrative in art. Art Class Curator.* https://artclasscurator.com/exploring-narrative-through-art/

Research and Theory. Visual Thinking Systems. https://vtshome.org/research/

*The 5 Whys.* Mind Tools. https://www.mindtools.com/a3mi00v/5-whys

# ၃.၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်း ပန်းချီအနုပညာ အတန်းများတွင် လက်မှုပညာ၊ ပန်းချီရေးဆွဲခြင်းနှင့် ရသခံစားတန်ဖိုးထားခြင်းတို့အား သင်ကြားသင်ယူမှု နည်းလမ်းများကို စစ်ဆေးခွဲခြားတတ်မည်။
- သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခုကို ပို့ချတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင်သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

# ၃.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –

- မူလတန်း ပန်းချီအနုပညာ အတန်းများတွင် လက်မှုပညာ၊ ပန်းချီရေးဆွဲခြင်းနှင့် ရသခံစားတန်ဖိုးထားခြင်းတို့အား သင်ကြားသင်ယူမှု နည်းလမ်းများကို စစ်ဆေးခွဲခြားတတ်မည်။
- သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခုကို ပို့ချတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက်သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိပညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် ကျွမ်းကျင်မှုများ သင်ယူရာတွင် အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့်လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာအသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – ပြန်လည်ဆန်းစစ်ခြင်း၊ သင်ခန်းစာစီစဉ်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – အုပ်စုငယ်ဖြင့်စမ်းသပ် သင်ကြားခြင်းနှင့် ဆွေးနွေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – ကျောင်းသားများအတွက်တစ်ဦးချင်းစီ ဤအခန်းရှိ သင်ခန်းစာတစ်ခုစီမှ သင်ယူမှုလုပ်ငန်းတစ်ခုစီကို ဦးဆောင်ရန် အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း အချိန်ဇယားတစ်ခုကိုပြင်ဆင်ပါ။ သင်က အတန်းကို ကျောင်းသားလေးယောက်လျှင် တစ်အုပ်စုစီခွဲထားပါက အချိန်ဇယားသည် အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

| ၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်နည်းစနစ် သင်ကြားခြင်းနည်းလမ်းများ | | |
|---|---|---|
| ကျောင်းသား (၁) | ပို့ချမည့်သင်ခန်းစာမိတ်ဆက် | ၅ မိနစ် |
| ကျောင်းသား (၂) | လက်တွေ့လုပ်ငန်း –ဆေးစက်ချခြင်းနည်း | ၁၀ မိနစ် |
| ကျောင်းသား (၃) | လက်တွေ့လုပ်ငန်း – ဖိပွတ်ခြင်းနည်း | ၁၀ မိနစ် |
| ကျောင်းသား (၄) | စစ်ဆေးအကဲဖြတ်ခြင်း | ၅ မိနစ် |

**လိုအပ်သောရင်းမြစ်များ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၃)။ အနုပညာ (ပန်းချီ) သင်ခန်းစာလေ့လာခြင်း အချင်းချင်းစူးစမ်းမှုပုံစံလွှာ၊ စက္ကူကားချပ်ကြီး၊ ရောင်စုံစက္ကူ၊ မာကာဘောပင်များနှင့် ရွေးချယ်ထားသည့် သင်ယူမှုလုပ်ငန်း အတွက် သင်ခန်းစာအစီအစဉ်အရ လိုအပ်သည့် ပန်းချီပစ္စည်းများ။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်ဆန်းစစ်ခြင်း – ပန်းချီအနုပညာ မူလတန်းဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ပြမှုပုံစံရေးဆွဲခြင်း (၁၀ မိနစ်)

၁။ အောက်ပါစစ်ဆေးအကဲဖြတ်ခြင်းဇယား၏ အဖြေမှန်များကို မျှဝေခြင်းဖြင့် ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ –

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှု လုပ်ငန်းများကို အသုံးပြုထားသနည်း။ (ဥပမာ – သရုပ်ပြ သင်ကြားခြင်း စသည်) | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၃.၁.၁။ ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားပုံ နည်းလမ်းများ | • ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များ သင်ကြားခြင်း၏ အဓိက သင်ကြားပုံ နည်းစနစ် လေးမျိုးကို ခွဲခြားဖော်ပြ တတ်မည်။<br>• မူလတန်းကျောင်းသားများကို ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားရ ခြင်း၏ အကျိုးကျေးဇူးတို့ကို ဖော်ပြတတ်မည်။<br>• အမျိုးမျိုးသော ခေတ်မီပန်းချီ ရေးခြယ်ခြင်း နည်းစနစ်များကို ဖော်ပြနိုင်ပြီး သရုပ်ပြ လုပ်ဆောင်တတ်မည်။<br>• မူလတန်းကျောင်းသားများ အတွက် ပန်းချီပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍ လေးရပ်ကို ဖော်ပြတတ်မည်။<br>• ဤနည်းစနစ်များကို ဖွံ့ဖြိုးမှု အဆင့် အမျိုးမျိုးရှိနေပြီဖြစ်သည့် မူလတန်း ကျောင်းသားများ အတွက် လိုက်လျောညီထွေမှုရှိ အောင် မည်သို့ပြုပြင် အသုံးချ နိုင်သည်ကို ဖော်ပြတတ်မည်။ | • လက်တွေ့လုပ်ငန်း<br>• ဆွေးနွေးခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း | • တတိယနှစ် ဒုတိယစာသင် နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်<br>• ဒုတိယတန်း အခန်း(၂) သင်ခန်းစာ (၄) ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် (အခြေခံပညာသင်ရိုး)<br>• အခန်း (၂) သင်ခန်းစာ (၂) ပထမတန်း ပန်းချီဆရာ့ လမ်းညွှန် (အခြေခံပညာ သင်ရိုး ညွှန်းတမ်း)<br>• စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယား<br>• ပန်းချီစာရွက်<br>• ဆေးရေးစုတ်တံများ<br>• ရေထည့်ရန်ခွက်များ<br>• ဖယောင်းတောင့်<br>• တံဆိပ်ခတ်နှိပ်ရန် ပစ္စည်းများ |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှု လုပ်ငန်းများကို အသုံးပြုထားသနည်း။ (ဥပမာ – သရုပ်ပြ သင်ကြားခြင်း စသည်) | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည် ပြုပြင်ထားသော ပစ္စည်းများဖြင့် အနုပညာတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှု နည်းလမ်းများ | • ပထမတန်းနှင့်ဒုတိယတန်းရှိ ပန်းချီသင်ခန်းစာများအတွက် ရှာဖွေတွေ့ရှိသောပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးရလဒ်များကို ဖော်ပြတတ်မည်။<br>• မူလတန်းကျောင်းသားများနှင့် အတူ ပူးပေါင်းလုပ်ဆောင်ရသော လုပ်ငန်းများမှတစ်ဆင့် ပူးပေါင်းဖန်တီးခြင်း၏ တန်ဖိုးကို ဖော်ပြတတ်မည်။<br>• ပူးပေါင်းလုပ်ငန်းများတွင် ပါဝင်သည့် လက်မှုပညာ ကျွမ်းကျင်မှုများကို ဖော်ပြ တတ်မည်။<br>• ဤပူးပေါင်းဖန်တီးသည့် လက်မှုပညာ နည်းစနစ်များအား မူလတန်း ကျောင်းသားများ အတွက် လိုက်လျောညီထွေမှု ရှိစေရန် မည်သို့ပြင်ဆင် အသုံးပြုနိုင်မည်ကို ဖော်ပြတတ်မည်။ | • လက်တွေ့လုပ်ငန်း<br>• မှတ်တမ်းဂျာနယ် သုံးသပ်ချက် | • တတိယနှစ် ဒုတိယစာသင် နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်<br>• ပထမတန်း အခန်း(၄) သင်ခန်းစာ (၁) ပန်းချီ အနုပညာ ဆရာ့လမ်းညွှန် (အခြေခံပညာသင်ရိုး)<br>• အခန်း (၄) သင်ခန်းစာ (၁) ဒုတိယတန်း ပန်းချီဆရာ့ လမ်းညွှန် (အခြေခံပညာ သင်ရိုးညွှန်းတမ်း)<br>• စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယား<br>• ကတ်ထူစက္ကူပုံးနှင့် ကတ်ကြေး<br>• ဖယောင်းတောင့် နှင့်/ သို့မဟုတ် ဆေးရောင် နှင့်/ သို့မဟုတ် ပုံဆွဲပစ္စည်းများ<br>• ပလတ်စတစ်ကြိုး<br>• သန့်ရှင်းရေးလုပ်ရန် ရေ |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှု လုပ်ငန်းများကို အသုံးပြုထားသနည်း။ (ဥပမာ – သရုပ်ပြ သင်ကြားခြင်း စသည်) | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၃.၃.၁။ ဓာတ်ကြောင်းများ အသုံးပြု၍ ရသခံစား တန်ဖိုးထားပုံကို သင်ကြားမှု နည်းလမ်းများ | • လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာ သင်ယူမှုများအတွက် ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။<br>• ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရန် ဓာတ်ကြောင်း ပြောဆိုခြင်းကို အသုံးပြုရာတွင် ပါဝင်သည့်နည်းလမ်းများကို ဖော်ပြတတ်မည်။<br>• ရသခံစားတန်ဖိုးထားခြင်း အပေါ် ခွဲခြမ်းစိတ်ဖြာခြင်း ကျွမ်းကျင်မှုအား သင်ကြား ရာတွင် မေးမြန်းရန် အဓိက မေးခွန်းသုံးခုကို ဖော်ပြ တတ်မည်။<br>• အနုပညာလက်ရာတစ်ခု၏ အယူအဆတစ်ခုကို အသစ်အသစ်သော၊ တစ်မူထူးခြားသော ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကား အဖြစ် မည်သို့ချဲ့ထွင်ရမည်ကို နားလည်မှုအား သရုပ်ဖော်ပြသ တတ်မည်။<br>• ရသခံစားတန်ဖိုးထားမှုအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို ဖော်ပြ တတ်မည်။ | • လက်တွေ့လုပ်ငန်း<br>• ပြခန်းအတွင်း လှည့်လည်ကြည့်ရှု သင်ယူခြင်း | • တတိယနှစ် ဒုတိယစာသင် နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) ကျောင်းသားကိုင်စာအုပ်<br>• သုံးသပ်ကြည့်ရှုရန်စာရွက် (ပရင့်) ထုတ်ထားသော (သို့မဟုတ်) ထုတ်လွှင့် ပြသနိုင်သော ပန်းချီ လက်ရာတစ်ခု၏ ဓာတ်ပုံများ<br>• စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယား |

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ဇယားကို မှန်ကန်စွာ ဖြည့်စွက်ထားခြင်း ရှိ/မရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချို့သော ကျောင်းသားများသည် အဖြေများကိုမည်သည့်နေရာတွင် ရှာရမည်နှင့်ပတ်သတ်၍ ရှုပ်ထွေးမှုများရှိလာနိုင်ပါသည်။ ဤအိမ်စာအလုပ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလိုသော သင်ယူမှုရလဒ်များကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် ကျောင်းသားအချင်းချင်းထံမှ သင်ယူလေ့လာခြင်းကို တိုက်တွန်းအားပေးပါ။

## သင်ယူမှုလုပ်ငန်း (၂)။ အဖွဲ့လိုက် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများအား အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အချိန်ဇယားအတိုင်း အုပ်စုများဖွဲ့ပေးပြီး အုပ်စုတစ်စုစီအတွက် သင်ယူမှုလုပ်ငန်းများကို ခွဲဝေသတ်မှတ်ပေးပါ။ ပေးအပ်ထားသည့် နံပါတ်စဉ်အတိုင်း ကျောင်းသားတစ်ဦးချင်းစီ၏ တာဝန်များနှင့် သင်ယူမှုလုပ်ငန်း တစ်ခုစီအတွက် ၎င်းတို့တွင် အချိန်မည်မျှရမည်ကို ရှင်းပြပါ။ အချို့သော အခြေအနေများတွင် မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်အတွင်း ကျောင်းသားများတိုင်း သင်ယူမှုလုပ်ငန်းတစ်ခုစီကို ဦးဆောင်ခွင့်ရရှိစေရန် သင်ယူမှုလုပ်ငန်းများကို ကျစ်လျစ်အောင် ချုံ့လိုက်ရသည်များ ရှိပါသည်။ ကျောင်းသားများအားလုံး ခွင့်ပြုထားသည့်အချိန်အတွင်း သင်ယူမှုလုပ်ငန်းတစ်ခုကို ဦးဆောင်နိုင်သောအခွင့်အရေးရရှိရန် ၎င်းတို့၏အချိန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ကျောင်းသားများအား အသိပေးပါ။

၂။ လက်ကမ်းစာစောင် (၃)။ အနုပညာ (ပန်းချီ) သင်ခန်းစာလေ့လာခြင်း အချင်းချင်း စူးစမ်းမှုပုံစံလွှာကို ဝေမျှပြီး ကျောင်းသားများအား သင်ယူမှုလုပ်ငန်းတစ်ခုစီကို ပြီးစီးတိုင်း ယင်းတို့ကို ဖြည့်စွက်ရန် ညွှန်ကြားပါ။

၃။ စာသင်ခန်းအတွင်းမှ အုပ်စုများ အချင်းချင်း အနှောင့်ယှက် မဖြစ်စေနိုင်လောက်သည့် သင့်တော်ရာ နေရာများတွင် နေရာချထားကာ လုပ်ငန်းကို စတင်ရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများအား ကြည့်ရှု၍ အားလုံးပါဝင်လုပ်ဆောင်နေခြင်း ရှိ/မရှိ၊ အချင်းချင်း ကူညီပံ့ပိုးနေမှု ရှိ/မရှိနှင့် လုပ်ငန်းတာဝန်များလုပ်ဆောင်ရာတွင် ၎င်းတို့ရရှိသောအချိန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မှု ရှိ/မရှိတို့ကို စောင့်ကြည့်စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချို့သောကျောင်းသားများသည် အချိန်ကိုကောင်းစွာ စီမံခန့်ခွဲကြပြီး အုပ်စုအတွင်းရှိ အဖွဲ့ဝင်အားလုံး ၎င်းတို့၏ သင်ယူမှုလုပ်ငန်းများကို ဦးဆောင်ခွင့်ရစေပါလိမ့်မည်။ အချို့မှာမူ အချိန်စီမံခန့်ခွဲမှုအပိုင်းတွင် အခက်အခဲကြုံနေရခြင်း (သို့မဟုတ်) အိမ်စာကို မလုပ်ခဲ့ခြင်းကြောင့် အဆင်သင့်မဖြစ်ခြင်းတို့ ရှိတတ်ပါလိမ့်မည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းကို အကျဉ်းချုံး ဆွေးနွေးခြင်း (၅ မိနစ်)

၁။ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးသည့်အခါ ကျောင်းသားများသည် ၎င်းတို့ သင်ယူခဲ့ရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ အတန်းတွင်းဆွေးနွေးပွဲ တစ်ခု လုပ်ဆောင် ရပါမည်။ အောက်ပါမေးခွန်းများကို မေးမြန်းပါ။ “မည်သည့် သင်ကြားမှုနည်းလမ်းများက အခြားအရာများထက် သင့်အတွက်ပိုအဆင်ပြေ သနည်း။”၊ “အဘယ့်ကြောင့် ထိုသို့ထင်ရသနည်း။”၊ “သင်ယူမှုလုပ်ငန်းများ ဦးဆောင်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ အတန်းဖော်များထံမှ မည်သည့်အရာတို့ကို လေ့လာသင်ယူခဲ့ရသနည်း။”

၂။ ကျောင်းသားများကို မေးခွန်းများမေးရန် (သို့မဟုတ်) အကြံပြုထင်မြင်ချက်များ ပေးရန် အခွင့်အရေးပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ သင်ယူနိုင်စွမ်းနှင့် ပြန်လည်သုံးသပ်နိုင်စွမ်းအပြင် အတန်းထဲတွင် အသုံးချနိုင်သော နည်းလမ်းများ ရရှိသွားမှုအပေါ်တွင်ပါ လေ့လာသုံးသပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအနေဖြင့် ၎င်းတို့အတန်းထဲတွင် လေ့လာထားသည့်အရာများကို မည့်သို့ကဲ့သို့ အသုံးချရမည်၊ မူလတန်းကျောင်းသားငယ်များကို စိတ်အားထက်သန်လာစေရန် မည်သို့ ဆောင်ရွက်ရမည်၊ အချိန်ကို မည်သို့စီမံခန့်ခွဲရမည်တို့ကိုလည်း သိရှိလာကြပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် ကျောင်းသားငယ်များအား စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းတို့ကို တွေးခေါ်ယူနိုင်ကြပါလိမ့်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန် ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်း အချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့ သင်ယူလေ့လာခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားတို့ မည်မျှသုံးနိုင်ဖွယ် ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

## နောက်ဆုံးစာသင်နှစ်ဝက် စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား ၎င်းတို့၏ စာသင်နှစ်ဝက် အဆင့်သတ်မှတ်ရာတွင် ထည့်သွင်း တွက်ချက်နိုင်စေရန် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း လက်ကမ်းစာစောင်များကို ဖြည့်စွက်၍ ပြန်လည်အပ်နှံရန် ညွှန်ကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

မေးခွန်း ၁။ တတိယနှစ် မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ရိုးညွှန်းတမ်းနှင့် လက်ကမ်းစာစောင် (၂)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ပြမှုပုံစံရေးဆွဲခြင်းဇယားတို့သည် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းအတွက် ပြင်ဆင်ရာတွင် မည့်သည့် နည်းများဖြင့် သင့်အား အထောက်အကူ ဖြစ်စေပါသနည်း။

အဖြေ။ *ပုံစံကြမ်းထားရှိခြင်းသည် ကျောင်းသားများအား ရှုပ်ထွေးကြီးမားသော လုပ်ငန်းကြီးတစ်ခုကို အောင်မြင်ရန်လွယ်ကူသော လုပ်ငန်းငယ်အဖြစ် ပြုပြင်ထားသည့် စနစ်ကျ၍ အဆင့်ဆင့်ပါသော လုပ်ငန်းစဉ်တစ်ခုဖြင့် လမ်းညွှန်ပြပေးပါသည်။*

မေးခွန်း ၂။ သင်ယူမှုလုပ်ငန်းတစ်ခုကို အတန်းဖော်များအား သင်ကြားရသည့် အတွေ့အကြုံနှင့် ဆရာ့ထံမှ လေ့လာသင်ယူရသည့် အတွေ့အကြုံတို့သည် မည်သို့ ကွဲပြားခြားနားသနည်း။

အဖြေ။ *ဆရာ သင်ကြားပြသသည်ကို လိုက်နာရသည်မှာ ပို၍လွယ်ကူလှပါသည်။ ရွယ်တူအတန်းဖော်များကို သင်ကြားရခြင်းသည် တမင်လုပ်ယူထားသကဲ့သို့ ခံစားရနိုင်ပါသည်။ သို့သော် အားပေးတတ်သည့် ရပ်ဝန်းတစ်ခုဖြစ်နေပါက သင်ကြားရသည်မှာ အဆင်ပြေ ချောမွေ့စေပါသည်။*

မေးခွန်း ၃။ လက်ကမ်းစာစောင် (၃)။ အနုပညာ (ပန်းချီ) သင်ခန်းစာလေ့လာခြင်း အချင်းချင်းစူးစမ်းမှု ပုံစံလွှာသည် မည်သည့်နည်းလမ်းများဖြင့် အနုပညာ (ပန်းချီ) သင်ကြားခြင်းအပေါ် သင်၏နားလည်မှုကို ပိုမိုနက်ရှိုင်းစေသနည်း။

အဖြေ။ *သင်ယူမှုလုပ်ငန်းတစ်ခုစီအပြီးတွင် ပြန်လည်သုံးသပ်ခြင်းအားဖြင့် ကျောင်းသားများသည် အတွေ့အကြုံများကို သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်နိုင်ပါသည်။*

မေးခွန်း ၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းနှင့်ပတ်သက်၍ သင် လေ့လာသင်ယူခဲ့ရသည်များကို စာသင်ခန်းအတွင်းတွင် မည်သို့ အသုံးချနိုင်သနည်း။

အဖြေ။ *ကျောင်းသားများသည် အခက်အခဲများကို ကျော်လွှားနိုင်သည့် အတွေ့အကြုံများ ရရှိနိုင်ပါသည်။ သင်ကြားရေးမစနစ်မီတွင် လူအများက စိတ်လှုပ်ရှားနေကြသည်ကို တွေ့ရှိနိုင်သော်လည်း သင်ကြားသည့် အကြိမ်ရေ များလာသည်နှင့်အမျှ ပိုမို အဆင်ပြေ လွယ်ကူလာပါလိမ့်မည်။*

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- ပန်းချီအနုပညာအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များတွင် ဖန်တီးခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း၊ တုံ့ပြန်ဖြေဆိုခြင်း၊ ချိတ်ဆက်ခြင်း အစရှိသည့် ကဏ္ဍလေးရပ် ပါဝင်ပါသည်။ ရိုးရှင်းသော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို သင်ခန်းစာတစ်ခုချင်းစီ၏ သင်ယူမှုရည်မှန်းချက်များအတွက် သင့်လျော်သည်တို့နှင့် ပေါင်းစပ်၍ ဖန်တီးနိုင်ပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့သင်ကြားခြင်းအတွက် ပြင်ဆင်ရန်အလို့ငှာ အတွေ့အကြုံရှိသည့် ဆရာတစ်ဦး၏ ကွပ်ကဲမှုအောက်တွင် သင်ယူမှုလုပ်ငန်းကို ပြန်လည်သုံးသပ်ရန်၊ အစီအစဉ်ရေးဆွဲရန်၊ လက်တွေ့လုပ်ဆောင်ရန်စသည့် အခွင့်အလမ်းများ ပေးသည်။ ကြိုတင်ပြင်ဆင်ခြင်းသည် လုပ်ငန်းစဉ်အဆင့်ဆင့်အဖြစ် နမူနာပုံစံများသုံးပြီး ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ရရှိလာသော ပိုမိုချဉ်းကပ်ရန် လွယ်ကူစေသည့် အဓိကသော့ချက် ဖြစ်သည်။

အခန်း
၄

# ဂီတအနုပညာ (၂)

ဤအခန်းတွင် ကျောင်းသားများသည် အကနှင့်ဂီတတူရိယာများ တီးမှုတ်ခြင်းအတွက် သင်ကြားမှုနည်းလမ်းများကို လေ့လာရမည်ဖြစ်သည်။ ဤသင်ခန်းစာများတွင် သင်ကြားမှုနည်းလမ်းများအပြင် စစ်ဆေးအကဲဖြတ်ခြင်းနည်းများနှင့် အကြံပြုချက်များလည်း ပါဝင်မည်ဖြစ်သည်။ ဤအခန်းတွင် မူလတန်းကျောင်းသားများနှင့် ကိုက်ညီမှုရှိစေရန် ၎င်းတို့၏ သင်ခန်းစာ အကြောင်းအရာကို ဖန်တီးခြင်း နှင့်/သို့မဟုတ် ပြုပြင်မွမ်းမံခြင်းတို့ ရွေးချယ်နိုင်စေရန်နှင့် ၎င်းတို့၏ သင်ကြားမှုတွင် ကွဲပြားဆန်းသစ်မှုရှိစေရန် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူတစ်ခုအနေဖြင့် သင်ကြားရေးသီချင်းများ ရေးစပ်ခြင်းဆိုင်ရာ သင်ခန်းစာတစ်ခုလည်း ပါဝင်သည်။

# ၄.၁။ အကပညာ

ဤအခန်းငယ်တွင် ကျောင်းသားများသည် ဒုတိယတန်း အနုပညာ (ဂီတ) ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန် (အခြေခံပညာသင်ရိုးညွှန်းတမ်း) တွင် ပါဝင်သော *ကဗျာလွတ်* အကများကို ပြန်လည်ဆန်းစစ်ပြီး လေ့ကျင့်ရမည်ဖြစ်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ဒုတိယတန်း အနုပညာ (ဂီတ) တွင် ပြဋ္ဌာန်းထားသော အကများကို စည်းဝါးဖြင့် စနစ်တကျ တွဲဖက်ကပြတတ်မည်။
- *ကဗျာလွတ်* အကများ၏ သိသာထင်ရှားသောအချက်များနှင့် အခြားရိုးရာ အကများနှင့် မည်သို့ဆက်စပ်ကြောင်း ဖော်ပြတတ်မည်။
- အခြေခံ *ကဗျာလွတ်* ကကွက်များကို စည်းဝါးကျစွာလှုပ်ရှား၍ မျက်နှာ အမူအရာတို့ဖြင့် ကပြတတ်မည်။
- မူလတန်းကျောင်းသားများအား အကသင်ပေးရန်အတွက် သင့်လျော်သော သင်ကြားမှုနည်းလမ်းများကို နားလည်ပြီး ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့ သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှု အပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

## ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှု နည်းလမ်းများ

ဤသင်ခန်းစာတွင် ဒုတိယတန်း အနုပညာ (ဂီတ) (အခြေခံပညာသင်ရိုးညွှန်းတမ်း) တွင် ပြဋ္ဌာန်းထားသော *ကဗျာလွတ်* အကများကို သင်ကြားရန်နည်းလမ်းများနှင့် ထိုအကများ အတွက် ခေါင်းနှင့်လက် ကကွက်လှုပ်ရှားမှုများအပါအဝင် စည်းဝါးဖြင့်ပါ တွဲဖက်ကပြ တတ်စေရန် နည်းလမ်းများ ပါဝင်ပါသည်။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- ဒုတိယတန်း အနုပညာ (ဂီတ) တွင် ပြဋ္ဌာန်းထားသော အကများကို စည်းဝါးဖြင့် စနစ်တကျ တွဲဖက်ကပြတတ်မည်။
- *ကဗျာလွတ်* အကများ၏ သိသာထင်ရှားသောအချက်များနှင့် အခြားရိုးရာ အကများနှင့် မည်သို့ဆက်စပ်ကြောင်း ဖော်ပြတတ်မည်။
- အခြေခံ *ကဗျာလွတ်* ကကွက်များကို စည်းဝါးကျစွာလှုပ်ရှား၍ မျက်နှာ အမူအရာတို့ဖြင့် ကပြတတ်မည်။
- မူလတန်းကျောင်းသားများအား အကသင်ပေးရန်အတွက် သင့်လျော်သော သင်ကြားမှုနည်းလမ်းများကို နားလည်ပြီး ဖော်ပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက်သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိပညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသောဘာသာရပ်ဆိုင်ရာ အဓိက အသိပညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုအထောက်အထားများကို အသုံးပြုသည်။

(ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – ကြိုတင်လေ့လာ ပြင်ဆင်စေသောသင်ယူမှု၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ သရုပ်ပြသင်ကြားခြင်းနှင့် ဆွေးနွေးခြင်း၊ အုပ်စုလုပ်ငန်း၊ လက်တွေ့ကပြခြင်းနှင့် အချင်းချင်းကြည့်ရှုလေ့လာခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ သင်ယူပြီးစစ်ဆေး အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – ကျောင်းသားများအား ဒုတိယနှစ်တွင် သင်ယူခဲ့သော အခြေခံ *ကဗျာလွတ်* ကကွက် ငါးကွက်ကို ပြန်လည်သုံးသပ် လေ့ကျင့်စေပါ။ ဤသင်ခန်းစာတွင်ပါဝင်သော ကကွက်ငါးကွက်ကို သင်ကြားရန် ပြင်ဆင်ပါ –

၁။ *လက်မှောက်လှန်* အက
၂။ *လက်ဆစ်ချိုး* အက
၃။ *လက်ဘေးယိမ်း* အက
၄။ *လက်စုံဝိုက်ချိုး* အက
၅။ *လက်တစ်ဖက်စီဝိုက်ချိုး* အက

**လိုအပ်သောရင်းမြစ်များ** – *ကဗျာလွတ်* ကကွက်ငါးကွက်၏ ဗီဒီယိုဖိုင်များ (အကများကို သရုပ်ပြသင်ကြားပါက မလိုအပ်ပါ)၊ စည်းနှင့်ဝါး တူရိယာများ၊ ဒုတိယနှစ် ပထမစာသင်နှစ်ဝက်နှင့် ဒုတိယစာသင်နှစ်ဝက် အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်၊ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်။

## နိဒါန်းပျိုး (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်တွင် ပြဋ္ဌာန်းထားသော ဤသင်ခန်းစာတွင်ပါရှိသည့် အကြောင်းအရာကို ပြန်လည်သုံးသပ်ပြီး အကပညာ အကဲဖြတ်ခြင်းဆိုင်ရာ မေးခွန်းများကိုဖြေဆိုပါ။

## သင်ယူမှုလုပ်ငန်း (၁)။ တွေး–တွဲ–မျှဝေသင်ယူခြင်း – အခြေခံပညာ သင်ရိုးညွှန်းတမ်းကို လေ့လာခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲပေးပြီး ပထမတန်း အနုပညာ (ဂီတ) ဆရာလမ်းညွှန်စာအုပ် (အခြေခံပညာ သင်ရိုးညွှန်းတမ်း) တွင် ပါရှိသော အက သင်ခန်းစာများကို ပြန်လည်သုံးသပ် လေ့လာစေပါ။ ၎င်းတို့အား အောက်ပါအတိုင်း မေးမြန်းပါ။

"ပထမတန်းတွင် မည်သည့်အကများ သင်ကြားသနည်း။"၊ "ရိုးရာအကများအတွက် အခြေခံအကလှုပ်ရှားမှု ငါးမျိုးမှာ အဘယ်နည်း။"၊ "အခြေခံပညာ ဒုတိယတန်း ကျောင်းသားများကို အနုပညာ (ဂီတ) သင်ကြားရာတွင် အသုံးချနိုင်ရန် ပထမစာသင်နှစ်ဝက်နှင့် ပထမစာသင်နှစ်ဝက်၏ ဤသင်ခန်းစာတွင် အကသင်ကြားခြင်းအတွက် မည်သည့်နည်းလမ်းများကို သင်ယူလေ့လာခဲ့သနည်း။"

၂။ အတန်းတွင်းဆွေးနွေးမှု ပြုလုပ်နိုင်ရန် ကူညီလမ်းညွှန်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသားများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်မှုနှင့် လေ့လာရန်အချက်များကို ရှင်းလင်းစွာ ပြောဆိုနိုင်စွမ်းကို စစ်ဆေးအကဲဖြတ်ပါ။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

ကျောင်းသားများသည် ရိုးရာအကများအတွက် အခြေခံအကလှုပ်ရှားမှု ငါးမျိုးကို မှန်ကန်စွာ ပြောပြနိုင်ပြီး တတိယနှစ် ဒုတိယစာသင်နှစ်ဝက်တွင် သင်ကြားခဲ့သော အောက်ပါ သင်ကြားမှုနည်းလမ်းများကို ခွဲခြားသတ်မှတ်နိုင်သည် – အခြေခံအုတ်မြစ် တည်ဆောက်ခြင်း၊ သင်ယူမှုနည်းလမ်းများစွာကို ပံ့ပိုးပေးခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှုကို သတိရှိလာခြင်း၊ ခန္ဓာကိုယ်ပုံသဏ္ဍာန်ကို မြှင့်တင်ခြင်း၊ ဘေးကင်းမှုကို အားပေးခြင်း၊ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးခြင်းနှင့် လက်ခံခြင်း။ ဤသို့ဖြင့် ကျောင်းသားများသည် အတန်းတွင်းဆွေးနွေးမှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း (၂)။ သရုပ်ပြသင်ကြားခြင်းနှင့် သင်ယူခြင်း – ရိုးရာ*ကဗျာလွတ်*ကကွက်များ ကရန် သင်ယူခြင်း (၁၅ မိနစ်)**

၁။ ပထမတန်းနှင့် ဒုတိယတန်း အနုပညာဂီတ ကျောင်းသုံးစာအုပ် (အခြေခံပညာသင်ရိုးညွှန်းတမ်း) တွင် ပါဝင်သော ကကွက်နှစ်မျိုး (သို့မဟုတ်) သုံးမျိုးကို ရွေးချယ်ပြီး သရုပ်ပြ သင်ကြားပါ။

၂။ ရိုးရာအက၏ အခြေခံအကလှုပ်ရှားမှုငါးမျိုးနှင့် အကကသူ၏ တင်ဆက်မှုကို အာရုံစိုက်ပြီး ကြည့်ရှုလေ့လာမှတ်သားရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ အခြေခံပညာ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအား ဤအရာအား မည်သို့သင်ကြားပေးမည်ကို ကျောင်းသားများအား ပြန်လည်သုံးသပ်စေပါ။

၄။ ယခုအခါ ကကွက်များထဲမှတစ်မျိုးကို တစ်ဆင့်ပြီးတစ်ဆင့် နမူနာလုပ်ပြကာ မှန်ကန်သော ခေါင်း၊ လက်နှင့် ခန္ဓာကိုယ် အနေအထားများရှိစေရန် ကျောင်းသားများအား လမ်းညွှန် သင်ကြားပေးပါ။

၅။ တစ်တန်းလုံးရှိ ကျောင်းသားများအား အတူတကွကပြစေပြီး ၎င်းတို့၏အုပ်စုလိုက် ကပြမှုကို လေ့လာကြည့်ရှုပါ။ ကပြနေစဉ် အခြားသူများနှင့်အတူ ညီညီညာညာ ကပြနိုင်မှု ရှိ/မရှိ သတိပြုရန် ပြောပါ။

၆။ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို လိုအပ်သလို ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်နိုင်စွမ်းနှင့် မှန်ကန်သော ခန္ဓာကိုယ်၊ ခေါင်းနှင့် လက် အကလှုပ်ရှားမှုများကို စည်းဝါးတကျ ကပြနိုင်မှုတို့ကို စစ်ဆေး အကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ခန္ဓာကိုယ်၊ ခေါင်းနှင့် လက် အကလှုပ်ရှားမှုများကို သင့်လျော် မှန်ကန်စွာ စည်းဝါးတကျ ကပြနိုင်မည်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုလုပ်ငန်း – လက်တွေ့ကပြခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား အုပ်စု (၁) နှင့် အုပ်စု (၂) ဟူ၍ အုပ်စု (၂) စုခွဲပါ။ အုပ်စု တစ်ခုစီအား *ကဗျာလွတ်* ကကွက်တစ်ခုစီ ကပြဖျော်ဖြေရန် သတ်မှတ်ပေးပါ။

၂။ ပထမဦးစွာ ကျောင်းသားများအား အဖွဲ့တစ်ခုစီအလိုက် ၎င်းတို့၏အကကို တတ်နိုင်သမျှ စည်းစည်းလုံးလုံးနှင့် လေ့ကျင့်ရန်ညွှန်ကြားပါ။ အကလေ့ကျင့်ရန် အချိန် (၅) မိနစ် ပေးပါ။

၃။ အုပ်စု (၁) အား ကပြဖျော်ဖြေရန် ဖိတ်ခေါ်ပြီး ၎င်းတို့ကပြနေစဉ် အုပ်စု (၂) ကို ကြည့်ရှုလေ့လာမှတ်သားစေပါ။ ဤအကအား ပထမတန်းနှင့် ဒုတိယတန်းတွင် သင်ကြားရန်အတွက် မည်သည့်အရာက ခက်ခဲနိုင်သည်၊ ၎င်းကို မည်သို့ကျော်လွှားနိုင်မည် အစရှိသည်တို့နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေးအမြင်များကို ရေးမှတ်ရန် ကြည့်ရှုလေ့လာသူများကို ညွှန်ကြားပါ။ ထိုသို့ပြုလုပ်ရန်အတွက် အချိန် (၅) မိနစ်ပေးပါ။

၄။ အုပ်စု (၂) အား ကပြဖျော်ဖြေရန် ဖိတ်ခေါ်ပြီး ၎င်းတို့ကပြနေစဉ် အုပ်စု (၁) ကို ကြည့်ရှုလေ့လာ မှတ်သားစေပါ။ ဤအကအား ပထမတန်းနှင့်ဒုတိယတန်းတွင် သင်ကြားရန်အတွက် မည်သည့်အရာက ခက်ခဲနိုင်သည်၊ ၎င်းကို မည်သို့ကျော်လွှားနိုင်မည် အစရှိသည်တို့နှင့်ပတ်သက်၍ ၎င်းတို့၏အတွေးအမြင်များကို ရေးမှတ်ရန် ကြည့်ရှုလေ့လာသူများကို ညွှန်ကြားပါ။ ထိုသို့ပြုလုပ်ရန်အတွက် အချိန် (၅) မိနစ်ပေးပါ။

၅။ ၎င်းတို့သင်ယူပြီးသည့် အကြောင်းအရာများ၊ အထူးသဖြင့် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ပါ အကပညာသင်ယူပြီး စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို စာသင်ခန်းထဲတွင် မည်ကဲ့သို့အသုံးချနိုင်သည်နှင့်ပတ်သက်၍ အတန်းတွင်း ဆွေးနွေးမှုပြုလုပ်နိုင်ရန် ကူညီလမ်းညွှန်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ သတ်မှတ်ထားသော အကကို တင်ဆက်ကပြနိုင်မှုနှင့် သင်ယူပြီးစစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားအား စာသင်ခန်းအတွင်းတွင် မည်ကဲ့သို့အသုံးချမည်ကို စဉ်းစားသုံးသပ်နိုင်မှုတို့ကို စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် စည်းလုံးညီညာစွာ ကပြဖျော်ဖြေကြမည်ဖြစ်သည်။ ကြည့်ရှုလေ့လာသူများသည် အခြေခံပညာ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား သင်ကြားရန်ခက်ခဲမည့် လှုပ်ရှားမှုများ (အထူးသဖြင့် သေးငယ်သော ကြွက်သားလှုပ်ရှားမှုစွမ်းရည် လိုအပ်သော လှုပ်ရှားမှုများ) ကို ဖော်ထုတ်နိုင်သည်။ ၎င်းကို ကျော်လွှားရန် စိတ်ရှည်သည်းခံမှုနှင့် ထပ်ခါတလဲလဲသင်ကြားလေ့ကျင့်မှုတို့ လိုအပ်ပါလိမ့်မည်။ ကျောင်းသား

များသည် သင်ယူပြီး စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုရာတွင် ယုံကြည်စိတ်ချမှုကို ပြသပါမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန်ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့သင်ယူခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားများ မည်သို့သုံးနိုင်ဖွယ်ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

## သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း

| *ကဗျာလွတ် အကကခြင်း* | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားများသည် သင့်လျော်မှန်ကန်သော ခန္ဓာကိုယ်လှုပ်ရှားမှုများကို သရုပ်ပြနိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားများသည် သင့်လျော်မှန်ကန်သော ဦးခေါင်းလှုပ်ရှားမှုများကို သရုပ်ပြနိုင်သည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားများသည် သင့်လျော်မှန်ကန်သော လက်လှုပ်ရှားမှုများကို သရုပ်ပြနိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားများသည် တည်ငြိမ်သော ရိုက်ချက်ကို ရှာဖွေနိုင်သည် (ဆိုလိုသည်မှာ စည်းဝါး) | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားများသည် ရိုးရာအကကို မြင်တွေ့ဖူးသည့်နေရာ (ဆိုလိုသည်မှာ တီဗီ၊ ရုပ်ရှင်၊ အခမ်းအနားများ အစရှိသည်) ကို ခွဲခြားဖော်ပြနိုင်သည်။ | | | |

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ *ကဗျာလွတ်* အကများသည် စည်းဝါးနှင့် မည်သို့ဆက်စပ်သနည်း။ ၎င်းကို မူလတန်းကျောင်းသားများအား မည်သို့သင်ကြားပေးနိုင်မည်နည်း။

အဖြေ။ *အချို့သော အကလှုပ်ရှားမှုများကို စည်းချက်တွင်လှုပ်ရှားကြပြီး အချို့ကို ဝါးချက်တွင် လှုပ်ရှားကြသည်။ လှုပ်ရှားမှုများကို စည်းဝါးတကျ မှန်ကန်စွာ လှုပ်ရှားကပြရန် အရေးကြီးပါသည်။*

မေးခွန်း ၂။ အခြားရိုးရာအကများအတွက် *ကဗျာလွတ်* အက၏ သိသာထင်ရှားသော အချက်များမှာ အဘယ်နည်း။

အဖြေ။ *ကဗျာလွတ် အကသည် မြန်မာ့ရိုးရာအကများ၏ အခြေခံအကဖြစ်ပြီး ပိုမိုအဆင့်မြင့်သော ရိုးရာအကများသင်ယူရန် အဓိကကျသော အခြေခံအုတ်မြစ် ဖြစ်ပါသည်။*

မေးခွန်း ၃။ ရိုးရာအကများ၏ အခြေခံအကလှုပ်ရှားမှုငါးမျိုးမှာ အဘယ်နည်း။

အဖြေ။ *အခြေခံအကလှုပ်ရှားမှုငါးမျိုးမှာ ခေါင်း၊ ခါး၊ ခြေ၊ လက်နှင့် မျက်နှာအမူအရာတို့ ဖြစ်ကြပါသည်။*

မေးခွန်း ၄။ မူလတန်းကျောင်းသားများအား အကသင်ပေးရန်အတွက် သင့်လျော်သော သင်ကြားမှုနည်းလမ်းများမှာ အဘယ်နည်း။

အဖြေ။ *သင့်လျော်သော သင်ကြားမှုနည်းလမ်းများမှာ အခြေခံအုတ်မြစ်တည်ဆောက်ခြင်း၊ သင်ယူမှုနည်းလမ်းများစွာကို ပံ့ပိုးပေးခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှုကို သတိရှိလာခြင်း၊ ခန္ဓာကိုယ်ပုံသဏ္ဍာန်ကို မြှင့်တင်ခြင်း၊ ဘေးကင်းမှုကို အားပေးခြင်း၊ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များပေးခြင်းနှင့် လက်ခံခြင်းတို့ဖြစ်ကြပါသည်။*

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- *ကဗျာလွတ်* အကသည် မြန်မာ့ရိုးရာအကများ၏ အခြေခံအကဖြစ်ပြီး ပိုမိုအဆင့်မြင့်သော ရိုးရာအကများသင်ယူရန် အဓိကကျသော အခြေခံအုတ်မြစ် ဖြစ်ပါသည်။
- သင့်လျော်သော သင်ကြားမှုနည်းလမ်းများမှာ အခြေခံအုတ်မြစ် တည်ဆောက်ခြင်း၊ သင်ယူမှုနည်းလမ်းများစွာကို ပံ့ပိုးပေးခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှုကို သတိရှိလာခြင်း၊ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို မြှင့်တင်ခြင်း၊ ဘေးကင်းမှုကို အားပေးခြင်း၊ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ပေးခြင်းနှင့် လက်ခံခြင်းတို့ ဖြစ်ကြပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

*ကဗျာလွတ်* အကကို သင်ကြားပေးခြင်းသည် ရိုးရာအကများအားလုံးအတွက် အခြေခံအုတ်မြစ်ကိုရရှိစေပြီး အခြေခံပညာ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများ၏ ဆက်စပ်စဉ်းစားနိုင်စွမ်း၊ ကြွက်သားလှုပ်ရှားမှုစွမ်းရည်နှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၄.၁.၁။**

*Burmese dances and dance in Myanmar.* (2014). https://factsanddetails.com/southeast-asia/Myanmar/

Dance Teaching Ideas. https://danceteachingideas.com/

Frederiksen, J. (n.d.). *Pedagogical practices in dance education: Addressing motor, aesthetic, social, emotional and cognitive development for pre-kindergarten through post-secondary students.* The College Board and National Coalition of Core Arts Standards.

Wilmerding, V., & Krasnow, D. (2009). *Motor learning and teaching dance.* International Association for Dance Medicine and Science.

Wilmerding, V., & Krasnow, D. (2021). *Motor development and the young dancer.* Healthy Dancer Canada.

# ၄.၂။ အဆိုပညာ

ဤအခန်းငယ်တွင် ကျောင်းသားများသည် ရိုးရှင်း၍ တစ်ဆင့်ချင်း သီချင်းရေးစပ်ခြင်းဖြင့် တစ်ဦးချင်း တီထွင်ဆန်းသစ်သော တင်ဆက်မှုကို မြှင့်တင်ရန်အတွက် သင်ကြားမှုနည်းလမ်းများကို သင်ယူလေ့လာရမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်–**

- သင်ကြားရေးသီချင်းတစ်ပုဒ်ဖန်တီးရန် လိုအပ်သည့်အဆင့်များကို သရုပ်ပြတတ်မည်။
- သီချင်းတစ်ပုဒ်အား မည်သို့တည်ဆောက်ထားသည်နှင့် သီချင်းအသစ်တစ်ပုဒ်ရေးစပ်ရာတွင် တေးရေးဆရာတစ်ယောက်တွင်ရှိသော ရွေးချယ်စရာများကို နားလည်လာမည်။
- ရှိပြီးသားတေးကဗျာတစ်ပုဒ်မှ စိတ်ကူးစိတ်သန်းရယူနည်းကို ဖော်ပြတတ်မည်။ ထို့နောက် အသစ်တစ်ခုကိုဖန်တီးရန် ပြင်ဆင်မွမ်းမံတတ်မည်။
- အတန်းဖော်များနှင့် ပူးပေါင်းဖန်တီးထားသော မူရင်းသင်ကြားရေးသီချင်းကို သီဆိုတင်ဆက်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏သင်ယူမှု အပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။

## ၄.၂.၁။ သင်ကြားရေးသီချင်းများရေးစပ်ခြင်း

ဤသင်ခန်းစာတွင် ကျောင်းသားများသည် စာသင်ခန်းအတွင်းတွင် အသုံးပြုရန်အတွက် သင်ကြားရေးသီချင်းများအား ပူးပေါင်းရေးစပ်နည်းကို သင်ယူရမည်ဖြစ်သည်။ ဤနည်းဖြင့် ၎င်းတို့သည် မူလတန်း ကျောင်းသားများနှင့်သက်ဆိုင်သော အကြောင်းအရာများကိုဖန်တီး နိုင်ပြီး ၎င်းတို့၏ သင်ကြားမှုတွင် ကွဲပြားဆန်းသစ်မှုများကို ပေါင်းထည့်ကာ အကြောင်းအရာကို မူလတန်းကျောင်းသားများနှင့်ကိုက်ညီအောင် မည်သို့ပြုလုပ်ရမည်တို့ကို သင်ယူရပါမည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင်ကျောင်းသားများသည်–**

- သင်ကြားရေးသီချင်းတစ်ပုဒ်ဖန်တီးရန် လိုအပ်သည့်အဆင့်များကို သရုပ်ပြတတ်မည်။
- သီချင်းတစ်ပုဒ်အား မည်သို့တည်ဆောက်ထားသည်နှင့် သီချင်းအသစ်တစ်ပုဒ်ရေးစပ်ရာတွင် တေးရေးဆရာတစ်ယောက်တွင်ရှိသော ရွေးချယ်စရာများကို နားလည်လာမည်။
- ရှိပြီးသားတေးကဗျာတစ်ပုဒ်မှ စိတ်ကူးစိတ်သန်းရယူနည်းကို ဖော်ပြတတ်မည်။ ထို့နောက် အသစ်တစ်ခုကိုဖန်တီးရန် ပြင်ဆင်မွမ်းမံတတ်မည်။
- အတန်းဖော်များနှင့် ပူးပေါင်းဖန်တီးထားသော မူရင်းသင်ကြားရေးသီချင်းကို သီဆိုတင်ဆက်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၃.၂.၁) စာသင်ခန်းအတွင်းလုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများပေး၍ ဖော်ပြသည်။

(ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။

(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

(ဃ) (၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ်သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်ပါဝင်သည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – ကြိုတင်လေ့လာ ပြင်ဆင်စေသောသင်ယူမှု၊ လက်တွေ့လုပ်ဆောင်ခြင်း၊ သီဆိုတင်ဆက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ သင်ယူပြီးစစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယား။

မှတ်ချက် – ဤသင်ခန်းစာသည် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်၍ ထည့်သွင်းထားခြင်းဖြစ်သောကြောင့် ပေးထားသော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားမှာ မူလတန်းကျောင်းသားများအတွက် မဟုတ်ဘဲ ဆရာအတတ်သင်ကျောင်းသားများကို အကဲဖြတ်ရန်အတွက် ဖြစ်ပါသည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်၏ သင်ခန်းစာ (၄.၂.၁) တွင် ဖော်ပြထားသော အဆင့်များကို ရင်းနှီးအောင်လုပ်ပါ။ သင်သည် သီချင်းရေးစပ်ခြင်းနှင့် မရင်းနှီးလျှင်တောင် အဆင့်များမှာ ရိုးရှင်းပြီး လိုက်လုပ်ရလွယ်ကူပါသည်။ သင်၏ အဓိက သင်ကြားမှုရည်ရွယ်ချက်မှာ ကျောင်းသားများကို လုပ်ငန်းစဉ်တစ်လျှောက် လမ်းညွှန်ပေးရန်နှင့် ၎င်းတို့၏ ကိုယ်ပိုင်သီချင်းများကို ရေးသားရာတွင် ပျော်ပျော်ရွှင်ရွှင်နှင့် ယုံကြည်မှုရှိရှိလုပ်ဆောင်အောင် အားပေးရန်ဖြစ်သည်။ လုပ်ငန်းစဉ်သည် ထူးခြားဆန်းပြားပြီး လက်ရာမြောက်သောသီချင်းများကို ရေးသားရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အခြေခံပညာ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား စာသင်ခန်းအတွင်း သင်ကြားရာတွင် အသုံးပြုနိုင်ရန် ရိုးရှင်းသော သီချင်းများကို ဖန်တီးရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ –** တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်ကို ပြန်လည်ဆန်းစစ်ပါ။

## နိဒါန်းပျိုးခြင်း (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်တွင် ပြဋ္ဌာန်းထားသော ဤသင်ခန်းစာတွင်ပါရှိသည့် အကြောင်းအရာကို ပြန်လည်သုံးသပ်ပြီး မည်သည့် အရာက သီချင်းတစ်ပုဒ်ကို ဖြစ်စေသည်ဆိုသည်နှင့်ပတ်သက်သော မေးခွန်းများကို ဖြေဆိုပါ။

## သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ဆောင်ခြင်း – အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်ကို စတင်စဉ်းစားခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား အုပ်စု (၅) စုခွဲပြီး အုပ်စုတစ်ခုစီကြားတွင် လုံလောက်သော နေရာလွတ်များချန်ကာ စာသင်ခန်းတစ်ဝိုက်တွင် ဖြန့်ကျက်၍ နေရာချထားပေးပါ။

၂။ ကျောင်းသားများအား သီချင်းအကြောင်းအရာများကို ဆွေးနွေးရန်ညွှန်ကြားပါ။ ၎င်းတို့သည် အကြောင်းအရာကို တတ်နိုင်သမျှတိတိကျကျ ဆွေးနွေးသတ်မှတ်သင့်ပါသည်။ လက်ဆေးခြင်း (သို့မဟုတ်) တစ်နေ့တာအပြီးတွင် စာသင်ခန်းကို သန့်ရှင်းရေးလုပ်ခြင်းစသည်ဖြင့် ခေါင်းစဉ်အကြောင်းအရာများသည် မူလတန်း ကျောင်းသားများကို သင်ကြားရန်အတွက် သင့်လျော်ကိုက်ညီသင့်ပါသည်။ ကလေးများ စိတ်ဝင်စားမှုများသော အကြောင်းအရာများတွင် တိရစ္ဆာန်များ၊ အာကာသနှင့် ဂိမ်းများကစားခြင်းတို့ ပါဝင်ပါသည်။ တတ်နိုင်သမျှ အားလုံးပါဝင်နိုင်စေရန် အတွက် ခေါင်းစဉ် (သို့မဟုတ်) အကြောင်းအရာကို မူလတန်းကျောင်းသားအားလုံး နားလည်ကြောင်းသေချာစေရန် သတိပေးပါ။

၃။ ၎င်းတို့ဆွေးနွေးရန် အချိန်ယူပြီးသောအခါ အုပ်စုများအား အသုံးပြုမည့် အကြောင်းအရာကို ရွေးချယ်ရန် (သို့မဟုတ်) မဲပေးရွေးချယ်ရန် ညွှန်ကြားပါ။ ထို့နောက် ၎င်းကို ကျောင်းသားကိုင်စာအုပ်၏ အောက်တွင်ပေးထားသော နေရာလွတ်တွင် ချရေးစေပါ။

- မှတ်ချက်– ဤသင်ခန်းစာသည် ကျောင်းသားများအား အချိန်တိုအတွင်း သီချင်းတစ်ပုဒ် ဖန်တီးရန်ရည်ရွယ်ပြီး ရေးဆွဲထားခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဆုရသီချင်းတစ်ပုဒ် ဖန်တီးရန်မဟုတ်ဘဲ သီချင်းတစ်ပုဒ် ရေးစပ်ခြင်း အတွေ့အကြုံမှတစ်ဆင့် ပျော်ရွှင်မှုများရရှိ၍ ညွှန်ကြားချက်များကို အဆင့်ဆင့်လိုက်နာတတ်စေရန်ဖြစ်သည်။ ကျောင်းသားများအား ထိုလုပ်ငန်းကို အလွန်အမင်း အားထည့်လုပ်ဆောင်ရန်မလိုဘဲ ပျော်ပျော်ရွှင်ရွှင် ချဉ်းကပ်ရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အဖွဲ့လိုက်ပျော်ပျော်ရွှင်ရွှင်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုစွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများသည် ၎င်းတို့၏သီချင်းအတွက် ခေါင်းစဉ် အကြောင်းအရာ ရွေးချယ်ခြင်းအပေါ် ဆွေးနွေးညှိနှိုင်းနိုင်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သဘောထားကွဲလွဲမှုများနှင့် တီထွင်ဆန်းသစ်သောရွေးချယ်မှုဆိုင်ရာ အယူအဆကွဲပြားမှုများကို ကျော်ဖြတ်ကာ စူးစမ်းလေ့လာ သင်ယူလိုစိတ်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လုပ်ဆောင်ခြင်း – သီချင်းစာသားများ ရေးသားခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့ရွေးချယ်ထားသော အကြောင်းအရာနှင့်သက်ဆိုင်သည့် စကားလုံးစာရင်းတစ်ခုကို ၎င်းတို့အဖွဲ့နှင့်အတူ ဉာဏ်ဖွင့်ဆွေးနွေး၍ စာရင်းပြုစုရန် ညွှန်ကြားပါ။ ဥပမာ – လက်ဆေးခြင်းနှင့် ပတ်သက်လျှင် ပါဝင်သောအဆင့်များအားလုံး၊ ၎င်းတို့လိုအပ်မည့်အရာများ (ဥပမာ – ဆပ်ပြာနှင့်ရေ) နှင့် လက်ဆေးခြင်းသည် အဘယ့်ကြောင့် အရေးကြီးသည် စသည်တို့ကို စာရင်းပြုစုနိုင်ပါသည်။ ဤအဆင့်တွင် သီချင်းစာသားများကို မရေးကြသေးရန်ပြောပါ – စကားလုံးများနှင့် စကားစုများကို တတ်နိုင်သမျှ များများထုတ်ရုံသာ ပြုလုပ်ခိုင်းပါ။ ၎င်းကိုနောက်ပိုင်းတွင်

တည်းဖြတ်နိုင်သေးသော်လည်း ယခုအချိန်တွင် ရွေးချယ်စရာပိုမိုရရှိအောင် တတ်နိုင်သမျှ အကြံဉာဏ်များများကို ထုတ်ခိုင်းသင့်ပါသည်။

- မှတ်ချက် – ဤလုပ်ငန်းသည် စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေရန်အတွက် မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ကျောင်းသားများအား ဤလုပ်ငန်းစဉ်အတွက် အလွန်အမင်းဖိစီးမှုမရှိစေရန် ကူညီပေးပါသည်။ အချို့က သီချင်းရေးရန်အတွက် ကြောက်နေနိုင်သောကြောင့် လုပ်ငန်းစဉ်ကို ပေ့ါပေ့ါပါးပါးနှင့် ပျော်ပျော်ရွှင်ရွှင် ချဉ်းကပ်လုပ်ဆောင်ရန် ၎င်းတို့အား တိုက်တွန်းအားပေးပါ။

၂။ အုပ်စုတစ်ခုစီမှ လူတစ်ယောက်စီအား ၎င်းတို့၏ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသည့် နေရာလွတ်တွင် စကားလုံးစာရင်းရေးရန် ညွှန်ကြားပါ။ အတန်းတွင်း လှည့်လည်၍ အခက်အခဲကြုံတွေ့နေရသော အဖွဲ့များကိုကူညီပေးပါ။ ၎င်းတို့အား စာရင်းပြုလုပ်ရန် (၅) မိနစ်သာ အချိန်ပေးပါ။

၃။ (၅) မိနစ်ကြာပြီးနောက်တွင် သီချင်းစာသားများကို စတင်ရေးသားစေနိုင်ပါသည်။ ၎င်းတို့အား ရိုးရိုးရှင်းရှင်းသာရေးရန် အားပေးတိုက်တွန်းပါ။ ၎င်းတို့သည် သီချင်း တစ်ပိုဒ် (verse) နှင့် သံပြိုင်တေးပိုဒ်တစ်ပိုဒ် (chorus) သာ ရေးရန် လိုအပ်ပါမည်။ ဤသီချင်းသည် ကလေးငယ်များအတွက်ဖြစ်သောကြောင့် တိုတိုနှင့်ရိုးရိုးရှင်းရှင်းသာ ရေးစပ်သင့်ပါသည်။ လက်ဆေးခြင်းကဲ့သို့သော သီချင်းအတွက် လက်ဆေးနည်း၏ အစီအစဉ်အတိုင်း ရေးစပ်နိုင်ပါသည်။ သို့မဟုတ် တီထွင်ဆန်းသစ်ကာ အဆုံးသတ် ရလဒ်ဖြင့် စတင်နိုင်ပြီး ထိုရလဒ်ကို ရရှိပုံသို့ နောက်ပြန်ပြန်သွားပြီးလည်း ရေးစပ်နိုင်သည်။ ၎င်းတို့ရောက်ရှိနေသည့် နေရာ၊ ရာသီဥတု အခြေအနေ၊ ၎င်းတို့နှင့်အတူ ရှိနေသူ စသည်တို့ကို ဖော်ပြရေးသားနိုင်ပါသည်။ တတ်နိုင်သမျှအကောင်းဆုံး သရုပ်ဖော်ရေးသားစေပါ။

၄။ ကျောင်းသားများအား စာကြောင်းအချို့ကို ချရေးပြီးသည်နှင့် ၎င်းတို့ပြောချင်သည့် အရာကိုပြောရန် ပို၍ကဗျာဆန်သော (သို့မဟုတ်) တီထွင်ဆန်းသစ်သော နည်းလမ်းရှိ/မရှိ ပြန်လည်ဆန်းစစ်ရန် ညွှန်ကြားပါ။ ဥပမာအားဖြင့် ဆပ်ပြာဟု မသုံးဘဲ ၎င်းတို့လက်ပေါ်ရှိ ပူဖောင်းလေးများ ကခုန်နေပုံအကြောင်းရေးခြင်း။

- ကျောင်းသားများသည် အချိန်ရ၍ သီချင်းစာသားများကို နောက်တစ်ဆင့် မြှင့်တင်လိုပါက အဆုံးသတ်စကားလုံးများကို ကာရန်မိအောင် ကြိုးစား ကြည့်နိုင်ပါသည်။ ဤနည်းဖြင့် ၎င်းတို့သည် သီချင်းစာသားများကို သီချင်း တစ်ပုဒ်အဖြစ် စတင်ခံစားလာရမည် ဖြစ်ပါသည်။

၅။ အချိန် (၃) မိနစ် ကျန်သည့်အခါ အဖွဲ့တစ်ခုစီမှ လူတစ်ယောက်စီအား A4 စာရွက်တစ်ရွက်ပေါ်တွင် ၎င်းတို့၏ သီချင်းစာသားများကို ချရေးရန်ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အဖွဲ့လိုက်ပျော်ပျော်ရွှင်ရွှင်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုစွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ ၎င်းတို့သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်းမှ ရရှိလာသည့်စကားလုံးနှင့် စကားစုများရေးမှတ်ထားသော စာရင်းမှ ၎င်းတို့ရွေးချယ်ထားသော အကြောင်းအရာနှင့် ပတ်သက်သည့် သီချင်းတို့အတွက် ရိုးရှင်းသော သီချင်းစာသားများ ဖန်တီးနိုင်သည်အထိ တိုးတက်လာသင့်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သဘောထားကွဲလွဲမှုများနှင့် တီထွင်ဆန်းသစ်သော ရွေးချယ်မှုဆိုင်ရာ အယူအဆကွဲပြားမှုများကို ကျော်ဖြတ်ကာ စူးစမ်းလေ့လာ သင်ယူလိုစိတ်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြမည် ဖြစ်သည်။ ၎င်းတို့သည် ကျိုးကြောင်းဆီလျော်၍ ဆန်းသစ်မှုရှိကာ တေးသွားထည့်ရန်သာလိုတော့သည့် သီချင်းပိုဒ် (၁) ပိုဒ် (သို့မဟုတ်) (၂) ပိုဒ်ကို ရေးစပ်ကြမည် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ လက်တွေ့လုပ်ဆောင်ခြင်း – သံစဉ်ဖန်တီးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့အဖွဲ့နှင့်အတူ သီချင်းစာသားနှင့် ကိုက်ညီသော စည်းချက်ကို အသုံးပြု၍ သီချင်းစာသားများကို စည်းချက်မှန်မှန် ရွတ်နိုင်ခြင်း ရှိ/မရှိ ကြိုးစားကြည့်ရန် ညွှန်ကြားပါ။ သီချင်းစာသားများသည် ယေဘူယျ သီချင်းပုံစံတစ်ခုဖြစ်သည့် 8–bar (သို့မဟုတ်) 16–bar ရှိသော စကားစုများအတွင်း အံဝင်ခွင်ကျဖြစ်ပါစေ။ သံစဉ်တစ်မျိုးတည်းကို ထပ်ကျော့အသုံးပြုခြင်းသည် အဆင်ပြေသော်လည်း ကွဲပြားမှုအချို့လည်း ရှိသင့်ပါသည်။ ဥပမာ – သံပြိုင်တေးပိုဒ် (chorus) အတွက် သီးခြားစည်းချက်တစ်မျိုးနှင့် သီချင်းပိုဒ် (verse) အတွက် ခြားနားသော စည်းချက်တစ်မျိုး။

၂။ အချိန် (၅) မိနစ် ကြာပြီးနောက် သီချင်းစာသားများ၏ စည်းချက်ကို အသံအနိမ့်အမြင့်ထည့်ရန် ညွှန်ကြားပါ။ ရိုးရိုးရှင်းရှင်းသာ ထားရန်နှင့် ကလေးငယ်များတွင် ကျယ်ပြန့်သော အသံအတိုင်းအတာ မရှိသည်ကို သတိပေးပါ။ တေးသွားကို သံစဉ်ငါးခု အတိုင်းအတာ အတွင်းတွင်သာ ထားရှိခြင်းသည် ကလေးများအတွက် သီဆိုရန် လွယ်ကူစေမည်ဖြစ်သည်။ ကျောင်းသားများတွင် အခက်အခဲကြုံတွေ့နေပါက ဂီတသံစဉ်နှစ်ခုနှင့် ဆန်းသစ်သော စည်းချက်တစ်ခုဖြင့် စတင်ကြည့်ရန် ပြောပါ။ ထို့နောက် တတိယသံစဉ်ကို မိတ်ဆက်ပြီး ဖြစ်နိုင်သေးလျှင် စတုတ္ထသံစဉ်ကို ဆက်လက်၍ မိတ်ဆက်စေပါ။ ကျောင်းသားများသည် သံစဉ်ကိုဖွဲ့စည်းပြီး သီချင်းတွင် ၎င်းတို့ပေးချင်သော အဓိကအချက်ကို အလေးအနက်ပြုရန်အတွက် ထပ်ခါထပ်ခါထည့်၍ ရေးစပ်နိုင်ပါသည်။

၃။ အတန်းတွင်းလှည့်လည်၍ အခက်အခဲကြုံတွေ့နေရသောအဖွဲ့များကို ကူညီပေးပါ။

၄။ သတ်မှတ်ချိန်ထက် စော၍ပြီးသော သူများသည် ၎င်းတို့၏သံစဉ်ကို မှတ်မိစေရန် ဖုန်း (သို့မဟုတ်) အခြားအသံဖမ်းစက်ဖြင့် အသံသွင်းနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အခြေခံပညာ မူလတန်းကျောင်းသားများအတွက် အသက်အရွယ်နှင့် သင့်လျော်ကိုက်ညီသော သီချင်းစာသားများနှင့် သံစဉ်တေးသွားများပါဝင်သော သီချင်းများ ရေးစပ်ဖန်တီးနိုင်သည့် ကျောင်းသားများ၏ စွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းကို ပျော်ပျော်ရွှင်ရွှင်ချဉ်းကပ်လုပ်ဆောင်နိုင်ပြီး ပေးထားသည့်နည်းလမ်းကို တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာအသုံးပြု၍ ရိုးရှင်းသောသီချင်းတစ်ပုဒ် ဖန်တီးနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၄)။ သီဆိုတင်ဆက်ခြင်း – မိမိ၏သီချင်းကို မျှဝေခြင်း (၁၀ မိနစ်)

၁။ ဖျော်ဖြေတင်ဆက်မည့် နေရာတစ်ခုရရှိလာစေရန် စာသင်ခန်းကို စုစည်းပြီး ကျောင်းသားများအား ပွဲကြည့်ပရိသတ်ပုံစံ နေရာယူကာ ထိုင်စေပါ။

၂။ အဖွဲ့တစ်ခုစီအား ကျန်အတန်းသားများအတွက် ၎င်းတို့၏သီချင်းကို သီဆိုပြရန် ရွေးချယ်ကာ ကျောင်းသားများအကြား အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုနှင့် အကြံပြုချက်များပေးရန်အားပေးပါ။

၃။ သီဆိုဖျော်ဖြေပြီးနောက်တွင် အဖွဲ့တစ်ဖွဲ့စီအား “glow” တစ်ခု (၎င်းတို့ ကောင်းကောင်းလုပ်ခဲ့သည့်အရာ) နှင့် “grow” တစ်ခု (နောက်တစ်ကြိမ်တွင် မတူအောင် လုပ်ဆောင်နိုင်မည့်အရာ) ကို ပေးပါ။ တိုးတက်မှုဆိုင်ရာ အကြံပြုချက်များဖြင့် အပြုသဘောဆောင်သော မှတ်ချက်များကိုပေးစေကာ အပျက်သဘော ဝေဖန်မှု သက်သက်ကို ရှောင်ကြဉ်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အဖွဲ့လိုက်ဖျော်ဖြေရာတွင် တစ်ဦးနှင့်တစ်ဦး လိုက်လျောညီထွေရှိပြီး ညီညီညွတ်ညွတ် သီဆိုတင်ဆက်နိုင်မှုကို စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများသည် ပျော်ပျော်ရွှင်ရွှင်နှင့် ပူးပေါင်းလုပ်ဆောင်ပြီး တစ်ဦးကိုတစ်ဦး ပံ့ပိုးကူညီသင့်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ၎င်းတို့၏သီချင်းများကို ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင်ဖြင့် သီဆိုတင်ဆက်နိုင်ကြသည်။ ၎င်းတို့သည် အခြားသူများ၏ ဖန်တီးမှုများအား သဘောကျလက်ခံနိုင်ပြီး ဆရာ့ထံမှ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို လက်ခံရရှိနိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန်ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူနည်းလမ်းများကို ၎င်းတို့သင်ယူခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားများ မည်မျှသုံးနိုင်ဖွယ် ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ကျောင်းသားများ အပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

## သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း

| သီချင်းပူးပေါင်းရေးစပ်နည်း | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| ဖန်တီးခြင်း။ ကျောင်းသားများသည် ၎င်းတို့၏သီချင်းများအတွက် အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်တစ်ခုကို ဖန်တီးနိုင်သည်။ | | | |
| ဖန်တီးခြင်း။ ကျောင်းသားများသည် သီချင်းစာသားများကို ဖန်တီးနိုင်ကြသည်။ | | | |
| ဖန်တီးခြင်း။ ကျောင်းသားများသည် ၎င်းတို့၏သီချင်းစာသားအတွက် တေးသွားကိုဖန်တီးနိုင်ကြသည်။ | | | |
| လက်တွေ့လုပ်ဆောင်ခြင်း။ ကျောင်းသားများသည် ၎င်းတို့၏သီချင်းများကို ခံစားတင်ဆက်နိုင်ပြီး မိမိကိုယ်ကိုယုံကြည်မှုဖြင့် သီဆိုနိုင်ကြသည်။ | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားများသည် အခြေခံပညာ ပထမတန်းနှင့်ဒုတိယတန်း ကျောင်းသားများအား သင်ကြားရေးသီချင်းများကို စာသင်ခန်းအတွင်းတွင် မည်သို့အသုံးပြု သင်ကြားမည်ကို ခွဲခြားသတ်မှတ်နိုင်သည်။ | | | |

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ရိုးရှင်းသော သီချင်းရေးစပ်နည်းကို သင်ကြားရန် အသုံးပြုရသည့် အဆင့်များမှာ အဘယ်နည်း။

အဖြေ။ *အဆင့်များမှာ (၁) အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်တစ်ခုကို ရွေးချယ်ခြင်း၊ (၂) အကြောင်းအရာနှင့် သက်ဆိုင်သည့် စကားလုံးနှင့် စကားစုများပါဝင်သော စာရင်းတစ်ခုကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ (၃) စကားလုံးများနှင့် စကားစုများကို သံပြိုင်တေးပိုဒ် (chorus) နှင့် သီချင်းပိုဒ် (verse) အဖြစ်ပေါင်းစပ်ခြင်း၊ (၄) သီချင်းစာသားများ သံပြိုင်တေးပိုဒ် (chorus) နှင့် သီချင်းပိုဒ် (verse) တို့တွင် မတူညီသောစည်းချက်များ ထည့်သွင်းခြင်း၊ (၅) စည်းချက်တွင် အခြေခံပညာမူလတန်း ကျောင်းသားများအတွက် သင့်လျော်သော အသံအနိမ့်အမြင့်ကို ထည့်သွင်းခြင်း၊ (၆) သီချင်းသီဆိုတင်ဆက်ခြင်း တို့ဖြစ်ကြပါသည်။*

မေးခွန်း ၂။ အဘယ့်ကြောင့် သီချင်းစာသားကို စတင်ရေးသားပြီး ထို့နောက်မှ စည်းချက်နှင့် သံစဉ်တေးသွားကို ထည့်ရသနည်း။

အဖြေ။ *သီချင်းရေးခြင်းသည် ခက်ခဲနိုင်သောကြောင့် အဆင့်ဆင့်လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများအား ကြီးမားသောအလုပ်တစ်ခုကို ပိုမိုသေးငယ်သော အဆင့်များ အဖြစ် ခွဲခြမ်းပေးပြီး ပြီးမြောက်အောင်မြင်မှုကို ခံစားရစေပါသည်။*

မေးခွန်း ၃။ ထိရောက်ပြီး ဆွဲဆောင်မှုရှိသော သင်ကြားမှုကိုဖန်တီးရန် သီချင်းရေးစပ်ခြင်း လုပ်ငန်းစဉ်ကို စာသင်ခန်းထဲတွင် သင်မည်သို့ အသုံးပြုနိုင်သနည်း။

အဖြေ။ *သီချင်းရေးခြင်းသည် မိမိ၏ ကိုယ်ပိုင်ခံစားချက်ကို ဖော်ပြခြင်းနှင့် စာသင်ခန်း ထဲတွင် ဆရာများထည့်သွင်းပို့ချရမည့် အကြောင်းအရာများအတွက် အဆုံးမရှိသော မတူကွဲပြား ဆန်းသစ်မှုများကို ပေးစွမ်းပါသည်။*

မေးခွန်း၄။ ကိုယ်ပိုင်သီချင်းများ ရေးတတ်အောင်သင်ယူခြင်းဖြင့် ဆရာများတွင် မည်သည့်အရည်အချင်းများ ရရှိလာသနည်း။

အဖြေ။ *ကိုယ်ပိုင်သီချင်းများရေးစပ်ရန် သင်ယူခြင်းဖြင့် ဆရာများသည် စာသင်ခန်းထဲတွင် ကွဲပြားဆန်းသစ်မှုများ ဖန်တီးနိုင်ပြီး သင်ခန်းစာအကြောင်းအရာကို ကျောင်းသားများနှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်ရန်အတွက်၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့လိုက် ဆုံးဖြတ်ချက်ချခြင်းနှင့် ပူးပေါင်းဖန်တီးခြင်းတို့ကို ဆောင်ရွက်တတ်လာပါသည်။*

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- သင်ကြားရေးသီချင်းများရေးစပ်ရန် သင်ယူခြင်းဖြင့် ဆရာများသည် စာသင်ခန်းထဲတွင် ကွဲပြားဆန်းသစ်မှုများ ဖန်တီးနိုင်ပြီး သင်ခန်းစာအကြောင်းအရာကို ကျောင်းသားများနှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်ဆုံးဖြတ်ချက်ချခြင်းနှင့် ပူးပေါင်းဖန်တီးခြင်းတို့ကို ဆောင်ရွက်တတ်လာပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

ကျောင်းသားများ ၎င်းတို့၏ ကိုယ်ပိုင်သင်ကြားရေး သီချင်းများကို ဖန်တီးခြင်းသည် ၎င်းတို့အား အခြေခံပညာ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ကွဲပြားဆန်းသစ်စေရန် နှင့်/သို့မဟုတ် ကျယ်ပြန့်စေရန် လိုက်လျောညီထွေရှိသော သင်ကြားမှုနည်းလမ်းကို ပေးစွမ်းပြီး ကဗျာများ၊ သီချင်းများ၊ အကများနှင့် ဂီတကို ကျောင်းသားများနှင့် ကိုက်ညီအောင် လုပ်ဆောင်ခြင်းဖြင့် စာသင်ခန်းအတွင်းရှိ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားချက်များကို သိရှိပြီး အသိအမှတ်ပြု လက်ခံလာစေနိုင်ပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ

**၄.၂.၁။**

Leddy, B. (2015). Using Songwriting in the classroom. *Writing is Thinking.*

Teaching songwriting (When you're not a pro). Episode 151, (2021, June 14). *The Vibrant Music Teaching Podcast.*

Weber, C. (2021). Songwriting with your primary class. *Music Teacher Magazine.*

# ၄.၃။ ဂီတတူရိယာများတီးမှုတ်ခြင်း

ဤအခန်းငယ်တွင် ကျောင်းသားများသည် ဂီတတူရိယာများကို မည်သို့အမျိုးအစားခွဲရမည် ဆိုသည်နှင့် ဂီတတူရိယာအမျိုးအစားများကို အခြေခံပညာအဆင့် ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား မိတ်ဆက်ပေးရာတွင် သုံးနိုင်သည့် နည်းလမ်းများကို လေ့လာကြရပါမည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်–**

- ရိုးရာနှင့် အနောက်တိုင်းတူရိယာ နှစ်ရပ်လုံးမှ ကွဲပြားသော ဂီတတူရိယာ အမျိုးအစားများကို ဖော်ပြတတ်မည်။
- မတူညီသော ဂီတတူရိယာများအပေါ် နားလည်သဘောပေါက်မှုကို ဖော်ပြတတ်မည်။
- မြန်မာ့ရိုးရာဂီတတူရိယာများနှင့် အနောက်တိုင်းတူရိယာများ၏ တူညီမှုနှင့် ကွဲပြားခြားနားမှုများကို သိရှိလာမည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာအသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင်သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများသင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ၄.၃.၁။ ဂီတတူရိယာအမျိုးအစားများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်–**

- ရိုးရာနှင့် အနောက်တိုင်းတူရိယာ နှစ်ရပ်လုံးမှ ကွဲပြားသောဂီတတူရိယာအမျိုးအစားများကို ဖော်ပြတတ်မည်။
- မတူညီသော ဂီတတူရိယာများအပေါ် နားလည်သဘောပေါက်မှုကို ဖော်ပြတတ်မည်။
- မြန်မာ့ရိုးရာဂီတတူရိယာများနှင့် အနောက်တိုင်းတူရိယာများ၏ တူညီမှုနှင့် ကွဲပြားခြားနားမှုများကို သိရှိလာမည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကိုပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာအဓိက အသိပညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေများနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – တစ်ဦးချင်းလုပ်ငန်း၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ ဟောပြောပို့ချခြင်း၊ နမူနာလုပ်ပြခြင်း၊ ကစားနည်း၊ ပြန်လည်သုံးသပ်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ သင်ယူပြီးစစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယား။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်တွင် ပြဋ္ဌာန်းထားသော ဂီတတူရိယာ အမျိုးအစားများနှင့် ပတ်သက်သော အကြောင်းအရာများကို ပြန်လည်သုံးသပ်၍ ပုံများနှင့် တူရိယာအမည်များပါရှိသော စာရွက် (သို့မဟုတ်) ကတ်ပြားများ၊ အမျိုးအစားခွဲခြားခြင်း လုပ်ငန်းအတွက် ကြမ်းပြင်ပေါ်တွင် နေရာများကို အမှတ်အသားပြုရန် တိပ်များ၊ စာအုပ်ထဲတွင်ဖော်ပြထားသော တူရိယာများ၏ အသံနမူနာ၊ လက်ပ်တော့ပ်ကွန်ပျူတာနှင့် စပီကာတို့ကို ပြင်ဆင်ပါ။

**လိုအပ်သောရင်းမြစ်များ –** တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်။

## နိဒါန်းပျိုးခြင်း (၅ မိနစ်)

တတိယနှစ် ဒုတိယစာသင်နှစ်ဝက် အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်တွင် ပြဋ္ဌာန်းထားသော ဤသင်ခန်းစာတွင်ပါရှိသည့် အကြောင်းအရာကို ပြန်လည်သုံးသပ်ပြီး မည်သည့်အရာက သီချင်းတစ်ပုဒ်ကို ဖြစ်စေသည်ဆိုသည်နှင့် ပတ်သက်သော မေးခွန်းများကို ဖြေဆိုပါ။

## သင်ယူမှုလုပ်ငန်း (၁)။ တစ်ဦးချင်းလုပ်ငန်း – မြန်မာ့တူရိယာများကို အမျိုးအစားခွဲခြားခြင်း (၁၅ မိနစ်)

၁။ တစ်ဦးချင်းလုပ်ဆောင်ခြင်း – ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် မြန်မာ့ဂီတတူရိယာများ၏ ပုံကို ကြည့်ရန်ညွှန်ကြားပါ။

၂။ ၎င်းတို့အား တူရိယာတစ်ခုချင်းစီကို ပေးထားသော ကွက်လပ်ရှိဇယားကွက်ထဲတွင် သက်ဆိုင်ရာတူရိယာအမျိုးအစားအလိုက် (ပါကားရှင်း၊ သစ်သားလေမှုတ်တူရိယာ၊ ကြိုးတပ်တူရိယာ၊ ကြေးတူရိယာ စသည်ဖြင့်) ခွဲခြားထည့်သွင်းပေးရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား ဤလုပ်ငန်းအတွက် ကူညီပေးရန်မလိုပါ။ ပြီးမှသာ ၎င်းတို့၏ အဖြေမှန်/ မမှန်ကိုကြည့်၍ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

၄။ (၅) မိနစ်ခန့်ကြာသော် ဖြေဆိုရန်ဆန္ဒရှိသူ ကျောင်းသား (၃) ယောက်မှ (၄) ယောက်အား ရရှိလာသော စာရင်းနှင့်ပတ်သတ်၍ မည်သည့်အရာများကို သတိပြုမိသည်ကို မေးမြန်းပါ။ အမျိုးအစားတစ်ခုအတွင်းတွင် တူညီသော တူရိယာအရေအတွက် ပါရှိပါသလား။ မြန်မာ့ရိုးရာတူရိယာများနှင့်ပတ်သတ်၍ မည်သည်ကို ကောက်ချက်ချနိုင်မည်နည်း။ အဓိကတူရိယာအမျိုးအစားမှာ အဘယ်နည်း။

၅။ မြန်မာ့တူရိယာများ၏ အသံဖိုင် (ရုပ်သံဖိုင် မဖြစ်ရပါ) ကို ဖွင့်ပြပြီး ကျောင်းသားများအား အသံနှင့် တူရိယာအမည်များကို ယှဉ်တွဲစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ မြန်မာ့တူရိယာများအား တိကျမှန်ကန်စွာ အမျိုးအစားခွဲခြားနိုင်မှု စွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများ၏ ယခုစာရင်းပေါ်တွင် အခြေခံ၍ မြန်မာ့ဂီတ၏ သဘောသဘာဝအပေါ် ကောက်ချက်ဆွဲနိုင်မှု စွမ်းရည်ကိုလည်း အကဲဖြတ်ပါ။ အသံကို နားထောင်၍ တူရိယာအမည်ကို တိကျမှန်ကန်စွာ သတ်မှတ်နိုင်သော ၎င်းတို့၏ စွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ တူရိယာများ၏ တိကျမှန်ကန်သော အမျိုးအစားခွဲခြားမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ပါကားရှင်း | သစ်သားလေမှုတ် တူရိယာများ | ကြိုးတပ်တူရိယာများ | ကြေးတူရိယာများ |
|---|---|---|---|
| • ပတ်ဝိုင်း<br>• စည်းဝိုင်း<br>• ကြေးနောင်<br>• ပတ္တလား<br>• ကြေးစည်<br>• စည်း<br>• ဝါး<br>• စခွန့်<br>• စည်တို<br>• ပတ်မ | • ပလွေ<br>• နှဲ | • စောင်းကောက်<br>• တယော | |

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မြန်မာ့တူရိယာအများစုမှာ ပါကားရှင်းအမျိုးအစား ဖြစ်ကြပြီး ကြိုးတပ်တူရိယာ အနည်းငယ် တွေ့ရသော်လည်း ကြေးတူရိယာကိုမူ မတွေ့ရပါ။

## သင်ယူမှုလုပ်ငန်း (၂)။ တစ်ဦးချင်းလုပ်ငန်း – အနောက်တိုင်းတူရိယာများကို အမျိုးအစားခွဲခြားခြင်း (၁၀ မိနစ်)

၁။ တစ်ဦးချင်းလုပ်ဆောင်ခြင်း – ကျောင်းသားများအား ၎င်းတို့၏ကျောင်းသားကိုင် စာအုပ်တွင် ဖော်ပြထားသည့် အနောက်တိုင်းတူရိယာများ၏ပုံကို ကြည့်ရန် ညွှန်ကြားပါ။

၂။ ၎င်းတို့အား တူရိယာတစ်ခုချင်းစီကို ပေးထားသော ကွက်လပ်ရှိ ဇယားကွက်ထဲတွင် သက်ဆိုင်ရာတူရိယာအမျိုးအစားအလိုက် (ပါကားရှင်း၊ သစ်သားလေမှုတ်တူရိယာ၊ ကြိုးတပ်တူရိယာ၊ ကြေးတူရိယာ စသည်ဖြင့်) ခွဲခြားထည့်သွင်းပေးရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများအား ဤလုပ်ငန်းအတွက် ကူညီပေးရန်မလိုပါ။ ပြီးမှသာ ၎င်းတို့၏ အဖြေမှန်/ မမှန်ကို ကြည့်၍ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

၄။ (၅) မိနစ်ခန့်ကြာသော် ဖြေဆိုရန်ဆန္ဒရှိသူ ကျောင်းသား (၃) ယောက်မှ (၄) ယောက်အား ရရှိလာသော စာရင်းနှင့် ပတ်သတ်၍ မည်သည့်အရာများကို သတိပြုမိသည်ကို မေးမြန်းပါ။ အမျိုးစားတစ်ခုအတွင်းတွင် တူညီသော တူရိယာအရေအတွက် ပါရှိပါသလား။ အနောက်တိုင်းတူရိယာများနှင့်ပတ်သတ်၍ မည်သည်ကို ကောက်ချက်ချနိုင်မည်နည်း။ အဓိကတူရိယာအမျိုးအစားမှာ အဘယ်နည်း။

၅။ အနောက်တိုင်းတူရိယာများ၏ အသံဖိုင် (ရုပ်သံဖိုင် မဖြစ်ရပါ) ကို ဖွင့်ပြပြီး ကျောင်းသားများအား အသံနှင့် တူရိယာအမည်များကိုယှဉ်တွဲစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အနောက်တိုင်းတူရိယာများအား တိကျမှန်ကန်စွာ အမျိုးအစား ခွဲခြားနိုင်မှုစွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ ကျောင်းသားများ၏ ယခုစာရင်းပေါ်တွင် အခြေခံ၍ မြန်မာ့ဂီတ၏ သဘောသဘာဝအပေါ် ကောက်ချက်ဆွဲနိုင်မှု စွမ်းရည်ကိုလည်း အကဲဖြတ်ပါ။ အသံကိုနားထောင်၍ တူရိယာအမည်ကို တိကျမှန်ကန်စွာ သတ်မှတ်နိုင်သော ၎င်းတို့၏ စွမ်းရည်ကို စစ်ဆေးအကဲဖြတ်ပါ။ တူရိယာများ၏ တိကျမှန်ကန်သော အမျိုးအစား ခွဲခြားမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ပါကားရှင်း | သစ်သားလေမှုတ် တူရိယာများ | ကြိုးတပ်တူရိယာများ | ကြေးတူရိယာများ |
|---|---|---|---|
| ပတ္တလားကြီးတစ်မျိုး (Marimba)<br>ခေါင်းလောင်းသံနှင့် ဆင်သော အသံကို ထုတ်ပေးသည့် အခေါင်းပေါက်ပါ သတ္တု တူရိယာများ (Chimes)<br>တြိဂံပုံသတ္တုတူရိယာ (Triangle)<br>စနဲဒရမ် (Snare Drum) | ပလွေ<br>ဘဆွန်း (bassoons)<br>ကလယ်ရီနက် (clarinet)<br>အိုဘို (oboe) | စောင်း | ပြင်သစ်ကြေးခရာ (French horn)<br>ကျူဘာ (Tuba)<br>ထရမ်းပတ် (Trumpet)<br>ထရမ်ဘုန်း (Trombone) |

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အနောက်တိုင်းတူရိယာများမှာ ကြိုးတပ်တူရိယာအုပ်စုတွင် တူရိယာတစ်မျိုးသာ ပါဝင်သည် မှလွဲ၍ ကျန်အမျိုးအစားများတွင် ညီမျှစွာပါဝင်နေကြပါသည်။ ထို့ကြောင့် အနောက်တိုင်း ဂီတတွင် စည်းချက်ကို ပြသော ပါကားရှင်းသံနှင့် တေးသွားအလိုက်တီးလုံးသံတို့ ညီမျှစွာ ပါဝင်နေကြသည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ တွေး-တွဲ-မျှဝေသင်ယူခြင်း – သင်ယူမှုလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား အတန်းဖော်တစ်ယောက်နှင့်အတူ လုပ်ဆောင်ရန်ညွှန်ကြားပါ။ ယခင်က မယှဉ်တွဲဖူးသေးသူနှင့်အတူ ယှဉ်တွဲလုပ်ဆောင်ရန် အားပေးပါ။

၂။ ၎င်းတို့အား ဟောပြောပို့ချရာတွင်ပါဝင်ခဲ့သော တူရိယာအမျိုးအစားခွဲခြားခြင်း ကစားနည်းအပြင် အတန်းတွင်းလုပ်ငန်းများကို ထပ်မံကွဲပြားအောင် လုပ်ဆောင်နိုင်သော နည်းလမ်းများအကြောင်း ဆွေးနွေးကြရန် ပြောပါ။ ၎င်းတို့တွင် အခြားမည်သည့်အကြံဉာဏ်များ ရှိပါသေးသနည်း။ ဤကဲ့သို့သော လုပ်ငန်းမျိုးတွင် မည်သို့သော အခက်အခဲ ကြုံတွေ့ရနိုင်ပါသနည်း။ ဤသည်ကို ၎င်းတို့ မည်ကဲ့သို့ ကျော်ဖြတ်မည်နည်း။

၃။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော နေရာလွတ်တွင် ရရှိလာသော အဖြေများကို ချရေးရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အတန်းတွင်းလက်တွေ့ အသုံးချခြင်းနှင့်စပ်လျဉ်း၍ လေ့လာခဲ့ရသော သင်ခန်းစာများကို အသုံးချနိုင်မှုစွမ်းရည်ကို အကဲဖြတ်စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အမျိုးအစားခွဲခြားခြင်းကစားနည်းကို ရရှိနိုင်သောနေရာနှင့် ရင်းမြစ်များပေါ် မူတည်၍ မတူညီသော နည်းလမ်းများစွာဖြင့် လုပ်ဆောင်နိုင်ပါသည်။ ဆရာသည် ကြမ်းပြင်ပေါ်ရှိ စက်ဝိုင်းများအစား မြေကြီးပေါ်တွင်ပုံသဏ္ဍာန်အမျိုးမျိုး ဆွဲနိုင်ပါသည်။ ထိုသို့မဟုတ်ပါက ကြိုးများ၊ အကွက်များ (သို့မဟုတ်) အခြားမည်သည့်အရာဖြင့်မဆို နယ်နိမိတ်များ သတ်မှတ်နိုင်ပါသေးသည်။ တူရိယာအမျိုးအစားများကို ခွဲခြားရာတွင် ရုပ်ဝတ္ထုတစ်မျိုးမျိုးကို အသုံးပြုခြင်းသည် အခြေခံပညာ မူလတန်း အစောပိုင်းနှစ်များမှ ကျောင်းသားကလေးငယ်များ ပို၍သွက်လက်တက်ကြွ၊ စိတ်ဝင်တစားရှိလာစေပြီး သဘောတရားအသစ်များကိုလည်း ပိုမို သဘောပေါက်လွယ်လာစေပါသည်။

## သင်ယူမှုလုပ်ငန်း (၄)။ ကစားနည်း – တူရိယာအမြန်ရွေးခြင်း (၁၀ မိနစ်)

၁။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း တူရိယာအမျိုးအစား (၄) မျိုးနှင့် သက်ဆိုင်သောနေရာ (၄) နေရာကို စာသင်ခန်းအတွင်း သတ်မှတ်ပေးပါ။ နေရာတစ်ခုချင်းစီတွင် သက်ဆိုင်ရာအမျိုးအစားလိုက် (ပါကားရှင်း၊ သစ်သား လေမှုတ် တူရိယာများ၊ ကြိုးတပ်တူရိယာများ၊ ကြေးတူရိယာများ စသည်ဖြင့်) ဖော်ပြမှတ်သားထားပါ။

၂။ ကျောင်းသားများအား သင်သည် နမူနာအသံဖိုင်များကို ဖွင့်ပြမည်ဖြစ်ကြောင်း ပြောပါ။ ထို့နောက် ၎င်းတို့ကလည်း မိမိတို့ ကြားလိုက်သော တူရိယာအတွက် သတ်မှတ်ထားသော နေရာသို့ ပြေးသွား၍ မတ်တတ်ရပ်နေရမည်ဟု ညွှန်ကြားပါ။

- သင်ဆန္ဒရှိပါက တူရိယာအမျိုးအစားကို အမြဲမှန်ကန်စွာရွေးချယ်နိုင်သော ကျောင်းသားကို ဆုချပါ။

၃။ သင်ယူပြီးသည့် အကြောင်းအရာများကို မည်ကဲ့သို့ပြန်လည် အသုံးချနိုင်သည် ဆိုသည်နှင့်ပတ်သက်၍ အတန်းတွင်းဆွေးနွေးမှုပြုလုပ်နိုင်ရန် ကူညီလမ်းညွှန်ပေးပါ။ ၎င်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင်သည် ဤကဲ့သို့သော သင်ခန်းစာအတွက် မည်ကဲ့သို့သောပြင်ဆင်မှုများ ပြုလုပ်မည်နည်း။ မည်သည့်အရင်းအမြစ်များ လိုအပ်နိုင်ပါသနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

အသံဖိုင်တွင် ပါရှိသည့် တူရိယာအပေါ်မူတည်၍ သက်ဆိုင်ရာသတ်မှတ်ထားသော နေရာသို့ တိကျမှန်ကန်စွာ ပြေးသွားနိုင်သော ကျောင်းသားများ၏ စွမ်းရည်ကို အကဲဖြတ်ပါ။ လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ဤကဲ့သို့သော သင်ခန်းစာတစ်ခုအတွက် မည်ကဲ့သို့သောပြင်ဆင်မှုများ ပြုလုပ်ရမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းမှု ရှိ/မရှိ အကဲဖြတ်စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤလုပ်ငန်းသည် အခြေခံပညာ မူလတန်းအစောပိုင်းနှစ်များမှ ကျောင်းသားကလေးငယ်များ မတူညီသော တူရိယာအမျိုးအစားများကို အမြင်၊ အကြားတို့ဖြင့် ခွဲခြားသတ်မှတ်နိုင်အောင် လေ့လာရာတွင် တက်ကြွပျော်ရွှင်လာစေပါသည်။ ဤသို့ဖြင့် ၎င်းတို့သည် အသံ၏ အတိုင်းအတာ၊ ဂုဏ်သတ္တိနှင့် အရည်အသွေး အပါအဝင် မတူညီသော တူရိယာအမျိုးအစားများကို အကြားအာရုံဖြင့် သိမှတ်နိုင်စွမ်းများ တိုးတက်လာပါမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများကို အချိန် ငါးမိနစ်ခန့် ပေးပါ။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေကြစဉ် အတန်းတွင်းလှည့်လည်၍ ၎င်းတို့၏ တုံ့ပြန်ချက်များကို စောင့်ကြည့်ပါ။ အလိုရှိသော တုံ့ပြန်ဖြေကြားမှုများ ရရှိအောင် လမ်းညွှန်နိုင်ရန်ကျောင်းသားများ၏အခြေအနေပေါ်မူတည်၍ ထပ်လောင်းအချက်အလက်များနှင့် အကြံပြုချက်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရန် အားပေးခြင်းတို့ကို ပြုလုပ်ပါ။ မည်သည့်အသစ်အသစ်သော ကျွမ်းကျင်မှုများနှင့် သင်ထောက်ကူ

နည်းလမ်းများကို ၎င်းတို့သင်ယူခဲ့ရသနည်း။ ၎င်းတို့ကို ကျောင်းသားများ မည်မျှသုံးနိုင်ဖွယ် ရှိသနည်း။ ဤသင်ယူမှုလုပ်ငန်းများက ၎င်းတို့၏ကျောင်းသားများအပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုများ ရှိမည်ဟု သင်ထင်ပါသနည်း။

## သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း

| ဂီတတူရိယာအမျိုးအစားများ | | | |
|---|---|---|---|
| စံသတ်မှတ်ချက်များ | ပုံမှန် | ကောင်း | အလွန်ကောင်း |
| တုံ့ပြန်ဖြေဆိုခြင်။ ကျောင်းသားသည် ရုပ်ပုံများကိုကြည့်၍ ရိုးရာတူရိယာများကို မှန်ကန်စွာ အမျိုးအစား သတ်မှတ်နိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် ရုပ်ပုံများကိုကြည့်၍ အနောက်တိုင်းတူရိယာများကို မှန်ကန်စွာ အမျိုးအစား သတ်မှတ်နိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် တူရိယာတီးမှုတ်သံကိုနားထောင်၍ ရိုးရာတူရိယာများကို မှန်ကန်စွာ အမျိုးအစား သတ်မှတ်နိုင်သည်။ | | | |
| တုံ့ပြန်ဖြေဆိုခြင်း။ ကျောင်းသားသည် တူရိယာတီးမှုတ်သံကိုနားထောင်၍ အနောက်တိုင်း တူရိယာများကို မှန်ကန်စွာ အမျိုးအစား သတ်မှတ်နိုင်သည်။ | | | |
| ချိတ်ဆက်ခြင်း။ ကျောင်းသားသည် ရိုးရာနှင့်အနောက်တိုင်းတူရိယာများကို မည်သည့်နေရာတွင် မြင်ဖူးခဲ့သည် ပြောပြနိုင်သည်။ (ဥပမာ – တီဗီ၊ ရုပ်ရှင်နှင့် ပွဲတော်များ အစရှိသည်) | | | |

### ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ကမ္ဘာပေါ်တွင်တွေ့ရသော ဂီတတူရိယာအမျိုးအစား (၄) မျိုးမှာအဘယ်နည်း။ မြန်မာ့ရိုးရာတူရိယာများနှင့် အနောက်တိုင်းတူရိယာများကြားရှိ အဓိကကွာခြားမှုများနှင့် တူညီမှုများမှာ မည်သည်တို့ဖြစ်သနည်း။

အဖြေ။ *ဂီတတူရိယာအမျိုးအစား (၄) မျိုးမှာ ပါကားရှင်း (percussion)၊ သစ်သား လေမှုတ်တူရိယာ၊ ကြိုးတပ်တူရိယာနှင့် ကြေးတူရိယာတို့ဖြစ်ပါသည်။ မြန်မာ့တူရိယာ အများစုသည် ပါကားရှင်း (percussion) အမျိုးအစားဖြစ်ပြီး အနောက်တိုင်းတူရိယာ များသည် အမျိုးအစားအားလုံးတွင် မျှတစွာပါဝင်ပါသည်။ ဂီတပုံစံနှစ်မျိုးစလုံးတွင် အမျိုးအစားအားလုံးမှ နမူနာများပါဝင်သည်။*

မေးခွန်း ၂။ အခြေခံပညာအဆင့် မူလတန်းအစောပိုင်းနှစ်များမှ ကလေးငယ်များ ဂီတတူရိယာများ၏ အမည်များနှင့် အသံများအားလေ့လာခြင်းမှ မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်နည်း။

အဖြေ။ *မတူညီသော တူရိယာများကို ခြားနားရန် အသိအမှတ်ပြုခြင်းသည် သိမှုဆိုင်ရာနှင့် အကြားဆိုင်ရာဖွံ့ဖြိုးခြင်းကို အထောက်အပံ့ပြုသည့် ဂီတနှင့်ပတ်သတ်သော ကျောင်းသားများ၏ အကြားစွမ်းရည်ကို တိုးတက်စေပါသည်။*

မေးခွန်း ၃။ ကိုယ်ခန္ဓာလှုပ်ရှားမှုများ ပါဝင်သည့်လုပ်ငန်းများသည် ကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိစေပါသနည်း။ အဘယ်နည်းလမ်းများအားဖြင့်နည်း။

အဖြေ။ *ကိုယ်ခန္ဓာလှုပ်ရှားမှုများသည် အခြေခံပညာအဆင့် မူလတန်းအစောပိုင်းနှစ်များမှ ကလေးငယ်များ၏ ဂရုစိုက်မှုနှင့် အာရုံစူးစိုက်နိုင်စွမ်းကို ပိုမိုအားကောင်းစေပါသည်။*

မေးခွန်း ၄။ အမျိုးအစားခွဲခြားခြင်း ကစားနည်းများမှ မည်သည့် လူမှုရေးကျွမ်းကျင်မှုများကို လေ့လာရရှိပါသနည်း။

အဖြေ။ *အမျိုးအစားခွဲခြားခြင်းကစားနည်းသည် ကျောင်းသားများအား စိတ်အေးလက်အေး ပျော်ပျော်ရွှင်ရွှင်သင်ယူလေ့လာစေရန် ကူညီပေးပြီး ယုံကြည်မှုနှင့် လူမှုရေးကျွမ်းကျင်မှုများ တိုးတက်စေရန် ကူညီပေးပါသည်။*

## အိမ်စာအလုပ်ပေးခြင်း

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းအတွက် ပြင်ဆင်ရာတွင် ကျောင်းသားများအား အောက်ပါ အိမ်စာများပေးပါ။

၁။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်လေ့လာပါ။

၂။ လက်ကမ်းစာစောင်ပါ ညွှန်ကြားချက်များကိုလိုက်နာပြီး လက်ကမ်းစာစောင် (၄)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံ ရေးဆွဲခြင်းဇယားကို ဖြည့်စွက်ပါ။

ဤအခန်းမှ သင်ခန်းစာတစ်ခုကို ရွေးချယ်ပေးအပ်ကာ လက်ကမ်းစာစောင် (၅)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံလွှာကိုပေးပါ။ ပေးအပ်ထားသော သင်ခန်းစာအတွက် ပြင်ဆင်ရာတွင် ၎င်းကိုဖြည့်စွက်ရန် ကျောင်းသားများအား ညွှန်ကြားပါ။ သင်ရွေးချယ်ပေးသည့် သင်ခန်းစာသည် သက်ဆိုင်ရာစာသင်နှစ်ဝက်ရှိ ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များနှင့် ကိုက်ညီသင့်ပါသည်။ အချို့သောစာသင်နှစ်ဝက်ရှိ ကျောင်းသားများသည် အကပညာသင်ကြားလေ့ကျင့်ရန် လိုအပ်ပြီး အချို့သောစာသင်နှစ်ဝက်ရှိ ကျောင်းသားများသည် ဂီတတူရိယာများ သင်ကြားလေ့ကျင့်ရန် လိုအပ်ပါသည်။ ၎င်းသည် သင့်အားဆရာတစ်ဦးအနေဖြင့် ကျောင်းသားများ၏လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော သင်ကြားမှုနှင့်မတူကွဲပြားပြီး ပိုမိုစိတ်ဝင်စားစရာကောင်းသော သင်ကြားမှုကို ရရှိစေပါသည်။

အုပ်စုလုပ်ငန်း၊ သရုပ်ပြသင်ကြားခြင်း (သို့မဟုတ်) ဖျော်ဖြေတင်ဆက်မှုတို့ပါဝင်သည့် လုပ်ငန်းများကိုရွေးချယ်ပါ။ တွေး–တွဲ–မျှဝေ သင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကဲ့သို့သော လုပ်ငန်းများသည် ကျောင်းသားများအတွက် မှန်ကန်သောသင်ယူမှုအတွေ့အကြုံကို ပေးစွမ်းမည်မဟုတ်ပါ။ ဤအခန်းတွင် သင့်လျော်သော လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှုနည်းလမ်းများ – သင်ယူမှု လုပ်ငန်း (၂) သို့မဟုတ် (၃)
- ၄.၃.၁။ ဂီတတူရိယာအမျိုးအစားများ – သင်ယူမှုလုပ်ငန်း (၁)၊ (၂) သို့မဟုတ် (၄)

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- မတူညီသော တူရိယာများကို ကြားနာရန် အသိအမှတ်ပြုခြင်းသည် သိမှုဆိုင်ရာနှင့် အကြားဆိုင်ရာဖွံ့ဖြိုးခြင်းကို အထောက်အပံ့ပြုသည့် ဂီတနှင့် ပတ်သတ်သော ကျောင်းသားများ၏ အကြားစွမ်းရည်ကို တိုးတက်စေပါသည်။
- ကိုယ်ခန္ဓာလှုပ်ရှားမှုများသည် အခြေခံပညာအဆင့် မူလတန်းအစောပိုင်းနှစ်များမှ ကလေးငယ်များ၏ ဂရုစိုက်မှုနှင့် အာရုံစူးစိုက်နိုင်စွမ်းကို ပိုမိုအားကောင်းစေပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

မူလတန်းကျောင်းသားတစ်ဦးသည် မတူညီသော ဂီတနှင့် တူရိယာတီးခတ်မှုများအပေါ် အလေးထား၍ အသိမှတ်ပြုရန်နှင့် အသံအနိမ့်အမြင့်နှင့် အသံအရည်အသွေး အမျိုးမျိုးတို့ကို နားထောင်ခြင်းကို လေ့လာရန် များစွာ အရေးကြီးပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ

၄.၃.၁။

*Families of musical instruments.* Fact Monster. https://www.factmonster.com/culture-entertainment/music/families-musical-instruments

*How to teach instruments and instrument families to elementary students.* Sing Play Create. https://www.singplaycreate.com/2015/04/how-to-teach-instruments-and-instrumen.html

Leddy, B. (2015). Using Songwriting in the classroom. *Writing is Thinking.*

*Musical instruments: History & examples.* Study.com. https://study.com/learn/lesson/types-musical-instruments.html

# ၄.၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းငယ်ကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်း အနုပညာ (ဂီတ) အတန်းများတွင် သီဆိုခြင်း၊ ကခုန်ခြင်းနှင့် ဂီတတူရိယာများ တီးမှုတ်ခြင်းအတွက် သင်ကြား၊ သင်ယူမှုနည်းလမ်းများကို ဆန်းစစ်တတ်မည်။
- သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခုကို ပို့ချတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

# ၄.၄.၁။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် –**

- မူလတန်း အနုပညာ (ဂီတ) အတန်းများတွင် သီဆိုခြင်း၊ ကခုန်ခြင်းနှင့် ဂီတ တူရိယာများ တီးမှုတ်ခြင်းအတွက် သင်ကြား၊ သင်ယူမှုနည်းလမ်းများကို ဆန်းစစ်တတ်မည်။
- သင်ပြမှုပုံစံတစ်ခုကို ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခုကို ပို့ချတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်း သင်ရိုးညွှန်းတမ်းသင်ယူမှု၏ အဓိကအသိပညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိပညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာအသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စား မှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။။

**အချိန်** – မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** – ပြန်လည်ဆန်းစစ်ခြင်း၊ သင်ပြမှုပုံစံရေးဆွဲခြင်း၊ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းနှင့် ဆွေးနွေးခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** – ကြည့်ရှုလေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** – ဤအခန်းရှိ သင်ခန်းစာတစ်ခုမှ သင်ယူမှုလုပ်ငန်းတစ်ခုစီကို အလှည့်ကျဦးဆောင်ရန် ကျောင်းသားများအတွက် အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း အချိန်ဇယားကိုပြင်ဆင်ပါ။ အတန်းကို ကျောင်းသား (၄) ယောက်စီပါဝင်သော အုပ်စုများခွဲထားသည်ဟုယူဆပြီး ထိုအချိန်ဇယားကို အောက်ပါဥပမာအတိုင်း ပြင်ဆင်နိုင်သည်။

| ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှုနည်းလမ်းများ | | |
|---|---|---|
| ကျောင်းသား (၁) | မိတ်ဆက်ဟောပြောပို့ချခြင်း | ၅ မိနစ် |
| ကျောင်းသား (၂) | သရုပ်ပြသင်ကြားခြင်းနှင့်ဆွေးနွေးခြင်း – *ကဗျာလွတ်အက* | ၁၀ မိနစ် |
| ကျောင်းသား (၃) | အုပ်စုလုပ်ငန်း – လက်တွေ့ကပြခြင်းနှင့် အချင်းချင်းကြည့်ရှုလေ့လာခြင်း | ၁၀ မိနစ် |
| ကျောင်းသား (၄) | စစ်ဆေးအကဲဖြတ်ခြင်း | ၅ မိနစ် |

**လိုအပ်သောရင်းမြစ်များ** – တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၆)။ အနုပညာ (ဂီတ) သင်ခန်းစာလေ့လာခြင်း အချင်းချင်း စူးစမ်းမှုပုံစံလွှာ၊ ကားချပ်ကြီး၊ ရောင်စုံစက္ကူ၊ မာကာများ၊ ပေးအပ်ထားသော သင်ခန်းစာများအလိုက် လိုအပ်သော တူရိယာများ (သို့မဟုတ်) အသံ/ဗီဒီယိုဖိုင်များ။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်း – တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်းနှင့် သင်ပြမှုပုံစံရေးဆွဲခြင်း (၁၀ မိနစ်)

၁။ အောက်ပါစစ်ဆေးအကဲဖြတ်ခြင်းဇယား၏ အဖြေမှန်များကို မျှဝေခြင်းဖြင့် ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးပါ။

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှု လုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများ အတွက် သင်ကြားမှု နည်းလမ်းများ | • ဒုတိယတန်း အနုပညာ (ဂီတ) တွင် ပြဋ္ဌာန်းထားသော အကများကို စည်းဝါးဖြင့် စနစ်တကျ တွဲဖက်ကပြတတ်မည်။<br>• *ကဗျာလွတ်* အကများ၏ သိသာထင်ရှားသော အချက်များနှင့် အခြားရိုးရာအကများနှင့် မည်သို့ဆက်စပ်ကြောင်း ဖော်ပြတတ်မည်။<br>• အခြေခံ *ကဗျာလွတ်* ကကွက်များကို စည်းဝါးကျစွာလှုပ်ရှား၍ မျက်နှာအမူအရာတို့ဖြင့် ကပြတတ်မည်။<br>• မူလတန်းကျောင်းသားများအား အက သင်ပေးရန်အတွက် သင့်လျော်သော သင်ကြားမှု နည်းလမ်းများကို နားလည်ပြီး ဖော်ပြတတ်မည်။ | • တွေး-တွဲ-မျှဝေ သင်ယူခြင်း<br>• သရုပ်ပြ သင်ကြားခြင်း နှင့် ဆွေးနွေး ခြင်း<br>• အုပ်စုလုပ်ငန်း – လက်တွေ့ ကပြခြင်း | • အကကရန် တီးလုံး<br>• စစ်ဆေး အကဲဖြတ်ရန် သတ်မှတ်ချက် ဇယား<br>• တတိယနှစ် ဒုတိယစာသင် နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင် စာအုပ် |
| ၄.၂.၁။ သင်ကြားရေးသီချင်းများ ရေးစပ်ခြင်း | • သင်ကြားရေးသီချင်းတစ်ပုဒ်ဖန်တီးရန် လိုအပ်သည့် အဆင့်များကို သရုပ်ပြတတ်မည်။<br>• သီချင်းတစ်ပုဒ်အား မည်သို့တည်ဆောက်ထားသည်နှင့် သီချင်းအသစ်တစ်ပုဒ် ရေးစပ်ရာတွင် တေးရေးဆရာတစ်ယောက်တွင်ရှိသော ရွေးချယ်စရာများကို နားလည်လာမည်။<br>• ရှိပြီးသား တေးကဗျာတစ်ပုဒ်မှ စိတ်ကူး စိတ်သန်းရယူနည်းကို ဖော်ပြတတ်မည်။ ထို့နောက် အသစ်တစ်ခုကိုဖန်တီးရန် ပြင်ဆင်မွမ်းမံတတ်မည်။<br>• အတန်းဖော်များနှင့် ပူးပေါင်းဖန်တီးထားသော မူရင်းသင်ကြားရေးသီချင်းကို သီဆိုတင်ဆက်တတ်မည်။ | • လက်တွေ့ လုပ်ဆောင်ခြင်း<br>• သီဆို တင်ဆက်ခြင်း | • တတိယနှစ် ဒုတိယ စာသင်နှစ်ဝက် မူလတန်း အထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင် စာအုပ် |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှု လုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၄.၃.၁။ ဂီတတူရိယာ အမျိုးအစားများ | • ရိုးရာနှင့်အနောက်တိုင်းတူရိယာ နှစ်ရပ်လုံးမှ ကွဲပြားသော ဂီတတူရိယာ အမျိုးအစားများကို ဖော်ပြတတ်မည်။<br>• မတူညီသော ဂီတတူရိယာများအပေါ် နားလည်သဘောပေါက်မှုကို ဖော်ပြတတ်မည်။<br>• မြန်မာ့ရိုးရာဂီတ တူရိယာများနှင့် အနောက်တိုင်း တူရိယာများ၏ တူညီမှုနှင့် ကွဲပြားခြားနားမှုများကို သိရှိလာမည်။ | • မြန်မာ့တူရိယာများကို အမျိုးအစား ခွဲခြားခြင်း<br>• အနောက်တိုင်း တူရိယာများကို အမျိုးအစား ခွဲခြားခြင်း<br>• တွေး-တွဲ-မျှဝေ သင်ယူခြင်း<br>• ကစားနည်း – တူရိယာ အမြန်ရွေးခြင်း | • ပုံများနှင့် တူရိယာ အမည်များ ပါရှိသော စာရွက် (သို့မဟုတ်) ကတ်ပြားများ<br>• တိပ်များ<br>• တူရိယာများ၏ အသံနမူနာ<br>• လက်ပ်တော့ပ် ကွန်ပျူတာနှင့် စပီကာ<br>• စစ်ဆေး အကဲဖြတ်ရန် သတ်မှတ်ချက် ဇယား<br>• တတိယနှစ် ဒုတိယစာသင် နှစ်ဝက် မူလတန်း အထူးပြု အနုပညာ (ဂီတ) ကျောင်းသားကိုင် စာအုပ် |

၂။ ကျောင်းသားများအား လက်ကမ်းစာစောင် (၅)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံလွှာ နှင့်ပတ်သက်၍ မေးခွန်းများရှိ/မရှိမေးပါ။ ၎င်းတို့၏ ကြိုတင်စီစဉ်မှု ရှိ/မရှိသည် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားစဉ်တွင် သိသာထင်ရှားမည်ဖြစ်သောကြောင့် အသေးစိတ် မေးမြန်းရန် မလိုအပ်ပါ။ ထို့ပြင် ကျောင်းသားများအား ၎င်းတို့၏နောက်ဆုံးစာသင် နှစ်ဝက် အဆင့်သတ်မှတ်ရာတွင် ထည့်သွင်းတွက်ချက်နိုင်စေရန် ဤလက်ကမ်း စာစောင်ကို ဖြည့်စွက်၍ ပြန်ပေးရန် ညွှန်ကြားပါ။ စာစောင်ပေါ်တွင် တုံ့ပြန်အကြံပြု ချက်များပေး၍ ကျောင်းသားထံ ပြန်ပေးနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ဇယားကို မှန်ကန်စွာဖြည့်ထားခြင်း ရှိ/မရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချို့သောကျောင်းသားများသည် အဖြေများကို မည်သည့်နေရာတွင် ရှာရမည်နှင့် ပတ်သတ်၍ ရှုပ်ထွေးမှုများ ရှိလာနိုင်ပါသည်။ ဤအိမ်စာအလုပ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလိုသော သင်ယူမှုရလဒ်များကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် ကျောင်းသားအချင်းချင်းထံမှ လေ့လာသင်ယူခြင်းကို တိုက်တွန်းအားပေးပါ။

## သင်ယူမှုလုပ်ငန်း (၂)။ အဖွဲ့လိုက် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများအား အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အချိန်ဇယားအတိုင်း အုပ်စုများဖွဲ့ပေးပြီး အုပ်စုတစ်ခုစီအတွက် သင်ယူမှုလုပ်ငန်းများကို ခွဲဝေသတ်မှတ်ပေးပါ။ ပေးအပ်ထားသည့် နံပါတ်စဉ်အတိုင်း ကျောင်းသားတစ်ဦးချင်းစီ၏ တာဝန်များနှင့် သင်ယူမှုလုပ်ငန်း တစ်ခုစီအတွက် ၎င်းတို့တွင်အချိန်မည်မျှရမည်ကို ရှင်းပြပါ။ အချို့သော အခြေအနေများတွင် မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်အတွင်း ကျောင်းသားတိုင်း သင်ယူမှုလုပ်ငန်းတစ်ခုစီကို ဦးဆောင်ခွင့်ရရှိစေရန် သင်ယူမှုလုပ်ငန်းများကို ကျစ်လျစ်အောင် ချုံ့လိုက်ရသည်များ ရှိပါသည်။ ကျောင်းသားများအားလုံး ခွင့်ပြုထားသည့်အချိန်အတွင်း သင်ယူမှုလုပ်ငန်းတစ်ခုကို ဦးဆောင်နိုင်သော အခွင့်အရေးရရှိရန် ၎င်းတို့၏အချိန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ကျောင်းသားများအား အသိပေးပါ။

၂။ လက်ကမ်းစာစောင် (၆)။ အနုပညာ (ဂီတ) သင်ခန်းစာလေ့လာခြင်း အချင်းချင်း စူးစမ်းမှုပုံစံလွှာကို ဖြန့်ဝေပေးပြီး သင်ယူမှုလုပ်ငန်းတစ်ခု ပြီးစီးတိုင်း ဖြည့်စွက်စေပါ။

၃။ စာသင်ခန်းအတွင်းမှ အုပ်စုများ အချင်းချင်း အနှောင့်အယှက် မဖြစ်စေနိုင်လောက်သည့် သင့်တော်ရာ နေရာများတွင် နေရာချထားကာ လုပ်ငန်းကို စတင်ရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများအား ကြည့်ရှု၍ အားလုံးပါဝင်လုပ်ဆောင်နေခြင်း ရှိ/မရှိ၊ အချင်းချင်း ကူညီပံ့ပိုးနေမှု ရှိ/မရှိနှင့် လုပ်ငန်းတာဝန်များလုပ်ဆောင်ရာတွင် ၎င်းတို့ရရှိသော အချိန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မှု ရှိ/မရှိတို့ကို စောင့်ကြည့်စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အချို့သော ကျောင်းသားများသည် အချိန်ကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပြီး အုပ်စုတွင်းမှ အဖွဲ့ဝင်အားလုံးအား သင်ယူမှုလုပ်ငန်းလုပ်ဆောင်ရာတွင် ဦးစီးဦးဆောင်ပြုစေပါလိမ့်မည်။ အချို့မှာမူ အချိန်စီမံခန့်ခွဲမှုအပိုင်းတွင် အခက်အခဲကြုံနေရခြင်း (သို့မဟုတ်) အိမ်စာကို မလုပ်ခဲ့ခြင်းကြောင့် အဆင်သင့်မဖြစ်ခြင်းတို့ ရှိတတ်ပါလိမ့်မည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းကို အကျဉ်းချုံး ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများ လုပ်ဆောင်ပြီးလျှင် ၎င်းတို့သင်ယူပြီးသည့် အကြောင်းအရာများ နှင့်ပတ်သက်၍ အတန်းတွင်းဆွေးနွေးမှု ပြုလုပ်စေမည်ဖြစ်သည်။ အောက်ပါ မေးခွန်းများကိုမေးပါ – "မည်သည့်သင်ကြားမှု နည်းလမ်းများက အခြားအရာများထက် သင့်အတွက် ပိုအဆင်ပြေသနည်း။" "အဘယ့်ကြောင့် ထိုသို့ထင်ရသနည်း။ မတူညီသော သင်ယူမှုလုပ်ငန်းများကို ဦးဆောင်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ အတန်းဖော်များထံမှ မည်သည့်အရာများ လေ့လာသင်ယူခဲ့ရသနည်း။"

၂။ ကျောင်းသားများအား မေးခွန်းများမေးရန် (သို့မဟုတ်) အကြံပြုထင်မြင်ချက်များ ပေးရန် အခွင့်အရေးပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ သင်ယူနိုင်စွမ်းနှင့် ပြန်လည်သုံးသပ်နိုင်စွမ်းအပြင် အတန်းထဲတွင် အသုံးချနိုင်သော နည်းလမ်းများ ရရှိသွားမှုအပေါ်တွင်ပါ လေ့လာသုံးသပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအနေဖြင့် ၎င်းတို့အတန်းထဲတွင် လေ့လာထားသည့်အရာများကို မည့်သို့ကဲ့သို့ အသုံးချရမည်၊ မူလတန်း ကျောင်းသားငယ်များကို စိတ်အားထက်သန်လာစေရန် မည်သို့ ဆောင်ရွက်ရမည်၊ အချိန်ကိုမည်သို့ စီမံရမည်တို့ကိုလည်း သိရှိလာကြပါလိမ့်မည်။ တစ်ချိန် တည်းမှာပင် ကျောင်းသားငယ်များအား စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းတို့ကို တွေးခေါ် ယူနိုင်ကြပါလိမ့်မည်။။

### နောက်ဆုံးစာသင်နှစ်ဝက် စစ်ဆေးအကဲဖြတ်ခြင်း

နှစ်ဝက်အဆင့် သတ်မှတ်ခြင်းအတွက် အမှတ်ပေးရန် ကျောင်းသားများကို ၎င်းတို့၏ ဖြည့်စွက်ပြီးစီးသည့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း လက်ကမ်းစာစောင်များကို တင်သွင်းရန် ညွှန်ကြားပါ။

### ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက် မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်းနှင့် လက်ကမ်းစာစောင် (၄)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်း အထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံရေးဆွဲခြင်းဇယားသည် အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားခြင်းအတွက် ပြင်ဆင်ရာတွင် မည်သို့သော နည်းများဖြင့် သင့်အား ကူညီပေး ပါသနည်း။

အဖြေ။ *နမူနာပုံစံများထားရှိခြင်းသည် ကျောင်းသားများအား ကြီးမားသောအလုပ် တစ်ခုကို ပိုသေးငယ်၍ ပြီးမြောက်အောင်မြင်နိုင်သော အဆင့်များအဖြစ် ခွဲခြမ်းပေးသည့် စနစ်တကျရှိသော လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် လမ်းညွှန်ပေးပါသည်။*

မေးခွန်း ၂။ သင်ယူမှုလုပ်ငန်းတစ်ခုကို အတန်းဖော်များအား သင်ကြားရသည့် အတွေ့အကြုံနှင့် ဆရာထံမှ လေ့လာသင်ယူရသည့် အတွေ့အကြုံတို့သည် မည်သို့ ကွာခြားမှုရှိပါသနည်း။

အဖြေ။ *ဆရာ့ထံမှသင်ယူခြင်းက ပိုမိုလွယ်ကူပါသည်။ အတန်းဖော်များကို သင်ကြားခြင်းသည် အစစ်အမှန်မဟုတ်ဟု အနည်းငယ်ခံစားရနိုင်သော်လည်း ပတ်ဝန်းကျင်က ပံ့ပိုးပေးလျှင် ပို၍ သက်သောင့်သက်သာ ရှိစေနိုင်ပါသည်။*

မေးခွန်း ၃။ လက်ကမ်းစာစောင် (၆)။ အနုပညာ (ဂီတ) သင်ခန်းစာလေ့လာခြင်း အချင်းချင်းစူးစမ်းမှုပုံစံလွှာသည် မည်သို့သောနည်းလမ်းများဖြင့် အနုပညာ (ဂီတ) ကို သင်ကြားပေးခြင်းအပေါ် သင်၏နားလည်မှုကို ပိုမိုနက်ရှိုင်းစေသနည်း။

အဖြေ။ *သင်ယူမှုလုပ်ငန်းတစ်ခုစီ ပြီးတိုင်း ပြန်လည်သုံးသပ်ခြင်းဖြင့် ကျောင်းသားများသည် သင်ကြားမှုအတွေ့အကြုံကို သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။*

မေးခွန်း ၄။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းနှင့် ပတ်သက်၍ သင်လေ့လာသင်ယူခဲ့ရသည်များကို စာသင်ခန်းအတွင်းတွင် မည်သို့အသုံးချနိုင်မည်နည်း။

အဖြေ။ *ကျောင်းသားများသည် အခက်အခဲများကို ကျော်လွှားနိုင်သည့် အတွေ့အကြုံကို ရရှိနိုင်ပါသည်။ သင်ကြားရေးမစနစ်တွင် လူအများက စိတ်လှုပ်ရှားနေကြသည်ကို တွေ့ရှိနိုင်သော်လည်း သင်ကြားသည့်အကြိမ်ရေ များလာသည်နှင့်အမျှ ပိုမိုအဆင်ပြေလွယ်ကူ လာပါလိမ့်မည်။*

# အခန်းငယ်အနှစ်ချုပ်

## အဓိကအချက်များ

- သင်ပြမှုပုံစံရေးဆွဲခြင်းအတွက် နမူနာပုံစံများ ပြင်ဆင်ထားရှိခြင်းသည် သင့်အား ကြီးမားသော အလုပ်တစ်ခုကို ပိုသေးငယ်၍ ပြီးမြောက်အောင်မြင်နိုင်သော အဆင့်များအဖြစ် ခွဲခြမ်းပေးသည့် စနစ်တကျရှိသော လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် လမ်းညွှန်ပေးပါသည်။

## အခန်းငယ်ပြန်လည်သုံးသပ်စဉ်းစားခြင်း

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် ကျောင်းသားများအား တကယ့်လက်တွေ့ သင်ကြားခြင်းအတွက် ပြင်ဆင်ရန် အတွေ့အကြုံရှိဆရာတစ်ဦး၏ ကွပ်ကဲမှုအောက်တွင် သင်ယူမှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်၊ အစီအစဉ်ရေးဆွဲရန်နှင့် လုပ်ဆောင်ရန် အခွင့်အရေးကို ပေးပါသည်။ ကြိုတင်ပြင်ဆင်ခြင်းသည် လုပ်ငန်းစဉ်အဆင့်ဆင့်အဖြစ် နမူနာပုံစံများသုံးပြီး ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ရရှိလာသော ပိုမိုချဉ်းကပ်ရန် လွယ်ကူစေသည့် အဓိက သော့ချက်ဖြစ်သည်။

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **ကြေးတူရိယာများ** | တူရိယာမှုတ်သူ၏ နှုတ်ခမ်းတုန်ခါလှုပ်ရှားမှုနှင့်အပြိုင် ပြွန်ပုံသဏ္ဌာန် အသံဟိန်းကိရိယာအတွင်းတွင် လေ၏ တုန်ခါမှုဖြင့် အသံကို ထုတ်လွှတ်သော တူရိယာများ။ |
| **ပူးပေါင်းဖန်တီးခြင်း** | အနုပညာပစ္စည်းတစ်ခုကို အုပ်စုလိုက် အစီအစဉ်ချခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ လုပ်ဆောင်ခြင်းတို့ ပါဝင်သည့် အုပ်စုဖွဲ့၍ ပြုလုပ်သည့် လုပ်ငန်းစဉ်။ |
| **လေမှုတ်တူရိယာကို တီးမှုတ်ခြင်း (Embouchure)** | လေမှုတ်တူရိယာများ တီးမှုတ်ရာတွင် နှုတ်ခမ်း၊ မျက်နှာကြွက်သား၊ လျှာနှင့် သွားတို့ကို အသုံးပြုခြင်း။ ဤနေရာတွင် သစ်သားလေမှုတ်တူရိယာ (သို့မဟုတ်) ကြေးတူရိယာ၏ လေမှုတ်ရသည့် အပိုင်း (တံပွတ်) ပေါ်မှုတည်၍ နှုတ်ခမ်းပုံသဏ္ဌာန်ဖော်ခြင်းလည်း ပါဝင်ပါသည်။ |
| **ရှာဖွေတွေ့ရှိသော ကုန်ကြမ်းပစ္စည်းများ** | အချို့သောပစ္စည်းများကို ရည်ရွယ်ထားသည့်အတိုင်း အသုံးမပြုဘဲ အနုပညာပစ္စည်းဖန်တီးရန် အသုံးပြုခြင်းကို ရည်ညွှန်းပါသည်။ ဥပမာ – နိုင်လွန်ကြိုးသည် ပစ္စည်းများအား အတူတကွ တွဲချည်ရာတွင် အသုံးပြုရန်အတွက်ဖြစ်သည်။ |
| **ခွင်** | အကတစ်ခုကို စတင်သည့်ဟန် အနေအထား။ |
| **ကုထုံးသီချင်းများ** | ကုသရာတွင် ကူညီထောက်ပံ့ပေးရန် (သို့မဟုတ်) အမှန်တကယ် တိုက်ရိုက်ကုသရန် အသုံးပြုသည့် ဂီတအမျိုးအစားဖြစ်သည်။ အချို့သော ကုထုံးသီချင်းများသည် အသံများကဲ့သို့ ရိုးရှင်းသော်လည်း အချို့က ရှုတ်ဆိုခြင်း (သို့မဟုတ်) ပို၍မှတ်မိလွယ်သော ဂီတပုံစံကို ပြုလုပ်ကြသည်။ |
| **ကဗျာလွတ်အက** | မြန်မာ့ရိုးရာအကများကို စနစ်တကျ သင်ယူနိုင်စေရန်အတွက် ကကွက်များစွာကို တီးလုံးမပါဘဲ ကရသောအက။ |
| **အချစ်သီချင်းများ** | စိတ်ကူးယဉ်ဆန်သော အချစ်ရေး၊ ချစ်မိသွားခြင်း၊ လမ်းခွဲပြီးနောက် အသည်းကွဲခြင်းနှင့် ဤအတွေ့အကြုံများက ယူဆောင်လာသည့် ခံစားချက်များအကြောင်း ရေးစပ်သီဆိုထားသည့် သီချင်းတစ်ပုဒ်။ |
| **သားချော့တေးများ** | များသောအားဖြင့် ကလေးများအတွက် ဖွင့်ပြသော ချော့မြူသောသီချင်း (သို့မဟုတ်) တေးသွား တစ်ပုဒ်။ အချို့သော လူ့အဖွဲ့အစည်းများတွင် ယဉ်ကျေးမှုအသိပညာ (သို့မဟုတ်) ဓလေ့ထုံးတမ်း များကို လက်ဆင့်ကမ်းရန် သားချော့တေးများကို အသုံးပြုကြသည်။ |
| **ဂီတသံစဉ် ရှုပ်ထွေးမှု** | စည်းဝါးတကျ သီဆိုတီးခတ်ထားသော ဂီတသံစဉ်များ၏ အစီအစဉ်။ အနောက်တိုင်းဂီတတွင် ဤအရာကို လူကြိုက်များသော တေးဂီတ၏ အဓိကအပိုင်းအဖြစ် အတွေ့ရများသည်။ သံစဉ်များကို major (သို့မဟုတ်) minor မခွဲခြားဘဲ ဒိုင်ယာတောနစ်စကေးဟုခေါ်သော ဂီတသံခုနစ်သံပါ သံစဉ် စံအမှတ်အသားအပေါ် အခြေခံထားသည်။ |
| **မှန်ထောင်ပုံရေးနည်း** | စာရွက်တစ်ခြမ်းတွင် ဒီဇိုင်း (သို့မဟုတ်) ပုံစံတစ်ခုကို ရေးဆွဲပြီး စာရွက်ကို ခေါက်လိုက်ကာ အပေါ်မှ ဖိနှိပ်ခြင်းဖြင့် ပွားယူခြင်း (သို့မဟုတ်) အဆင်ပုံစံအား အခြားတစ်ဖက်တွင် မှန်ထောင်ပုံဖော်ခြင်းကို ပြုလုပ်သည့် ဆေးရေးခြယ်နည်းစနစ်တစ်မျိုး ဖြစ်ပါသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ပါကားရှင်း | လက်ဖြင့်ရိုက်၍၊ သို့မဟုတ် တုတ် (သို့မဟုတ်) လက်ခတ်ဖြင့် ရိုက်ခတ်၍၊ သို့မဟုတ် လှုပ်၍ တီးခတ်ရသော ဂီတတူရိယာ။ ပါကားရှင်းတူရိယာများမှာ ဗုံ၊ လင်းကွင်း၊ ပတ္တလား၊ မောင်း၊ ခေါင်းလောင်းနှင့် ပလုတ်တုတ်ကဲ့သို့သော တူရိယာ (rattle) စသည်တို့ဖြစ်သည်။ |
| အသံအနိမ့်အမြင့် | ကြိမ်နှုန်းနှင့်ဆိုင်သော စကေးတစ်ခုပေါ်တွင် အစီစဉ်တကျရှိနေသည့် အသံများ၏ ခံစား၍ရသော အရည်အသွေးတစ်ရပ်၊ သို့မဟုတ် ဂီတသံစဉ်များနှင့် ဆက်စပ်၍ အမြင့်သံနှင့် အနိမ့်သံအဖြစ် အကဲဖြတ်၍ ရစေနိုင်သည့် အသံအရည်အသွေးဟူ၍လည်း ပို၍လူသိများသည်။ |
| အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်းပစ္စည်းများ | ယခင်က အသုံးပြုပြီးသား ပစ္စည်းများကို ပန်းချီကြားခံအကူပစ္စည်းအဖြစ် ခေါင်းစဉ်ပြောင်း၍ ပြန်လည်အသုံးပြုခြင်းကို ဆိုလိုပါသည်။ ဥပမာ – စတိုးဆိုင်မှ ပစ္စည်းတစ်ခုခု ဝယ်ယူရာမှ ပါလာသော ကတ်ထူစက္ကူပုံးတစ်ပုံးကို ဖြတ်တောက်၍ ပန်းချီပစ္စည်းတစ်ခုအဖြစ် ပြန်လည်တပ်ဆင် အသုံးပြုနိုင်ပါသည်။ |
| စည်းချက်ရှုပ်ထွေးမှု | အားကောင်းသော ဒြပ်စင်များနှင့် အားနည်းသော ဒြပ်စင်များ (သို့မဟုတ်) ဆန့်ကျင်ဘက် (သို့မဟုတ်) ကွဲပြားခြားနားသော အခြေအနေများ၏ ထိန်းညှိဆက်နွယ်မှုဖြင့် အမှတ်အသားပြုထားသော လှုပ်ရှားမှု။ |
| ဖိပွတ်ဆွဲနည်း | ဤနည်းမှာ မညီညာသည့် မျက်နှာပြင်တစ်ခုအပေါ်တွင် စာရွက်တစ်ရွက်ထားပြီး ထိုစာရွက်ပေါ်တွင် ခဲတံတစ်ချောင်း (သို့မဟုတ်) ဖယောင်းတောင့်တစ်တောင့်ဖြင့် ဖိပွတ်လိုက်သောအခါ ထိုအရာဝတ္ထု၏ ပုံသဏ္ဌာန်ဖြစ်ပေါ်လာစေခြင်းဖြင့် အသားအရောင်ကို ဖန်တီးသည့် နည်းစနစ်တစ်မျိုးဖြစ်ပါသည်။ |
| စည်း | မြန်မာ့ရိုးရာဂီတနှင့် တေးသီချင်းများ သီဆိုတီးမှုတ်ရာ၌ ညာဘက်လက်တွင် ကိုင်ဆောင်တီးခတ်ရသော သတ္တုတူရိယာငယ်တစ်မျိုး။ ၎င်းကို ဘယ်ဘက်လက်တွင် ကိုင်ဆောင်တီးခတ်ရသော ဝါးတူရိယာနှင့် အမြဲယှဉ်တွဲတီးခတ်လေ့ ရှိကြသည်။ |
| ဆေးစက်ချရေးနည်း | ဆေးရေးစုတ်တံ၌ ဆေးများဖြင့် သုတ်လိမ်းခြင်း၊ ထို့နောက် ထိုစုတ်တံကို လက်ဖြင့် ကိုင်၍ မိမိရေးခြယ်လိုသော မျက်နှာပြင်ပေါ်တွင် ပုတ်ခါခြင်းဖြင့် ဆေးစက်များကျစေကာ စာရွက်ပေါ်တွင် ဆေးစက်များထင်စေသည့် နည်းစနစ်တစ်မျိုး ဖြစ်ပါသည်။ |
| တံဆိပ်ခတ်နှိပ်ခြင်းနည်း | တံဆိပ်ကဲ့သို့ ခတ်နှိပ်ခြင်းနည်းသည် ဆေးရေးစုတ်တံများအစား အခြားအရာဝတ္ထုများကို အသုံးပြု၍ ဆေးများကိုသုတ်လိမ်း ရေးခြယ်ခြင်းဖြစ်သည်။ ထပ်တလဲလဲဖြစ်နေသော အဆင်ပုံစံများ ဖန်တီးရန် (သစ်ရွက်များ၊ အာလူးသီးရှိ ပြတ်ရှထားသော အဆင်ပုံစံများ၊ သို့မဟုတ် သင်၏ လက်အစရှိသော) အရာဝတ္ထုပစ္စည်းအမျိုးမျိုးကို အသုံးပြု၍ ဆေးတွင်တို့ကာ အကြိမ်ကြိမ်တံဆိပ်ခတ်နှိပ်ခြင်းနည်း ဖြစ်ပါသည်။ |
| တစ်သမတ်တည်းဖြစ်ပေါ်သော ရိုက်ချက် | သီချင်းများ၊ တေးကဗျာများနှင့် ဂီတသံစဉ်များတွင် ပါရှိသည့် စည်းချက်မှန်၍ ထပ်ခါထပ်ခါ ဆက်လက်ဖြစ်ပေါ်နေသော ရိုက်ချက်။ |
| ကြိုးတပ်တူရိယာများ | တီးခတ်သူက ကြိုးများကို တစ်နည်းနည်းဖြင့် တီးခတ်ရာမှ (သို့မဟုတ်) အသံမြည်အောင်ပြုလုပ်ရာမှ ကြိုးများတုန်ခါလှုပ်ရှားလာပြီး အသံကို ထုတ်လွှတ်သော တူရိယာများ။ |
| ရုပ်သေ သရုပ်ဖော်ခြင်း (Tableau Vivant ) | ဇာတ်ကြောင်းတစ်ခုကို ချပြရန် လူအများသတ်မှတ်ထားသည့် နေရာတွင် ငြိမ်သက်စွာရပ်၍ ဖန်တီးထားသော "သက်ရှိပန်းချီကား" တစ်ချပ်ဖြစ်သည်။ အချိန်ကို ရပ်တန့်ထားသည့် ဓာတ်ပုံများနှင့် တူပါသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **ဝါး** | မြန်မာ့ရိုးရာဂီတနှင့် တေးသီချင်းများ သီဆိုတီးမှုတ်ရာ၌ ဘယ်ဘက်လက်တွင် ကိုင်ဆောင်တီးခတ်ရသော သစ်သားလက်ခုပ်တစ်မျိုး။ ၎င်းကို ညာဘက်လက်တွင် ကိုင်ဆောင်တီးခတ်ရသော စည်းတူရိယာနှင့် အမြဲယှဉ်တွဲတီးခတ်လေ့ ရှိကြသည်။ |
| **သစ်သားလေမှုတ်တူရိယာများ** | လေမှုတ်တူရိယာ အမျိုးအစားများထဲမှ ဂီတတူရိယာ တစ်မျိုးဖြစ်သည်။ ဥပမာများတွင် ပလွေ၊ အိုဘို (oboe)၊ ကလယ်ရီနက်(clarinet)၊ ဘဆွန်း (bassoons) နှင့် ဆက်ဆိုဖုန်း(saxophone) တို့ ပါဝင်သည်။ ပလွေနှင့် အခင်ပါ ရိဒ်တူရိယာများ (reed instruments) ဟူ၍ သစ်သားတူရိယာ အမျိုးအစား နှစ်မျိုးရှိသည်။ |

# ကျမ်းကိုးစာရင်း

Brumfield, N. (2019, March 5). Country roads: How John Denver's hit became the world's most popular song. *Expatalachains.* http://expatalachians.com/country-roads-how-john-denvers-hit-became-the-worlds-most-popular-song

Burmese dances and dance in Myanmar. (2014). https://factsanddetails.com/southeast-asia/Myanmar/

Ching, C.L. T. (2015). Teaching contemporary art in primary schools. *Athens Journal of Humanities & Arts, 2*(2), 95–110.

*Classifying musical instruments.* All the Musical Instruments of the World. https://www.allthemusicalinstrumentsoftheworld.com/index.php?page=ClassificationofMusicalInstruments

Dance Teaching Ideas. https://danceteachingideas.com/

*Families of musical instruments.* Fact Monster. https://www.factmonster.com/culture-entertainment/music/families-musical-instruments

Frederiksen, J. (n.d.). *A resource for aiding in the creation of developmentally appropriate content standards in dance.* The College Board and the National Coalition of Core Arts Standards, Columbia University.

Frederiksen, J. (n.d.). *Pedagogical practices in dance education: Addressing motor, aesthetic, social, emotional and cognitive development for pre-kindergarten through post-secondary students.* The College Board and National Coalition of Core Arts Standards.

*How to teach instruments and instrument families to elementary students.* Sing Play Create. https://www.singplaycreate.com/2015/04/how-to-teach-instruments-and-instrumen.html

Ingram, C. (2015). *Exploring narrative in art. Art Class Curator.* https://artclasscurator.com/exploring-narrative-through-art/

Klein, J. and Klein, S. (n.d.). *What is contemporary art? A guide for kids.* Museum of Modern Art (MOMA). www.moma.org

Krasnow, D., & Wilmerding, V. (2021.) Motor development and the young dancer. *Heathy Dancer Canada.*

Leddy, B. (2015). Using Songwriting in the classroom. *Writing is Thinking.*

Mittler, G. A. (2006). *Art in focus: Innovative student edition.* Glencoe/McGraw Hill.

*Musical instruments: History & examples.* Study.com. https://study.com/learn/lesson/types-musical-instruments.html

Ofsted. (2012, March). *Report: Making a mark: Art, craft and design education (2008-2011).* https://www.gov.uk/government/publications/art-craft-and-design-education-making-a-mark

Pöllänen, S. (2011). Beyond craft and art: A pedagogical model for craft as self-expression. *International Journal of Education through Art, 7(*2), 111-125.

Teaching songwriting (When you're not a pro), Episode 151, (2021, June 14). *The Vibrant Music Teaching Podcast.*

*The 5 Whys.* Mind Tools. https://www.mindtools.com/a3mi00v/5-whys

*Research and Theory*. Visual Thinking Systems. vtshome.org/research/

Weber, C. (2021). Songwriting with your primary class. *Music Teacher Magazine.*

Wilmerding, V., & Krasnow, D. (2009). *Motor learning and teaching dance.* International Association for Dance Medicine and Science.

Wilmerding, V., & Krasnow, D. (2021). *Motor development and the young dancer.* Healthy Dancer Canada.

# နောက်ဆက်တွဲများ

## လက်ကမ်းစာစောင် (၁)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ပြမှုပုံစံရေးဆွဲခြင်း

ဤနှစ်ဝက်တွင် ပါရှိသော သင်ခန်းစာများကို ပြန်လည်လေ့လာပါ။ ထို့နောက် ညာဘက်တွင် ရှိသော ကော်လံနှစ်ခုတွင် ဖြည့်စွက်ပါ။

| သင်ခန်းစာ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်း အမျိုးအစားများကို အသုံးပြုထားသနည်း။ (ဥပမာ – သရုပ်ပြ သင်ကြားခြင်း စသည်) | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၃.၁.၁။ ခေတ်ပြိုင် ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားပုံ နည်းလမ်းများ | • ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသားများအား ခေတ်ပြိုင်ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြားခြင်း၏ အဓိကသင်ကြားပုံ နည်းစနစ် လေးမျိုးကို ခွဲခြား ဖော်ပြတတ်မည်။<br>• မူလတန်း ကျောင်းသားများကို ခေတ်ပြိုင် ဆေးရေးခြယ်ခြင်း နည်းစနစ်များအား သင်ကြား ရခြင်း၏ အကျိုးကျေးဇူးတို့ကို ဖော်ပြတတ်မည်။<br>• အမျိုးမျိုးသော ခေတ်မီပန်းချီရေးခြယ်ခြင်း နည်းစနစ်များကို ဖော်ပြနိုင်ပြီး သရုပ်ပြ လုပ်ဆောင်တတ်မည်။<br>• မူလတန်းကျောင်းသားများအတွက် ပန်းချီပညာအား စစ်ဆေးအကဲဖြတ်ခြင်း ကဏ္ဍလေးရပ်ကို ဖော်ပြ တတ်မည်။<br>• ဤနည်းစနစ်များကို ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုးရှိနေ ပြီဖြစ်သည့် မူလတန်း ကျောင်းသားများအတွက် လိုက်လျောညီထွေမှု ရှိအောင် မည်သို့ပြုပြင် အသုံးချနိုင်သည်ကို ဖော်ပြတတ်မည်။ | | |

| သင်ခန်းစာ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်း အမျိုးအစားများကို အသုံးပြုထားသနည်း။ (ဥပမာ - သရုပ်ပြ သင်ကြားခြင်း စသည်) | ပြင်ဆင်ရမည့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၃.၂.၁။ ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ကုန်ကြမ်း ပစ္စည်းများ အသုံးပြု၍ အနုပညာပုံတစ်ခု ရေးဆွဲဖန်တီးပုံ သင်ကြားမှု နည်းလမ်းများ | • ပထမတန်းနှင့် ဒုတိယတန်းရှိ ပန်းချီအနုပညာ သင်ခန်းစာအတွက် ရှာဖွေတွေ့ရှိသော ပစ္စည်းများ (သို့မဟုတ်) အသုံးပြုရန် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများအား အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။<br>• မူလတန်း ကျောင်းသားများနှင့်အတူ ပူးပေါင်းပြောဆို လုပ်ဆောင်ခြင်းဖြင့် ပူးပေါင်းဖန်တီးခြင်း၏ တန်ဖိုးကို ဖော်ပြတတ်မည်။<br>• ပူးပေါင်းလုပ်ငန်းများတွင် ပါဝင်သည့် လက်မှုပညာ ကျွမ်းကျင်မှုများကို ဖော်ပြတတ်မည်။<br>• ဤပူးပေါင်းဖန်တီးသည့် လက်မှုပညာနည်းစနစ်များအား မူလတန်း ကျောင်းသားများ အတွက် လိုက်လျောညီထွေမှုရှိစေရန် မည်သို့ပြင်ဆင် အသုံးပြုနိုင်မည်ကို ဖော်ပြတတ်မည်။ | | |
| ၃.၃.၁။ ဇာတ်ကြောင်းများကိုအသုံးပြု၍ ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားသည့် နည်းလမ်းများ | • လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ လေ့လာသင်ယူမှုများအတွက် ရသခံစား တန်ဖိုးထားခြင်းကို သင်ကြားရခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြတတ်မည်။<br>• ရသခံစားတန်ဖိုးထားခြင်းကို သင်ကြားရန် ဇာတ်ကြောင်းပြောဆိုခြင်းကို အသုံးပြုရာတွင် ပါဝင်သည့် နည်းလမ်းများကို ဖော်ပြတတ်မည်။<br>• ရသခံစားတန်ဖိုးထားခြင်းအပေါ် ခွဲခြမ်းစိတ်ဖြာခြင်း ကျွမ်းကျင်မှုအား သင်ကြားရာတွင် မေးမြန်းရန် အဓိကမေးခွန်းသုံးခုကို ဖော်ပြတတ်မည်။<br>• အနုပညာလက်ရာတစ်ခု၏ အယူအဆတစ်ခုကို အသစ်အသစ်သော၊ တစ်မူထူးခြားသော ပုံတစ်ပုံ (သို့မဟုတ်) ပန်းချီကားတစ်ကားအဖြစ် မည်သို့ ချဲ့ထွင်ရမည်ကို နားလည်မှုအား သရုပ်ဖော်ပြသတတ်မည်။<br>• ရသခံစားတန်ဖိုးထားမှုအား စစ်ဆေးအကဲဖြတ်ခြင်း စံသတ်မှတ်ချက်များကို ဖော်ပြတတ်မည်။ | | |

# လက်ကမ်းစာစောင် (၂)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ပန်းချီ) သင်ပြမှုပုံစံလွှာ

| အတန်း – | နေ့စွဲ – | အချိန် – | ဆရာ – |
|---|---|---|---|
| **သင်ခန်းစာ** – (သင်၏ သင်ခန်းစာ အကြောင်းအရာ/ခေါင်းစဉ်က မည်သည်ဖြစ်သနည်း။) | | | |
| **ကျောင်းသားများကိုသိရှိခြင်း** –<br>(က) **ယခင်ရှိပြီးအသိပညာ** (ကျောင်းသားများ မည်သည်ကိုသိသနည်း။ မည်သည်ကိုလုပ်နိုင်သနည်း။)<br>(ခ) **ကျောင်းသား၏ သင်ယူမှုအထောက်အထားမှတ်တမ်း** (ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ပတ်သက်၍ သင်မည်သည်ကို စဉ်းစားရန်လိုသနည်း။) | | | |
| **သင်ယူမှုရည်ရွယ်ချက်** – (သင်ခန်းစာ၏ ရည်ရွယ်ချက်က မည်သည်နည်း။ သင်မည်သည်ကို လုပ်ဆောင်ရန် ရည်ရွယ်ပါသနည်း။) | | | |
| **သင်ယူမှုရလဒ်များ** – (SMART သင်ယူမှုရလဒ်များ တည်ဆောက်ပါ။ ဤသင်ခန်းစာပြီးဆုံးလျှင် ကျောင်းသားများ မည်သည်ကို သိပြီး မည်သည်ကိုလုပ်နိုင်မည်နည်း။)<br><br>ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်တတ်မည် – | | | |

| |
|---|
| **အောင်မြင်မှုစံသတ်မှတ်ချက်များ** – (သင်ခန်းစာ၏ သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်ကြောင်းကို သင်နှင့်သင်၏ ကျောင်းသားများ မည်သို့သိရှိနိုင်မည်နည်း။ ဥပမာ – ၎င်းတို့သည် သင်္ချာပုစ္ဆာ (၁၀) ပုဒ်တွင် (၇) ပုဒ်ကို ဖြေရှင်းနိုင်မည်။ ၎င်းတို့သည် ပုံတွင် ပန်းတစ်ပွင့်၏ အစိတ်အပိုင်းများကို အမည်တပ်နိုင်မည်။) |
| **ချဉ်းကပ်သင်ကြားနည်း** – (သင်ခန်းစာသည် ဆရာဗဟိုပြုလား၊ ကျောင်းသားဗဟိုပြုလား၊ သို့မဟုတ် နှစ်ခုစလုံးလား။) |
| **သင်ကြား၊ သင်ယူမှုနည်းဗျူဟာများ** – (သင်ခန်းစာသည် စူးစမ်းလေ့လာမှုအခြေပြု၊ ပြဿနာအခြေပြု၊ စီမံချက်အခြေပြု ဖြစ်ပါသလား။ တိုက်ရိုက်သင်ကြားခြင်းလား။) |
| **သင်ကြား၊ သင်ယူမှုနည်းနှင့် နည်းလမ်းများ** – (သင်သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း၊ တွေး–တွဲ–မျှဝေခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အုပ်စုလုပ်ငန်း စသည်တို့ကို အသုံးပြုပါမည်လား။) |
| **သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ** – (အမြင်အာရုံ အထောက်အကူပစ္စည်းများ၊ အကြားအာရုံ အထောက်အကူ ပစ္စည်းများနှင့် နည်းပညာများပေါင်းစည်းမှု) – (သင်သည် စာရွက်၊ ပုံဆွဲပစ္စည်းများ၊ ကွန်ပျူတာများစသည် … လိုအပ်ပါသလား။) |

| အဆင့် | **သတ်မှတ်အချိန်**<br>(၄၅ မိနစ်) | **ဆရာလုပ်ငန်း**<br>(သင်မည်သည်ကို လုပ်ဆောင်မည်နည်း။) | **ကျောင်းသားလုပ်ငန်း**<br>(ကျောင်းသားများ မည်သည်ကို လုပ်ဆောင်မည်နည်း။) | **လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ခြင်း**<br>(ကျောင်းသားများ၏ လိုအပ်ချက်များအလိုက် ဖြည့်ဆည်းနိုင်ရန်အတွက် သင်ကြားသင်ယူမှုများကို လိုအပ်ချက်အလိုက် မည်သို့ ပြောင်းလဲ လုပ်ဆောင်နိုင်မည်နည်း။) |
|---|---|---|---|---|
| **နိဒါန်း**<br><br>(ကျောင်းသား၏ အာရုံစူးစိုက်မှုကို ရရှိရန်၊ ကြိုတင်သင်ယူထားမှုနှင့်ဆက်စပ်ရန်၊ ရည်ရွယ်ထားသည့် သင်ယူမှုရလဒ်နှင့် အောင်မြင်မှုစံသတ်မှတ်ချက်များကို ဆက်သွယ်ရန် မည်သို့ဆောင်ရွက်မည်နည်း) | | | | |
| **သင်ခန်းစာကိုယ်ထည်ပိုင်း**<br><br>(သင်ခန်းစာ၏ ကိုယ်ထည်ပိုင်းကွဲပြားခြားနားသောအဆင့်များ ရှိသလား။ ဥပမာ – ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ၊ လမ်းညွှန်ပြထားသော အလေ့အကျင့်၊ လွတ်လပ်စွာဆောင်ရွက်မှု အလေ့အကျင့်) | | | | |
| **ပြန်လည်ဆန်းစစ်ခြင်း**<br><br>(ကျောင်းသား၏ သင်ယူမှုရလဒ်ရရှိမှုကို မည်သို့ အကဲဖြတ်မည်နည်း၊ ကျောင်းသားများ၏ ပြန်လည်သုံးသပ်မှုကို မည်သို့ပံ့ပိုးပေးမည်နည်း။) | | | | |

**ဆရာအကဲဖြတ်သုံးသပ်ခြင်း** (အကဲဖြတ်ရန် မေးခွန်းများစီစဉ်ပါ။ သင်ကြားပြီးနောက် ဤအပိုင်းကိုဖြည့်ပါ။)

ဥပမာ –

၁။ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားအားလုံးက နားလည်သဘောပေါက်ပြီး ပြည့်မီအောင် ဆောင်ရွက်နိုင်မှုရှိပါသလား။ သင်ယူမှုရလဒ်များသည် ကျောင်းသားများ၏ တတ်မြောက်မှုအဆင့်နှင့် ဆီလျော်မှု ရှိပါသလား။ ပေးထားသော အချိန်ခွဲဝေမှုအတွင်း သင်ယူမှုရလဒ်များကို အမှန်တကယ်ရယူနိုင်ပါသလား။

၂။ သင်ကြား၊ သင်ယူမှုနည်းဗျူဟာများ/နည်းလမ်းများသည် မည်မျှထိရောက်မှုရှိပါသနည်း။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များသည် ထိရောက်မှုမည်မျှရှိပါသနည်း။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းများ တုံ့ပြန်အကြံပြုချက်များ ပေးနိုင်သည့် အခွင့်အလမ်းများသည် ထိရောက်မှုမည်မျှရှိပါသနည်း။

၃။ ကျောင်းသား၏ သင်ယူမှုကို မြှင့်တင်ရန် နောက်တစ်ကြိမ်တွင် သင်မည်သည်ကို လုပ်ဆောင်မည်နည်း။

# လက်ကမ်းစာစောင် (၃)။ အနုပညာ (ပန်းချီ) သင်ခန်းစာ လေ့လာခြင်း အချင်းချင်းစူးစမ်းမှုပုံစံလွှာ

**ညွှန်ကြားချက်များ** – သရုပ်ပြသင်ကြားခြင်း သင်ခန်းစာအတွင်း၌ သင်ကြည့်ရှုလေ့လာခဲ့သည့် အချက်များအား (✓) အမှန်ခြစ်ပါ။ အကယ်၍ သင့်အနေဖြင့် ဖော်ပြထားသည့်အပြုအမူအား မတွေ့ရှိပါက အကွက်အား အလွတ်ချန်ထားခဲ့ပါ။

| ဆရာ၏ အပြုအမူ | | |
|---|---|---|
| **၁။ ဘာသာရပ်ပိုင်းဆိုင်ရာအသိပညာ**<br><br>ဆရာသည် ဘာသာရပ်ပိုင်းဆိုင်ရာ အကြောင်းအရာအပေါ် နက်နဲသော နားလည်မှုနှင့် ပြည့်စုံစွာတတ်ကျွမ်းမှု တို့အပေါ် အခြေခံ၍ ဆီလျော်ရာ ဘာသာရပ် ဆက်စပ်အကြောင်းအရာကို သင်ကြားနိုင်စွမ်းရှိသည်။ | သင်ခန်းစာအတွင်း သင်ကြားခဲ့သည့် အချက်အလက်များသည် တိကျပြီး မှန်ကန်မှုရှိသည်။ | |
| | သင်ခန်းစာအတွင်း သင်ကြားခဲ့သည့် အချက်အလက်များမှာ သင်ခန်းစာ ရည်မှန်းချက်များကို ပေါက်မြောက်စေရန်အတွက် လိုအပ်သော အရေးကြီး အချက်အလက်များအပေါ် အလေးပေးထားသည်။ သင်ခန်းစာတွင် အာရုံပြောင်းစေနိုင်သော (သို့မဟုတ်) မသက်ဆိုင်သော အသေးစိတ် အချက်များ မပါဝင်ပါ။ | |
| **၂။ သင်ခန်းစာပုံစံ**<br><br>ဆရာသည် ကျောင်းသားများအား ၎င်းတို့ ကိုယ်တိုင် လေ့လာသင်ယူသည့် နည်းဖြင့် ချဉ်းကပ်နိုင်သည့် သင်ယူသူ ဗဟိုပြု သင်ခန်းစာတစ်ရပ်အား ပုံစံချ ရေးဆွဲနိုင်စွမ်းရှိသည်။ | ဆရာက ကျောင်းသားများ၏ စိတ်ဝင်စားမှုအပေါ်၌သော်လည်းကောင်း၊ သင်ခန်းစာမိတ်ဆက်တွင် ယခင်သင်ယူခဲ့သည်များနှင့် အသိပညာများကို ဆက်စပ်ပေးခြင်းဖြင့်သော်လည်းကောင်း၊ နှစ်ခုစလုံး ပြုလုပ်ပေးခြင်းဖြင့် သော်လည်းကောင်း ချဉ်းကပ်သင်ကြားသည်။ | |
| | ဆရာသည် ကျောင်းသားများအနေဖြင့် သင်ခန်းစာရည်မှန်းချက်များအား ပေါက်မြောက်စေရန်အတွက် ကွဲပြားသည့် သင်ယူမှုလုပ်ငန်းအမျိုးမျိုးကို အသုံးပြုသည်။ | |
| | ဆရာသည် အဓိကအချက်များအား အလေးပေးဖော်ပြသည့် သင်ခန်းစာ အဆုံးသတ်ဖြင့်ဖြစ်စေ ကျောင်းသားများအား မေးခွန်းမေးခွင့်ပြုသည့် သင်ခန်းစာအဆုံးသတ်ဖြင့်ဖြစ်စေ နှစ်ခုလုံးပြုလုပ်ခြင်းဖြင့် ဖြစ်စေ သင်ခန်းစာအား ခြုံငုံအဆုံးသတ်သည်။ | |
| **၃။ သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများ**<br><br>ဆရာသည် သင်ခန်းစာဆက်စပ် အကြောင်းအရာနှင့် ဆက်နွှယ်နေသည့် တန်ဖိုးနည်းပြီး ထိရောက်မှုရှိသည့် သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများအား အသုံးပြုသည်။ | ဆရာသည် သင်ခန်းစာ ဆက်စပ်အကြောင်းအရာနှင့် ဆက်နွှယ်နေသည့် တန်ဖိုးနည်းပြီး ထိရောက်မှုရှိသည့် သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများအား အသုံးပြုသည်။ | |
| | ဆရာသည် ကျောင်းသားများ၏ သင်ယူမှုအား အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက်များ (သို့မဟုတ်) ဆက်စပ်အကြောင်းအရာများ ရေးသားရန် သင်ပုန်း/ဝှိုက်ဘုတ်အား အသုံးပြုသည်။ | |

| | | |
|---|---|---|
| **၄။ သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းလမ်း**<br><br>ဆရာသည် သင်ခန်းစာသင်ကြားရန်အတွက် ကျောင်းသားများကို ၎င်းတို့ကိုယ်တိုင် လေ့လာသင်ယူသည့် နည်းလမ်းဖြင့် ချဉ်းကပ်သည့် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းနှင့် ကျား၊မ ရေးရာ အလေးပေး ဆောင်ရွက်သည့် ချဉ်းကပ်နည်းများကို အသုံးပြုသည်။ | ဆရာသည် သင်ခန်းစာအတွင်း သင်ကြားမှုလုပ်ငန်းအမျိုးအစား အမျိုးမျိုး (ဥပမာအားဖြင့် တစ်ဦးချင်းလုပ်ဆောင်ခြင်း၊ နှစ်ယောက်တစ်တွဲနှင့် အုပ်စုအလိုက်လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချလုပ်ငန်းများ) အစရှိသည်တို့ကို အသုံးပြုသည်။ ထိုသို့အသုံးပြုခြင်းကြောင့် ကျောင်းသားများအနေဖြင့် သင်ယူမှုရည်မှန်းချက်များအား ပြည့်မီရရှိမည် ဖြစ်သည်။ | |
| | ဆရာသည် ကျောင်းသားများအား သင်ခန်းစာသင်ကြားနေစဉ်အတွင်း တွေးတောစဉ်းစားရန်နှင့် ဆွေးနွေးရန် အချိန်ပေးသည်။ | |
| | ဆရာသည် ကျောင်းသားများနှင့်များအား အချိန်နှင့်အလေးပေးအာရုံစိုက်မှု တူညီစွာပေးခြင်းအပါအဝင် ကျား၊မ ရေးရာ အလေးပေးဆောင်ရွက်သည့် ချဉ်းကပ်နည်းကို သရုပ်ပြသင်ကြားသည်။ | |
| | ဆရာသည် ကျောင်းသားတစ်ဦးချင်းစီတိုင်း၏ သင်ယူမှုလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် သင်ကြားပို့ချခြင်းအား ခွဲခြားသတ်မှတ်သည်။ | |
| | ဆရာသည် မေးခွန်းဖြေဆိုရာတွင် အတန်းတစ်တန်းလုံး ပြိုင်တူဖြေဆိုစေခြင်းထက်စာလျှင် ဆန္ဒအလျောက်ဖြေဆိုမည့် ကျောင်းသားတစ်ဦးချင်းစီအား မေးမြန်းသည်။ | |
| **၅။ စစ်ဆေးအကဲဖြတ်ခြင်းအား အသုံးပြုပုံ**<br><br>ဆရာသည် ကျောင်းသားများသင်ယူမှုကို စောင့်ကြည့်လေ့လာရန် သင်ယူစဉ် စစ်ဆေးခြင်း နည်းလမ်းများအား အသုံးပြုသည်။ | ဆရာသည် ကျောင်းသားများ လုပ်ဆောင်နေသည်များအား လေ့လာရန်အတွက် အခန်းတွင်းလှည့်ပတ်ကြည့်ရှုသည်။ | |
| | ဆရာသည် သင်ခန်းစာ၏ အဓိကသဘောတရားအား နားလည်မှုရှိ/မရှိကို စစ်ဆေးရန်အတွက် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများအား အသုံးပြုမေးမြန်းသည်။ | |
| **၆။ ကျောင်းသားများနှင့် အပြန်အလှန် ဆက်ဆံရေး**<br><br>ဆရာသည် ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှုထက်သန်လာစေရန် အတွက် ရင်းနှီးပြီးနွေးထွေးမှုရှိသော အပြုအမူဖြင့် ဆက်ဆံပြောဆိုသည်။ | ဆရာသည် ကျောင်းသားအားလုံးနှင့် အပြန်အလှန်ဆက်ဆံပြောဆိုရာတွင် နွေးထွေးစွာ၊ ရင်းနှီးစွာ၊ လေးစားစွာ ဆက်ဆံပြောဆိုသည်။ | |
| | လိုအပ်ပါက ဆရာသည် ကျောင်းသားများ၏ အပြုအမူများအား တည့်မတ်ပေးရန်အတွက် အပြုသဘောဆောင်သည့် စည်းကမ်းထိန်းသိမ်းရေး နည်းလမ်းများအား အသုံးပြုသည်။ | |
| | ဆရာသည် ကျား/မ၊ စွမ်းရည်အဆင့်နှင့် သင်ယူမှုပုံစံမျိုးစုံတို့အား ကိုယ်စားပြုသည့် ကျောင်းသားအမျိုးမျိုးအား ၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို မျှဝေရန်နှင့် ၎င်းတို့ပြောဆိုလိုသည်များကို စိတ်ပါဝင်စားစွာနားထောင်ပေးရန် အခွင့်အလမ်းများ ပေးထားသည်။ | |

<table>
<tr><th colspan="3">ကျောင်းသားများ၏ အပြုအမူ</th></tr>
<tr><td rowspan="2">၁။ တက်ကြွစွာသင်ယူခြင်း<br><br>ကျောင်းသားများသည် သင်ယူမှု လုပ်ငန်းများတွင် ပါဝင်ကြပြီး တက်ကြွစွာ သင်ယူကြသည်။</td><td>ကျောင်းသားများသည် သင်ခန်းစာအတွက် သင်ယူမှုလုပ်ငန်းများ (ဥပမာ အားဖြင့် တစ်ဦးချင်းလုပ်ဆောင်ခြင်း၊ နှစ်ယောက်တစ်တွဲနှင့် အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချလုပ်ငန်းများ) တို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။</td><td></td></tr>
<tr><td>ကျောင်းသားများသည် ၎င်းတို့၏ အတန်းဖော်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။</td><td></td></tr>
<tr><td>၂။ အပြုသဘောဆောင်သည့် စိတ်နေစိတ်ထား</td><td>ကျောင်းသားများသည် သင်ယူမှုအတွက် စိတ်အားထက်သန်မှုအား သရုပ်ဖော်ပြသကြသည်။</td><td></td></tr>
<tr><td colspan="3">ဤနေရာတွင် သင်ခန်းစာ ကြည့်ရှုလေ့လာခြင်းနှင့်ပတ်သက်၍ သင်၏ မှတ်ချက်တစ်ခုခု ထည့်သွင်းပေးပါ။ သင့်အနေဖြင့် ဤသင်ခန်းစာတွင် မည်သည်တို့သည် ကောင်းမွန်စွာပြီးမြောက်ခဲ့သည်ဟု ယူဆပါသနည်း။ ဤသင်ခန်းစာတွင် မည်သည်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်နည်း။</td></tr>
</table>

# လက်ကမ်းစာစောင် (၄)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံရေးဆွဲခြင်း

ဤစာသင်နှစ်ဝက်မှ သင်ခန်းစာများကို ပြန်လည်သုံးသပ်ပြီး ညာဘက်ကော်လံနှစ်ခုကို ဖြည့်ပါ။ သင်ခန်းစာ (၄.၂.၁) – သင်ကြားရေးသီချင်းများ ရေးစပ်ခြင်းသည် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်၍ ထည့်သွင်းထားခြင်းဖြစ်ပြီး အခြေခံပညာ ပထမတန်းနှင့် ဒုတိယတန်းတို့တွင် သင်ကြားပို့ချရမည့် သင်ပြမှုပုံစံမဟုတ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

| သင်ခန်းစာ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှုလုပ်ငန်း အမျိုးအစားများကို အသုံးပြုခဲ့သနည်း။ (ဥပမာ – သရုပ်ပြ သင်ကြားခြင်း အစရှိသည်) | ပြင်ဆင်ရမယ့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၄.၁.၁။ မူလတန်းအဆင့် ရိုးရာအကများအတွက် သင်ကြားမှုနည်းလမ်းများ | • ဒုတိယတန်း အနုပညာ (ဂီတ) တွင် ပြဋ္ဌာန်းထားသော အကများကို စည်းဝါးဖြင့် စနစ်တကျ တွဲဖက်ကပြတတ်မည်။<br>• *ကဗျာလွတ်* အကများ၏ သိသာထင်ရှားသော အချက်များနှင့် အခြားရိုးရာအကများနှင့် မည်သို့ ဆက်စပ်ကြောင်း ဖော်ပြတတ်မည်။<br>• အခြေခံ *ကဗျာလွတ်* ကကွက်များကို စည်းဝါးကျစွာလှုပ်ရှား၍ မျက်နှာ အမူအရာတို့ဖြင့် ကပြတတ်မည်။<br>• မူလတန်းကျောင်းသားများအား အက သင်ပေးရန်အတွက် သင့်လျော်သော သင်ကြားမှုနည်းလမ်းများကို နားလည်ပြီး ဖော်ပြတတ်မည်။ | | |

| သင်ခန်းစာ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှုလုပ်ငန်းအမျိုးအစားများကို အသုံးပြုခဲ့သနည်း။ (ဥပမာ – သရုပ်ပြသင်ကြားခြင်း အစရှိသည်) | ပြင်ဆင်ရမယ့် သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၄.၂.၁။ သင်ကြားရေး သီချင်းများ ရေးစပ်ခြင်း | • သင်ကြားရေးသီချင်းတစ်ပုဒ် ဖန်တီးရန် လိုအပ်သည့်အဆင့်များကို သရုပ်ပြတတ်မည်။<br>• သီချင်းတစ်ပုဒ်အား မည်သို့ တည်ဆောက်ထားသည်နှင့် သီချင်း အသစ်တစ်ပုဒ် ရေးစပ်ရာတွင် တေးရေး ဆရာတစ်ယောက်တွင်ရှိသော ရွေးချယ်စရာများကို နားလည်လာမည်။<br>• ရှိပြီးသားတေးကဗျာတစ်ပုဒ်မှ စိတ်ကူး စိတ်သန်းရယူနည်းကို ဖော်ပြတတ်မည်။ ထို့နောက် အသစ်တစ်ခုကိုဖန်တီးရန် ပြင်ဆင်မွမ်းမံတတ်မည်။<br>• အတန်းဖော်များနှင့် ပူးပေါင်းဖန်တီး ထားသော မူရင်းသင်ကြားရေးသီချင်းကို သီဆိုတင်ဆက်တတ်မည်။ | | |
| ၄.၃.၁။ ဂီတတူရိယာအမျိုး အစားများ | • ရိုးရာနှင့် အနောက်တိုင်းတူရိယာ နှစ်ရပ်လုံးမှ ကွဲပြားသော ဂီတတူရိယာ အမျိုးအစားများကို ဖော်ပြတတ်မည်။<br>• မတူညီသော ဂီတတူရိယာများအပေါ် နားလည်သဘောပေါက်မှုကို ဖော်ပြတတ်မည်။<br>• မြန်မာ့ရိုးရာဂီတ တူရိယာများနှင့် အနောက်တိုင်း တူရိယာများ၏ တူညီမှုနှင့် ကွဲပြားခြားနားမှုများကို သိရှိလာမည်။ | | |

# လက်ကမ်းစာစောင် (၅)။ တတိယနှစ် ဒုတိယစာသင်နှစ်ဝက်၊ မူလတန်းအထူးပြု အနုပညာ (ဂီတ) သင်ပြမှုပုံစံလွှာ

| အတန်း – | နေ့စွဲ – | အချိန် – | ဆရာ – |
|---|---|---|---|
| **သင်ခန်းစာ** – (သင်၏ သင်ခန်းစာ အကြောင်းအရာ/ခေါင်းစဉ်က မည်သည်ဖြစ်သနည်း။) | | | |
| **ကျောင်းသားများကိုသိရှိခြင်း** –<br>(က) **ယခင်ရှိပြီးအသိပညာ** (ကျောင်းသားများ မည်သည်ကိုသိသနည်း။ မည်သည်ကိုလုပ်နိုင်သနည်း။)<br>(ခ) **ကျောင်းသား၏ သင်ယူမှုအထောက်အထားမှတ်တမ်း** (ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ပတ်သက်၍ သင်မည်သည်ကို စဉ်းစားရန်လိုသနည်း။) | | | |
| **သင်ယူမှုရည်ရွယ်ချက်** – (သင်ခန်းစာ၏ရည်ရွယ်ချက်က မည်သည်နည်း။ သင်မည်သည်ကို လုပ်ဆောင်ရန်ရည်ရွယ်ပါသနည်း။) | | | |
| **သင်ယူမှုရလဒ်များ** – (SMART သင်ယူမှုရလဒ်များ တည်ဆောက်ပါ။ ဤသင်ခန်းစာပြီးဆုံးလျှင် ကျောင်းသားများ မည်သည်ကို သိပြီး မည်သည်ကိုလုပ်နိုင်မည်နည်း။)<br><br>ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်တတ်မည် – | | | |

| |
|---|
| **အောင်မြင်မှုစံသတ်မှတ်ချက်များ** – (သင်ခန်းစာ၏ သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်ကြောင်းကို သင်နှင့်သင်၏ ကျောင်းသားများ မည်သို့သိရှိနိုင်မည်နည်း။ ဥပမာ – ၎င်းတို့သည် သင်္ချာပုစ္ဆာ (၁၀) ပုဒ်တွင် (၇) ပုဒ်ကို ဖြေရှင်းနိုင်မည်။ ၎င်းတို့သည် ပုံတွင် ပန်းတစ်ပွင့်၏ အစိတ်အပိုင်းများကို အမည်တပ်နိုင်မည်။) |
| **ချဉ်းကပ်သင်ကြားနည်း** – (သင်ခန်းစာသည် ဆရာဗဟိုပြုလား၊ ကျောင်းသားဗဟိုပြုလား၊ သို့မဟုတ် နှစ်ခုစလုံးလား။) |
| **သင်ကြား၊ သင်ယူမှုနည်းဗျူဟာများ** – (သင်ခန်းစာသည် စူးစမ်းလေ့လာမှုအခြေပြု၊ ပြဿနာအခြေပြု၊ စီမံချက်အခြေပြု ဖြစ်ပါသလား။ တိုက်ရိုက်သင်ကြားခြင်းလား။) |
| **သင်ကြား၊ သင်ယူမှုနည်းနှင့် နည်းလမ်းများ** – (သင်သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း၊ တွေး-တွဲ-မျှဝေခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အုပ်စုလုပ်ငန်း စသည်တို့ကို အသုံးပြုပါမည်လား။) |
| **သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ** – (အမြင်အာရုံ အထောက်အကူပစ္စည်းများ၊ အကြားအာရုံ အထောက်အကူ ပစ္စည်းများနှင့် နည်းပညာများပေါင်းစည်းမှု) – (သင်သည် စာရွက်၊ ပုံဆွဲပစ္စည်းများ၊ ကွန်ပျူတာများစသည် … လိုအပ်ပါသလား။) |

| **အဆင့်** | **သတ်မှတ်အချိန်**<br>(၄၅ မိနစ်) | **ဆရာလုပ်ငန်း**<br>(သင်မည်သည်ကို လုပ်ဆောင်မည်နည်း။) | **ကျောင်းသား လုပ်ငန်း**<br>(ကျောင်းသားများ မည်သည်ကို လုပ်ဆောင်မည်နည်း။) | **လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ခြင်း**<br>(ကျောင်းသားများ၏ လိုအပ်ချက်များအလိုက် ဖြည့်ဆည်းနိုင်ရန်အတွက် သင်ကြားသင်ယူမှုများကို လိုအပ်ချက်အလိုက် မည်သို့ ပြောင်းလဲ လုပ်ဆောင်နိုင်မည်နည်း။) |
|---|---|---|---|---|
| **နိဒါန်း**<br>(ကျောင်းသား၏ အာရုံစူးစိုက်မှုကိုရရှိရန်၊ ကြိုတင်သင်ယူထားမှုနှင့် ဆက်စပ်ရန်၊ ရည်ရွယ်ထားသည့် သင်ယူမှုရလဒ်နှင့် အောင်မြင်မှုစံသတ်မှတ်ချက်များကို ဆက်သွယ်ရန် မည်သို့ ဆောင်ရွက်မည်နည်း။) | | | | |
| **သင်ခန်းစာကိုယ်ထည်ပိုင်း**<br>(သင်ခန်းစာ၏ ကိုယ်ထည်ပိုင်း ကွဲပြားခြားနားသောအဆင့်များ ရှိသလား။ ဥပမာ – ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ၊ လမ်းညွှန်ပြထားသော အလေ့အကျင့်၊ လွတ်လပ်စွာဆောင်ရွက်မှု အလေ့အကျင့်) | | | | |
| **ပြန်လည်ဆန်းစစ်ခြင်း**<br>(ကျောင်းသား၏ သင်ယူမှုရလဒ်ရရှိမှုကို မည်သို့ အကဲဖြတ်မည်နည်း၊ ကျောင်းသားများ၏ ပြန်လည်သုံးသပ်မှုကို မည်သို့ပံ့ပိုးပေးမည်နည်း။) | | | | |

**ဆရာအကဲဖြတ်သုံးသပ်ခြင်း –** (အကဲဖြတ်ရန် မေးခွန်းများစီစဉ်ပါ။ သင်ကြားပြီးနောက် ဤအပိုင်းကိုဖြည့်ပါ။)

ဥပမာ –

၁။ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားအားလုံးက နားလည်သဘောပေါက်ပြီး ပြည့်မီအောင် ဆောင်ရွက်နိုင်မှုရှိပါသလား။ သင်ယူမှုရလဒ်များသည် ကျောင်းသားများ၏ တတ်မြောက်မှုအဆင့်နှင့် ဆီလျော်မှု ရှိပါသလား။ ပေးထားသော အချိန်ခွဲဝေမှုအတွင်း သင်ယူမှုရလဒ်များကို အမှန်တကယ်ရယူနိုင်ပါသလား။

၂။ သင်ကြား၊ သင်ယူမှုနည်းဗျူဟာများ/နည်းလမ်းများသည် မည်မျှထိရောက်မှုရှိပါသနည်း။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များသည် ထိရောက်မှုမည်မျှရှိပါသနည်း။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းများ တုံ့ပြန်အကြံပြုချက်များ ပေးနိုင်သည့် အခွင့်အလမ်းများသည် ထိရောက်မှုမည်မျှရှိပါသနည်း။

၃။ ကျောင်းသား၏ သင်ယူမှုကို မြှင့်တင်ရန် နောက်တစ်ကြိမ်တွင် သင်မည်သည်ကို လုပ်ဆောင်မည်နည်း။

# လက်ကမ်းစာစောင် (၆)။ အနုပညာ (ဂီတ) သင်ခန်းစာ လေ့လာခြင်း အချင်းချင်း စူးစမ်းမှုပုံစံလွှာ

**ညွှန်ကြားချက်များ** – သရုပ်ပြသင်ကြားခြင်း သင်ခန်းစာအတွင်း၌ သင်ကြည့်ရှုလေ့လာခဲ့သည့် အချက်များအား (✓) အမှန်ခြစ်ပါ။ အကယ်၍ သင့်အနေဖြင့် ဖော်ပြထားသည့်အပြုအမူအား မတွေ့ရှိပါက အကွက်အား အလွတ်ချန်ထားခဲ့ပါ။

| ဆရာ၏ အပြုအမူ | | |
|---|---|---|
| **၁။ ဘာသာရပ်ပိုင်းဆိုင်ရာ အသိပညာ**<br><br>ဆရာသည် ဘာသာရပ်ပိုင်းဆိုင်ရာ အကြောင်းအရာအပေါ် နက်နဲသော နားလည်မှုနှင့် ပြည့်စုံစွာတတ်ကျွမ်းမှုတို့အပေါ် အခြေခံ၍ ဆီလျော်ရာ ဘာသာရပ် ဆက်စပ်အကြောင်းအရာကို သင်ကြားနိုင်စွမ်းရှိသည်။ | သင်ခန်းစာအတွင်း သင်ကြားခဲ့သည့် အချက်အလက်များသည် တိကျပြီး မှန်ကန်မှုရှိသည်။ | |
| | သင်ခန်းစာအတွင်း သင်ကြားခဲ့သည့် အချက်အလက်များမှာ သင်ခန်းစာရည်မှန်းချက်များကို ပေါက်မြောက်စေရန်အတွက် လိုအပ်သော အရေးကြီး အချက်အလက်များအပေါ် အလေးပေးထားသည်။ သင်ခန်းစာတွင် အာရုံပြောင်းစေနိုင်သော (သို့မဟုတ်) မသက်ဆိုင်သော အသေးစိတ်အချက်များ မပါဝင်ပါ။ | |
| **၂။ သင်ခန်းစာပုံစံ**<br><br>ဆရာသည် ကျောင်းသားများအား ၎င်းတို့ကိုယ်တိုင် လေ့လာသင်ယူသည့်နည်းဖြင့် ချဉ်းကပ်နိုင်သည့် သင်ယူသူဗဟိုပြု သင်ခန်းစာတစ်ရပ်အား ပုံစံချ ရေးဆွဲနိုင်စွမ်းရှိသည်။ | ဆရာက ကျောင်းသားများ၏ စိတ်ဝင်စားမှုအပေါ်၌ သော်လည်းကောင်း၊ သင်ခန်းစာမိတ်ဆက်တွင် ယခင်သင်ယူခဲ့သည်များနှင့် အသိပညာများကို ဆက်စပ်ပေးခြင်းဖြင့်သော်လည်းကောင်း၊ နှစ်ခုစလုံးပြုလုပ်ပေးခြင်းဖြင့်သော်လည်းကောင်း ချဉ်းကပ် သင်ကြားသည်။ | |
| | ဆရာသည် ကျောင်းသားများအနေဖြင့် သင်ခန်းစာရည်မှန်းချက်များအား ပေါက်မြောက်စေရန်အတွက် ကွဲပြားသည့် သင်ယူမှု လုပ်ငန်းအမျိုးမျိုးကို အသုံးပြုသည်။ | |
| | ဆရာသည် အဓိကအချက်များအား အလေးပေးဖော်ပြသည့် သင်ခန်းစာအဆုံးသတ်ဖြင့်ဖြစ်စေ ကျောင်းသားများအား မေးခွန်းမေးခွင့်ပြုသည့် သင်ခန်းစာအဆုံးသတ်ဖြင့်ဖြစ်စေ နှစ်ခုလုံးပြုလုပ်ခြင်းဖြင့် ဖြစ်စေ သင်ခန်းစာအား ခြုံငုံအဆုံးသတ်သည်။ | |
| **၃။ သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများ**<br><br>ဆရာသည် သင်ခန်းစာ ဆက်စပ် အကြောင်းအရာနှင့် ဆက်နွှယ်နေသည့် တန်ဖိုးနည်းပြီး ထိရောက်မှုရှိသည့် သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများအား အသုံးပြုသည်။ | ဆရာသည် သင်ခန်းစာ ဆက်စပ်အကြောင်းအရာနှင့် ဆက်နွှယ်နေသည့် တန်ဖိုးနည်းပြီး ထိရောက်မှုရှိသည့် သင်ကြားရေးနှင့်သင်ယူရေး အထောက်အကူပစ္စည်းများအား အသုံးပြုသည်။ | |
| | ဆရာသည် ကျောင်းသားများ၏ သင်ယူမှုအား အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက်များ (သို့မဟုတ်) ဆက်စပ်အကြောင်းအရာများ ရေးသားရန် သင်ပုန်း/ပို့က်ဘုတ်အား အသုံးပြုသည်။ | |

| | | |
|---|---|---|
| **၄။ သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းလမ်း**<br><br>ဆရာသည် သင်ခန်းစာသင်ကြားရန် အတွက် ကျောင်းသားများကို ၎င်းတို့ ကိုယ်တိုင် လေ့လာသင်ယူသည့် နည်းလမ်းဖြင့် ချဉ်းကပ်သည့် သင်ယူသူ ဗဟိုပြုချဉ်းကပ်နည်းနှင့် ကျား၊မ ရေးရာ အလေးပေးဆောင်ရွက်သည့် ချဉ်းကပ် နည်းများကို အသုံးပြုသည်။ | ဆရာသည် သင်ခန်းစာအတွင်း သင်ကြားမှုလုပ်ငန်း အမျိုးအစားအမျိုးမျိုး (ဥပမာအားဖြင့် တစ်ဦးချင်းလုပ်ဆောင်ခြင်း၊ နှစ်ယောက်တစ်တွဲနှင့် အုပ်စုအလိုက်လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချ လုပ်ငန်းများ) အစရှိတို့ကို အသုံးပြုသည်။ ထိုသို့အသုံးပြုခြင်းကြောင့် ကျောင်းသားများအနေဖြင့် သင်ယူမှုရည်မှန်းချက်များအား ပြည့်မီ ရရှိမည်ဖြစ်သည်။ | |
| | ဆရာသည် ကျောင်းသားများအား သင်ခန်းစာသင်ကြားနေစဉ်အတွင်း တွေးတောစဉ်းစားရန်နှင့် ဆွေးနွေးရန်အချိန်ပေးသည်။ | |
| | ဆရာသည် ကျောင်းသားများနှင့် များအား အချိန်နှင့်အလေးပေး အာရုံစိုက်မှု တူညီစွာပေးခြင်းအပါအဝင် ကျား၊မ ရေးရာ အလေးပေး ဆောင်ရွက်သည့် ချဉ်းကပ်နည်းကို သရုပ်ပြသင်ကြားသည်။ | |
| | ဆရာသည် ကျောင်းသားတစ်ဦးချင်းစီတိုင်း၏ သင်ယူမှုလိုအပ်ချက် များကို ဖြေရှင်းပေးနိုင်ရန်အတွက် သင်ကြားပို့ချခြင်းအား ခွဲခြား သတ်မှတ်သည်။ | |
| | ဆရာသည် မေးခွန်းဖြေဆိုရာတွင် အတန်းတစ်တန်းလုံး ပြိုင်တူဖြေဆို စေခြင်းထက်စာလျှင် ဆန္ဒအလျောက်ဖြေဆိုမည့် ကျောင်းသား တစ်ဦးချင်းစီအား မေးမြန်းသည်။ | |
| **၅။ စစ်ဆေးအကဲဖြတ်ခြင်းအားအသုံးပြုပုံ**<br><br>ဆရာသည် ကျောင်းသားများသင်ယူမှုကို စောင့်ကြည့်လေ့လာရန် သင်ယူစဉ် စစ်ဆေးခြင်း နည်းလမ်းများအား အသုံးပြုသည်။ | ဆရာသည် ကျောင်းသားများ လုပ်ဆောင်နေသည်များအား လေ့လာရန်အတွက် အခန်းတွင်း လှည့်ပတ်ကြည့်ရှုသည်။ | |
| | ဆရာသည် သင်ခန်းစာ၏ အဓိကသဘောတရားအား နားလည်မှု ရှိ/မရှိကို စစ်ဆေးရန်အတွက် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများအား အသုံးပြုမေးမြန်းသည်။ | |
| **၆။ ကျောင်းသားများနှင့် အပြန်အလှန် ဆက်ဆံရေး**<br><br>ဆရာသည် ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှု ထက်သန်လာစေရန် အတွက် ရင်းနှီးပြီးနွေးထွေးမှုရှိသော အပြုအမူဖြင့် ဆက်ဆံပြောဆိုသည်။ | ဆရာသည် ကျောင်းသားအားလုံးနှင့် အပြန်အလှန်ဆက်ဆံပြောဆို ရာတွင် နွေးထွေးစွာ၊ ရင်းနှီးစွာ၊ လေးစားစွာ ဆက်ဆံပြောဆိုသည်။ | |
| | လိုအပ်ပါက ဆရာသည် ကျောင်းသားများ၏အပြုအမူများအား တည့်မတ်ပေးရန်အတွက် အပြုသဘောဆောင်သည့် စည်းကမ်း ထိန်းသိမ်းရေး နည်းလမ်းများအား အသုံးပြုသည်။ | |
| | ဆရာသည် ကျား/မ၊ စွမ်းရည်အဆင့်နှင့် သင်ယူမှုပုံစံမျိုးစုံတို့အား ကိုယ်စားပြုသည့် ကျောင်းသားအမျိုးမျိုးအား ၎င်းတို့၏ စိတ်ကူး အကြံဉာဏ်များကို မျှဝေရန်နှင့် ၎င်းတို့ပြောဆိုလိုသည်များကို စိတ်ပါ ဝင်စားစွာနားထောင်ပေးရန် အခွင့်အလမ်းများ ပေးထားသည်။ | |

| ကျောင်းသားများ၏ အပြုအမူ | | |
|---|---|---|
| **၁။ တက်ကြွစွာသင်ယူခြင်း**<br><br>ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ကြပြီး တက်ကြွစွာသင်ယူကြသည်။ | ကျောင်းသားများသည် သင်ခန်းစာအတွက် သင်ယူမှုလုပ်ငန်းများ (ဥပမာအားဖြင့် တစ်ဦးချင်းလုပ်ဆောင်ခြင်း၊ နှစ်ယောက်တစ်တွဲနှင့် အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့အသုံးချလုပ်ငန်းများ) တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ | |
| | ကျောင်းသားများသည် ၎င်းတို့၏ အတန်းဖော်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။ | |
| **၂။ အပြုသဘောဆောင်သည့် စိတ်နေစိတ်ထား** | ကျောင်းသားများသည် သင်ယူမှုအတွက် စိတ်အားထက်သန်မှုအား သရုပ်ဖော်ပြသကြသည်။ | |
| ဤနေရာတွင် သင်ခန်းစာ ကြည့်ရှုလေ့လာခြင်းနှင့်ပတ်သက်၍ သင်၏မှတ်ချက်တစ်ခုခု ထည့်သွင်းပေးပါ။ သင့်အနေဖြင့် ဤသင်ခန်းစာတွင် မည်သည်တို့သည် ကောင်းမွန်စွာပြီးမြောက်ခဲ့သည်ဟု ယူဆပါသနည်း။ ဤသင်ခန်းစာတွင် မည်သည်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်နည်း။ | | |

# မှတ်စုများ

## မှတ်စုများ

## မှတ်စုများ

ယူနက်စကို မြန်မာစီမံကိန်းရုံး

ယူနက်စကို မြန်မာစီမံကိန်းရုံး